မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၂၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့တွင်ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မိုင်သရီပါလဆီရိစီနာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ စာမျက်နှာ ၃ ကော်လံ ၅ ✻

အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အရေးပါ

နေပြည်တော် ဖေဖော်ဝါရီ ၃

စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထိုသို့ပြောကြားရာတွင် ယခုကဲ့သို့ စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် စကားပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ပြည်တွင်းပြည်ပမှ အချိန်ပေးပြီး စိတ်အားထက်သန်စွာဖြင့် တက်ရောက်ဆွေးနွေးကြမည့် သိပ္ပံပညာရှင်များ၊ အတွေ့အကြုံဗဟုသုတကြွယ်ဝသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအားလုံးကို မြန်မာနိုင်ငံအစိုးရအနေဖြင့် ကြိုဆိုပါကြောင်း။

ယခုနှစ် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်တွင် အဓိကထားဆွေးနွေးမည့် အကြောင်းအရာများမှာ သဘာဝသယံဇာတများနှင့် စာမျက်နှာ ၈ ကော်လံ ၁ ❒

ပြန်လည်တူးဖော်နေသော ရှေးနှစ်ပေါင်းများစွာက သမိုင်းတစ်ခေတ် ပန်းလှိုင်မြစ်

သတင်းဆောင်းပါး-မျိုးမင်းသိန်း(မရမ်းကုန်း)

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ "ပန်းလှိုင်ဂေါက်ကွင်း" "ပန်းလှိုင်ဆေးရုံ" ဟူ၍ ပန်းလှိုင်မြစ်ကို အစွဲပြုမှည့်ခေါ်ထားကြသည်များကို ပြည်သူအများသိရှိနိုင်ကြပါလိမ့်မည်။ တစ်ခေတ်တစ်ခါ ရှေးနှစ်ပေါင်းများစွာက ပန်းလှိုင်မြစ်သည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မယ်ဇလီ၊ ဒလကျေးရွာမှ ခတ္တိယကျေးရွာအထိ ၈ ဒသမ ၆၂ မိုင်ခန့်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခတ္တိယကျေးရွာမှ ရန်ကုန်မြို့ လှိုင်မြစ်ဝအထိ ၂၅ ဒသမ ၅မိုင် စုစုပေါင်း ၃၄ ဒသမ ၄ မိုင်ခန့် ရှည်လျားသော မြစ်တစ်စင်းဖြစ်ကြောင်း၊ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီးလက်ထက် မြစ်ကြောင်းတစ်လျှောက်တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားရာတွင် စစ်ချီရာ အဓိကရေလမ်းကြောင်းသည်လည်း ပန်းလှိုင်မြစ်ဖြစ်ကြောင်း သိရှိရသည်။

ကိုလိုနီခေတ် ညောင်တုန်းမြို့ပိုင် ဝန်ထောက်မင်း ဆရာသိပ္ပံမောင်ဝ အမှတ်တင်ရေးသားထားသော အတွေ့အကြုံများမှာလည်း စာမျက်နှာ ၉ ကော်လံ ၁ ❊

ယနေ့ မာတိကာ

တွဲလက်ညီစို့ နှောင်ညီတို့ — ကဗျာ စာမျက်နှာ » ၂

အိန္ဒိယကျောင်းတစ်ကျောင်း၌ ငွေနှင့်ရွှေချောင်းများတွေ့ စာမျက်နှာ » ၄

FAMILY MANDALAR TRAVEL & MEDICAL TOURISM

THE WORLD MEDICAL CENTER
by Bangkok Chain Hospital PCL

INSTITUT JANTUNG NEGARA
National Heart Institute

APOLLO GENERAL HOSPTIAL

No.170/176,New Aye yar Hotel (1st Floor)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဥပဒေကို လေးစားလိုက်နာပါ

တည်ဆဲဥပဒေများသည် ပြည်သူတစ်ရပ်လုံးအတွက် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေး အကာအကွယ်ပေးထားသည်။ ခိုး၊ ဆိုး၊ လုယက်၊ သတ်ဖြတ်မှုများ၊ မသမာမှုများမဖြစ်ပွားစေရေး အတွက် တည်ဆဲဥပဒေများက အကာအကွယ်ပေးထားခြင်း ဖြစ်ပါသည်။ ဥပဒေကို လူတိုင်းလေးစားလိုက်နာကြခြင်းဖြင့် တရားဥပဒေစိုးမိုးလျက် တည်ငြိမ်အေးချမ်းသော ကျေးလက်ဒေသ၊ တည်ငြိမ်အေးချမ်းသောမြို့ပြ၊ တည်ငြိမ်အေးချမ်းသောဒေသများအဖြစ် တည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ၇၃၅၁၀၇၅ ဦး နေထိုင်လျက်ရှိပြီး ရဲတပ်ဖွဲ့နှင့် ပြည်သူ (၁အချိုး ၁၂၂၈) အချိုးနှုန်းဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အနေဖြင့် တိုင်းဒေသကြီးအတွင်းဖြစ်ပွားသော ဖြစ်စဉ်များအပေါ် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးဦးစီး၍ ခရိုင်လေးခရိုင်မှ ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ် ၄၄ မြို့နယ်မှ ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ အထူးအဖွဲ့များမှ တပ်ခွဲမှူးများ၊ တပ်စုမှူးများကို တွေ့ဆုံကာ မှုခင်းဖြစ်စဉ်အပေါ်မူတည်၍ ရေတိုအစီအမံများ၊ တည်မြဲစီမံချက်များကို အခါမလပ်သုံးသပ်၍ လူသတ်မှု၊ လုယက်မှု၊ လူအုပ်စုဖြင့်ကျူးလွန်သော မှုခင်းဖြစ်စဉ်များကို ထိန်းချုပ်နိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများဖြင့် နယ်မြေစိုးမိုးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မှုခင်းဖြစ်ပွားစေနိုင်သည့် လောင်းကစား၊ လက်နက်ပုန်း၊ ယစ်မျိုး၊ ပြည့်တန်ဆာ၊ မူးယစ်ဆေးဝါး၊ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ၊ ရဲအက်ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၄၊ အရေးပေါ်စီမံမှုအက်ဥပဒေ၊ ဆင်ဆာမဲ့ဗီဒီယိုခွေများဖမ်းဆီးမှုစသည့် ကြိုတင်ကာကွယ်မှု (၁၀) မျိုးကို အရှိန်အဟုန်ဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပွားခဲ့သော လူသတ်မှုနှင့် လုယက်မှုအခြေအနေတို့ကို စိစစ်ရာ ၂၀၁၁ ခုနှစ်တွင် လူသတ်မှု ၁၅၅ မှုဖြစ်ပွားခဲ့ရာ ၁၄၆ မှုတရားစွဲတင်နိုင်ခဲ့ပြီး လုယက်မှု ၄၇ မှု ဖြစ်ပွားရာ ၃၂ မှုတရားစွဲတင်နိုင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် လူသတ်မှု ၁၆၄ မှုဖြစ်ပွားခဲ့ရာ ၁၅၆ မှု တရားစွဲတင်နိုင်ခဲ့ပြီး လုယက်မှု ၃၀ ဖြစ်ပွားရာ ၂၆ မှု တရားစွဲတင်နိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် လူသတ်မှု ၁၃၀ ဖြစ်ပွားခဲ့ရာ ၁၂၁ မှုတရားစွဲတင်နိုင်ခဲ့ပြီး လုယက်မှု ၃၃ မှုဖြစ်ပွားရာ ၂၅ မှု တရားစွဲတင်နိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် လူသတ်မှု ၁၈၆ မှုဖြစ်ပွားခဲ့ရာ ၁၇၂ မှုတရားစွဲတင်နိုင်ခဲ့ပြီး လုယက်မှု ၄၈ မှုဖြစ်ပွားရာ ၃၅ မှုတရားစွဲတင်နိုင်ခဲ့ပါသည်။ ဤအချက်များကို ဆန်းစစ်ခြင်းအားဖြင့် ၂၀၁၄ ခုနှစ်သည် လေးနှစ်အတွင်း လူသတ်မှုအများဆုံးဖြစ်ကြောင်း တွေ့နိုင်ပေသည်။

"ဥပဒေကို လေးစားလိုက်နာပါ" ဟု ဆိုရာတွင် တရားရေးဝန်ထမ်းများနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအပြင် ပြည်သူတစ်ရပ်လုံးတွင်လည်း တာဝန်ရှိပါသည်။ တစ်နည်းအားဖြင့် ဥပဒေအထက်တွင် မည်သူမျှမရှိစေရဟူသည့်အတိုင်း အဂတိတရားကင်းရှင်းစွာဖြင့် ဥပဒေအရ ပြတ်ပြတ်သားသား ဆောင်ရွက်ရန်လိုအပ်ပါသည်။ အပြစ်ရှိသူတရားခံအား ထိုက်သင့်သောပြစ်ဒဏ်မချနိုင်လျှင် ထိုသူသည် ဥပဒေကို လိုက်နာတော့မည်မဟုတ်ပါ။ ဥပဒေကိုလိုက်နာမှုအားနည်းရခြင်းမှာ ဆင်ခြင်တုံတရားမဲ့ခြင်းနှင့် ပညာမဲ့ခြင်းတို့ကြောင့်ပင်ဖြစ်သည်။ အသိတရားကိုလက်ကိုင်ထားပြီး ဥပဒေကို လေးစားမှသာ ဘဝအေးချမ်းနိုင်ပါသည်။ သို့ပါ၍ တည်ငြိမ်အေးချမ်းသော၊ တရားဥပဒေညီမျှသော လူမှုအသိုက်အဝန်း တည်ဆောက်နိုင်ရန် ဥပဒေကို အားလုံးက လေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စည်းကမ်းရှိဖို့လို

လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။

(၁၉၄၇ခု၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင်ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုကဗျာ

တွဲလက်ညီစို့ နှောင်ညီတို့

❖ ဥဒေါင်းပျို ခြေကိုကြွလို့
ကဟန်နဲ့ တင့်တယ်စွာ။
တောတောင်တွေ စိမ်းမြမြ
လှပထည်ဝါ။
ပြည်မြန်မာ
စည်ပါဘိ ရှုမညောင်း။
ကချင် ကယား ကရင် ချင်းရယ်နဲ့
တိုင်းရင်းသား စုံညီပါဘိ
ဗမာ မွန် ရခိုင် ရှမ်းတို့
စိတ်ဝမ်းညီ ပြည်ထောင်တွင်းမှာဖြင့်
မီးတင်းကာ နေထိုင်ကြ
ကာလ ရှည်ညောင်း။
❖ တို့နိုင်ငံ ကျွန်အဖြစ်ရယ်နဲ့
နှံနစ်ခဲ့ရဖူးပေ။
နယ်ချဲ့ဉာဏ် အကြံရိုင်း
သမိုင်းသက်သေ။
ခေါင်းငုံ့လို့ မခံပေ
မြန်မာတွေ တစ်ပြည်လုံး။
တိုင်းရင်းသား ပြည်သူတို့
ရိုင်းပင်းအား ညီတူလို့
ကျူးကျော်သူ အမြစ်ပြတ်အောင်
တိုက်ထုတ်ချေမှုန်း။
❖ အထွတ်အမြတ် သွေးတွေနဲ့
လွတ်လပ်ရေး ရဖို့ရန်
ရည်သန်စိတ်အတူထား။
ပင်လုံမြေ အခြေပြု
စုစည်းတဲ့ အား။
❖ လွတ်လပ်တဲ့ မြန်မာပြည်
ကမ္ဘာအရှည် တည်စေဖို့။
မငြိးစရာ ပမာပြုရလျှင်ဖြင့်
အသီးတစ်ရာ အညှာတစ်ခုရယ်လို့
ရှေးရှုကာ မခွဲတစ်သက်
တွဲလက်ညီစို့။

စိုးမိုး(ပုသိမ်)

ပြည်ထောင်စုဖွား တိုင်းရင်းသား လက်တွဲညီညီ ရှေ့သို့ချီ

ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို ထူးမြတ်သစ္စာ စာကြည့်တိုက်ဖွင့်

ဘားအံ ဖေဖော်ဝါရီ ၃

ကရင်ပြည်နယ် ဘားအံမြို့နယ် ထောင်ကလပ်ကျေးရွာအုပ်စု (ထူးဂုဏ်)ကမော့ညောကျေးရွာ ထူးမြတ်သစ္စာ ပြည်သူ့စာကြည့်တိုက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ထူးမြတ်သစ္စာ စာကြည့်တိုက်အား ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ခင်စောလင်း၊ ပြည်နယ်ပညာရေးလက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)ဦးထင်ကျေး၊ ကရင်ပြည်နယ် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစောတင်မောင်စိန်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောဝေမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထူးမြတ်သစ္စာပြည်သူ့စာကြည့်တိုက်ကို ပြည်နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက ဦးဆောင်၍ ကျေးရွာမှ ငွေကျပ်သိန်း ၁၀၀ အကုန်အကျခံကာ ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်**

အခြေခံစာကြည့်တိုက် ပညာဆင့်ပွားသင်တန်းဖွင့်

ခန္တီး ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ရည်ရွယ်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံစာကြည့်တိုက်ပညာ (ဆင့်ပွား) သင်တန်းကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၇၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၆၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၆၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၆၄၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၆၂၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၅၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၈၇၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၆-၁၀၃၀
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅-၇၈၀
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၅၈၀၀-၁၆၂၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၀၀
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၆၀-၃၃၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၇၅၀-၂၇၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၅၀၀-၁၅၂၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၅၀-၆၀၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၀၀-၂၇၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၂၀၀-၅၆၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ/တင်ပြသည်။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(ယာဉ်)**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာရောဘတ်ချူဗှာလည်း တက်ရောက်သည်။

(သတင်းစဉ်)

ပူးတွဲသတင်းထုတ်ပြန်ချက်

စီးပွားဆက်ဆံမှုပိုမိုခိုင်မာစေရေးအတွက် စင်ကာပူ-မြန်မာ ဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီလုပ်ငန်းများပြန်လည်စတင်မည်

၁။ စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် နှစ်နိုင်ငံဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီ၏ လုပ်ငန်းများကို ယခုနှစ်တွင် ပြန်လည်စတင်မည်ဖြစ်ပါသည်။

၂။ နှစ်နိုင်ငံဝန်ကြီးအဆင့် ပူးပေါင်းကော်မတီကို နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် စီးပွားရေးအခွင့်အလမ်းသစ်များ ပိုမိုဖြစ်ထွန်းစေရေးအတွက် ၁၉၉၅ ခုနှစ်တွင် ထူထောင်ခဲ့ပါသည်။ ပြန်လည်ဆောင်ရွက်မည့် ပူးပေါင်းကော်မတီသည် (က) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ (ခ) ဘဏ္ဍာရေးနှင့် (ဂ) ဥပဒေဆိုင်ရာစသည့်ကဏ္ဍသုံးရပ်တွင် အဓိကထား၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စင်ကာပူနိုင်ငံမှ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Mr.Lim Hng Kiang နှင့် မြန်မာနိုင်ငံမှ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်တို့က ဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီ၏ သဘာပတိများအဖြစ် တွဲဖက်ဆောင်ရွက်ကြမည်။ ဤသို့ ဆောင်ရွက်မည့် အစီအစဉ်ကို စင်ကာပူနိုင်ငံ၏ ဝါရင့်ဝန်ကြီး ဂိုချောက်တောင်၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ မြန်မာနိုင်ငံသို့လာရောက်သည့် နေပြည်တော်ခရီးစဉ်အတွင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ နှစ်နိုင်ငံ အရာရှိများသည် အစည်းအဝေးများကျင်းပရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ စင်ကာပူနှင့်မြန်မာနိုင်ငံတို့သည် စီးပွားရေးချိတ်ဆက်မှုအားကောင်းပြီး နှစ်နိုင်ငံကုန်သွယ်မှုမှာလည်း လွန်ခဲ့သည့်နှစ်များအတွင်း ပုံမှန်တိုးတက်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်တွင် နှစ်နိုင်ငံနှစ်အလိုက် ကုန်သွယ်မှုတိုးတက်မှုမှာ ၆ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ပြီး ကုန်သွယ်မှုပမာဏ စင်ကာပူဒေါ်လာ ၃ ဒသမ ၂၃ ဘီလီယံရှိခဲ့ပါသည်။ မြန်မာနိုင်ငံသည် စင်ကာပူနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများတွင် အဆင့် ၈ နေရာတက်ခဲ့ပြီး စင်ကာပူနိုင်ငံ၏ အများဆုံးကုန်သွယ်ဖက်နိုင်ငံအဆင့် ၂၉ သို့ ရောက်ရှိခဲ့ပါသည်။ ထိုနည်းတူပင် စင်ကာပူနိုင်ငံသည် ၂၀၁၃ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံ၏ တတိယအများဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပါသည်။ စင်ကာပူနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ တတိယအကြီးဆုံးနိုင်ငံခြား ရင်းနှီးမြှုပ်နှံသူဖြစ်ခဲ့ပြီး စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံရှိပါသည်။ စင်ကာပူနိုင်ငံမှ ကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများနှင့် အိမ်ရာဆောက်လုပ်မှုလုပ်ငန်းများတွင် အများအပြားရင်းနှီးမြှုပ်နှံလျက်ရှိကြပါသည်။

စင်ကာပူ-မြန်မာ ဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီ

✻ ***ရှေ့ဖုံးမှ***

အလားတူ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရာနေးလ်ဝစ်ခ်ရီမီဆင်းဟီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သီရိလင်္ကာနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး မစ္စတာ မန်ဂါလာဆာမာရာဝီရထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ ဂုဏ်ပြု ကတ္တရာလမ်းဖွင့်ပွဲ ကျင်းပ

မြိုင် ဖေဖော်ဝါရီ ၃

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ အမှတ်(၂)ရပ် ငှက်ပျောတွင်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါလမ်းထိပ်ရှိ မုခ်ဦး၌ ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းက အမှာစကားပြောကြားသည်။

အဆိုပါလမ်းသည် အလျားပေ ၁၂၅၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေကျပ်သိန်း ၆၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည်။

စိန်မြိုင်(မြိုင်)

◆ ***ကျောဖုံးမှ***

ကစားသမားကောင်းများ ပိုင်ဆိုင်ထားသည့် အသင်းကောင်းတစ်သင်းဟု မိမိတို့သိရှိထားကြောင်း၊ ယခုပွဲစဉ်မှာ လွန်စွာခက်ခဲမည်ဖြစ်ကြောင်း၊ မိမိတို့အသင်း အနေဖြင့်လည်း ရတနာပုံအသင်းကို ကျော်ဖြတ်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတကာသတင်း

အိန္ဒိယကျောင်းတစ်ကျောင်း၌ ငွေနှင့်ရွှေချောင်းများတွေ့

နယူးဒေလီ ဖေဖော်ဝါရီ ၃

အိန္ဒိယနိုင်ငံရှိ ကျောင်းတစ်ကျောင်း၌ သန့်ရှင်းရေးပြုလုပ်စဉ် ပြည်တွင်းသုံးငွေကြေးများနှင့် ရွှေချောင်းများ တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ပြည်တွင်းသုံးငွေကြေးများနှင့် ရွှေချောင်းများကို အာမက်ဒဘတ်မြို့ အနောက်ပိုင်း ကျောင်းတစ်ကျောင်းရှိ ကျောင်းဗီရိုများ အတွင်းမှတွေ့ရှိကြောင်း အိန္ဒိယဝက်ဘ်ဆိုက်သတင်းတွင်ဖော်ပြသည်။

၎င်းငွေကြေးနှင့် ပစ္စည်းများကို ကျောင်းဝန်ထမ်းများအသုံးမပြုဘဲထားသည့် ဖွင့်ရန်သော့မရှိသောဗီရိုများအတွင်း၌ တွေ့ရှိခဲ့သည်ဟုဆိုသည်။ ဗီရိုတစ်ခုအတွင်း ရူပီး ၁၀ သန်း၊ (အမေရိကန် ဒေါ်လာ၁၆၀၀၀၀)နှင့် အခြားဗီရိုတစ်ခုအတွင်း ရွှေချောင်း ၂ ကီလိုဂရမ် (၄ ဒသမ ၄)ပေါင် ကျော်တွေ့ရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ ရွှေချောင်းများသည် ကာလတန်ဖိုး ရူပီးခြောက်သန်းဖိုးခန့် ရှိသည်ဟု ဆိုသည်။

သို့ရာတွင် လွန်ခဲ့သည့်နှစ်နှစ်အတွင်း အဆိုပါကျောင်း၌ ဗီရိုသုံးသူမရှိကြောင်း၊ မည်သို့ကြောင့် ငွေနှင့် ရွှေချောင်းများရောက်နေသည်ကို မသိကြောင်း ကျောင်းအုပ်ဆရာကြီးကပြောသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး ကျောင်းဝန်ထမ်းများနှင့် ဆရာများအား စုံစမ်းသွားမည်ဟုလည်း ၎င်းကဆိုသည်။ **(ဘီဘီစီ)**

ယူကရိန်းသို့ စစ်လက်နက်ပေးပို့ရန် အမေရိကန်အချိန်ယူစဉ်းစား

ဝါရှင်တန် ဖေဖော်ဝါရီ ၃

ယူကရိန်းတွင်ဖြစ်ပွားနေသော အကျပ်အတည်းများကြောင့် အမေရိကန်နှင့်ရုရှားတို့အကြား တင်းမာမှုများကြီးထွားလာချိန်တွင် ဝါရှင်တန်သည် ယူကရိန်းတပ်ဖွဲ့သို့ စစ်လက်နက်များထောက်ပံ့ရန်ကြံရွယ်လျက်ရှိသည်ဟု အမေရိကန်အာဏာပိုင်များက ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီနှင့် ပူးတွဲစစ်ဦးစီးချုပ်များ၏ ဥက္ကဋ္ဌ မာတင်ဒန်စီတို့သည် ယူကရိန်းသို့လက်နက်ပေးပို့မည့်အရေး ဆွေးနွေးခဲ့ကြသည်ဟု နယူးယောက်တိုင်းမ်သတင်းစာ၌ စနေနေ့က ဖော်ပြခဲ့သည်။

နေတိုးတပ်ဖွဲ့မှတပ်မှူး ဗိုလ်ချုပ်ကြီး ဖိလစ်ဖရီးလဗ်က စစ်လက်နက်ကူညီထောက်ပံ့မှုကို အားပေးထောက်ခံခဲ့သည်။ အမေရိကန်မှ အကြီးတန်းအရာရှိဟောင်း ရှစ်ဦးတို့က ယူကရိန်းသို့ဒေါ်လာသုံး ဘီလီယံတန်ဖိုးရှိ စစ်လက်နက်များ ပေးပို့ရန် ဝါရှင်တန်ကို တိုက်တွန်းမည်ဟုဆိုသည်။ သံချပ်ကာယာဉ်များကို ပစ်ခတ်နိုင်မည့် ဒုံးကျည်များနှင့် မောင်းသူမဲ့ ကင်းထောက်လေယာဉ်များကိုလည်း ကူညီထောက်ပံ့ပေးပို့သွားမည်ဟု သိရသည်။

ရုရှားသည် တပ်သားထောင်ပေါင်းများစွာကို ၎င်းအားထောက်ခံသည့် အင်အားစုများသို့ ထောက်ပံ့ရန်ပေးပို့ခြင်းဖြစ်သည်ဟု အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက စွပ်စွဲလိုက်သည်။ မော်စကိုကမူ မည်သည့်ပိုင်နက်တိုက်ခိုက်မှုတွင်မျှ ပါဝင်ခြင်းမရှိဘဲ ငြင်းဆန်လျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

တပ်ဖွဲ့ဝင်ငါးဦးအားသတ်ခဲ့သည့် တောင်ကိုရီးယားတပ်ကြပ်ကြီး သေဒဏ်ချမှတ်ခြင်းခံရ

ဆိုးလ် ဖေဖော်ဝါရီ ၃

တောင်ကိုရီးယားတပ်ဖွဲ့ဝင်တစ်ဦးက လုပ်ဖော်ကိုင်ဖက် ရဲဘော်ငါးဦးကို သေနတ်နှင့်ပစ်သတ်ပြီး အခြားခုနစ်ဦးအား ဒဏ်ရာရစေမှုဖြင့် စစ်ခုံရုံးမှ သေဒဏ်ချမှတ်လိုက်ပြီဖြစ်ကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက ဖော်ပြသည်။

အဆိုပါ တောင်ကိုရီးယားတပ်ကြပ်ကြီးသည် မြောက်ကိုရီးယားနယ်စပ်အနီး စခန်း၌ ၂၀၁၄ ခုနှစ် ဇွန်လက သေနတ်ဖြင့်ပစ်ခတ်ပြီး နယ်စပ်သို့ ထွက်ပြေးသွားခဲ့သည်။ သို့သော်လည်း နှစ်ရက်အကြာတွင် အဖမ်းခံခဲ့ရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံ စစ်ဘက်ယဉ်ကျေးမှုနှင့်ပတ်သက်ပြီး ဆွေးနွေးပြောဆိုမှုများ ရှိလာသည်။ တောင်ကိုရီးယား နိုင်ငံသား အမျိုးသားအားလုံးသည် စစ်မှုမထမ်းမနေရ ဥပဒေအရ နှစ်နှစ်ကြာ စစ်မှုထမ်းကြရသည်။ လင်းမ်အမည်ရှိ အသက် ၂၃ နှစ်အရွယ် အဆိုပါတပ်ကြပ်ကြီးသည် လုပ်ဖော်ကိုင်ဖက်များအား သေစေလိုမှုဖြင့် လက်ပစ်ဗုံးသုံးစွဲတိုက်ခိုက်ကာ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။ ၎င်းသည် ရိုင်ဖယ်သေနတ် တစ်လက်နှင့် လက်နက်ခဲယမ်းအပြည့်စုံနှင့်အတူ ထွက်ပြေးခဲ့ခြင်းဖြစ်ရာ အပြစ်ရှိကြောင်း တွေ့ရှိရသဖြင့် တောင်ကိုရီးယားစစ်ဥပဒေအရ အမြင့်ဆုံး သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများတွင် တပ်ကြပ်ကြီးတစ်ဦးလည်း ပါဝင်သည်။

(ဘီဘီစီ)

အစိုးရအရာရှိများအား အမေရိကန်၏ပိတ်ဆို့မှုအပေါ် ဗင်နီဇွဲလားသမ္မတဝေဖန်

ကရာကတ်စ် ဖေဖော်ဝါရီ ၃

ဗင်နီဇွဲလားသမ္မတ နစ်ကိုးလပ်စ်မဒူရိုသည် ယနေ့နံနက်အစောပိုင်းက အမေရိကန်ပြည်ထောင်စုကွန်ဂရက်လွှတ်တော်က ဗင်နီဇွဲလားအစိုးရအရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များအား ပြည်ဝင်ခွင့်ဗီဇာများ ပိတ်ပင်အရေးယူလိုက်ခြင်းအပေါ် ပြင်းပြင်းထန်ထန်ဝေဖန်ပြောဆိုခဲ့သည်။ မိမိအားရာထူးမှဖယ်ရှားရန် အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် အခြားအစိုးရဌာနများနှင့်ပူးပေါင်းလျက် အာဏာသိမ်းလုပ်ရှားမှုအစီအစဉ်ကို ဦးဆောင်နေသည်ဟု စွပ်စွဲပြီးနောက် ရက်အနည်းငယ်အကြာတွင် ထိုသို့အရေးယူဆောင်ရွက်မှုများ ပြုလုပ်လာခြင်းဖြစ်သည်။

ရေနံတင်ပို့နိုင်ငံများရှိ အကျင့်ပျက်ခြစားသူများနှင့် လူ့အခွင့်အရေးချိုးဖောက်သည်ဟု ယုံကြည်ရသူများကို ဝါရှင်တန်က တနင်္လာနေ့တွင် ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်အရေးယူမှုများပြုလုပ်ခဲ့သည်။ အိမ်ဖြူတော်မှ ယခုကဲ့သို့ပြုမူလိုက်ခြင်းသည် ကျူးဘားအရေးကဲ့သို့ အခြားသောအရေးနိမ့်မှုများကို ဆောင်ကြဉ်းလာနိုင်သည်ဟု မဒူရိုက ပြောသည်။ **(ဆင်ဟွာ)**

ကာကွယ်ရေးအသုံးစရိတ် ၅၃၄ ဘီလီယံခွင့်ပြုရန် အိုဘားမားတောင်းဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၃

လာမည့်နှစ်အတွက် အခြေခံကာကွယ်ရေးအသုံးစရိတ် ကန်ဒေါ်လာ ၅၃၄ ဘီလီယံခွင့်ပြုရန် ကွန်ဂရက်လွှတ်တော်ကို သမ္မတအိုဘားမားက တောင်းဆိုလိုက်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ကြေညာလိုက်သည်။

လက်ရှိ အာဖဂန်နှင့်အီရတ်၊ ဆီးရီးယားစစ်အသုံးစရိတ်အတွက် ၅၁ ဘီလီယံ ထပ်တိုးတောင်းဆိုလိုက်ကြောင်း၊ အခြေခံကာကွယ်ရေးအသုံးစရိတ် ဇယားသစ်တွင် ၈ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်ကြောင်း။ အသုံးစရိတ် ၄ ထရီလီယံ တောင်းဆိုမှုသည် သမ္မတ၏ အခွန်တိုးမြှင့်ကောက်ခံမှုနှင့် အသုံးစရိတ်ဖြတ်တောက်မှုအပေါ် ဆန့်ကျင်သော ရီပတ်ဗလစ်ကန်များကြားတွင် ဝေဖန်မှုများထွက်ပေါ်လာကြောင်း သိရသည်။

ဆီးနိတ်ဘဏ္ဍာရေး ကော်မတီဥက္ကဋ္ဌ အော်ရင်ဟတ်ချ်က အခွန်တိုးမြှင့်ကောက်ခံပြီး အစိုးရအသုံးစရိတ်များလာမှုအတွက် အိုဘားမားကို အပြစ်တင်လိုက်သည်။ အခွန်တိုးမြှင့်ကောက်ခံသော စီမံကိန်းအပေါ် လွှတ်တော်ဥက္ကဋ္ဌ ဂျွန်ဘိုနာကလည်း ဝေဖန်ပြောဆိုသည်။

စစ်တပ် အသုံးစရိတ်များမှာ ကြည်းတပ်အတွက် ၁၂၆ ဒသမ ၅ ဘီလီယံ၊ ရေတပ်အတွက် ၁၃၇ ဘီလီယံ၊ မရိန်းတပ်ဖွဲ့အတွက် ၂၄ ဘီလီယံ၊ လေတပ်အတွက် ၁၅၂ ဒသမ ၉ ဘီလီယံနှင့်အခြား စစ်စရိတ်များ ၉၄ ဘီလီယံတို့ ဖြစ်သည်။

ပြည်တွင်းလုံခြုံရေးဌာနတွင် ပြုလုပ်သောဆွေးနွေးပွဲတွင် အသုံးစရိတ်ဘတ်ဂျက်များ ထုတ်ပြန်ခဲ့ပြီးနောက် အိုဘားမားက အိမ်ဖြူတော်၏ အဆိုပြုတင်ပြမှုကို ကာကွယ်ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်ရာတွင် ပူးပေါင်းပါဝင်ရန် နယူးဇီလန်ကို ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးတိုက်တွန်း

ဝယ်လင်တန် ဖေဖော်ဝါရီ ၃

အလည်အပတ်ခရီးရောက်ရှိနေသည့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ဟမ်မွန်သည် နယူးဇီလန်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းရှိ အိုင်အက်စ်သူပုန်များကိုတိုက်ခိုက်ရာတွင် နိုင်ငံတကာမဟာမိတ်အဖွဲ့များနှင့် ပူးပေါင်းပါဝင်ရန် မျှော်လင့်ထားကြောင်း အင်္ဂါနေ့က ပြောကြားခဲ့သည်။

၎င်းသည် ရုပ်မြင်သံကြားမှထုတ်လွှင့်သော ပါလီမန်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ စစ်သွေးကြွများနှင့် တိုက်ခိုက်ရာတွင် နယူးဇီလန်နိုင်ငံအနေဖြင့် နိုင်ငံတကာမဟာ မိတ်တပ်ဖွဲ့များနှင့် အတူတကွပူးပေါင်းပါဝင်တိုက်ခိုက်ရန် မျှော်လင့်ထားကြောင်း ပြောခဲ့သည်။

မစ္စတာဟမ်မွန်သည် နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကီးနှင့် နိုင်ငံခြားရေးဝန်ကြီး မာရေးမတ်ကာလီတို့နှင့် ကိစ္စရပ်များစွာကို ဆွေးနွေးခဲ့ပြီး အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်အိုင်အယ်လ်အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်ရန်နှင့် ကမ္ဘာအနှံ့အပြားရှိ အစွန်းရောက်စစ်သွေးကြွများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အတူတကွပူးပေါင်းဆောင်ရွက်ရန်ကိုလည်း ဆွေးနွေးခဲ့ကြသည်။

အော့တဝါ၊ ဆစ်ဒနီ၊ ပါရီနှင့် ဘရပ်ဆဲလ်မြို့၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများအတွက် အံ့သြထိတ်လန့်ကြောင်း ၎င်းကပြောခဲ့သည်။ အကြမ်းဖက်လှုပ်ရှားမှုများဖြစ်ပွားနေသည့် ဒေသများနှင့်ဝေးကွာသောအရပ်ရှိ လူများပင်လျှင် ယခုကဲ့သို့သော ခြိမ်းခြောက်မှုများနှင့်မလွတ်ကင်းနိုင်ကြောင်း ၎င်းက ပြောခဲ့သည်။

နယူးဇီလန်အစိုးရအနေဖြင့် အိုင်အက်စ်အုပ်စုကို တိုက်ခိုက်ရန် လေ့ကျင့်နေသော အီရတ်တပ်ဖွဲ့ဝင်များကို စောင့်ကြည့်ရန် အီရတ်သို့လေ့လာရေးအဖွဲ့များ စေလွှတ်ထားသော်လည်း ၎င်း၏တပ်ဖွဲ့များကိုဝင်ရောက်မှု၊ တိုက်ခိုက်မှုတွင် တွေ့မြင်ရမည် မဟုတ်ကြောင်း ဝန်ကြီးချုပ်က အခိုင်အမာပြောဆိုခဲ့သည်။

(ဆင်ဟွာ)

မြန်မာနိုင်ငံသည် ဘာသာရေး၊ လူမျိုးရေး အမုန်းပွားစေမည့် မည်သည့်လုပ်ဆောင်ချက်၊ ပြောကြားချက်ကိုမျှ လက်ခံအားပေးမည်မဟုတ်

သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီသည် မြန်မာနိုင်ငံသို့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှ ၁၆ ရက်နေ့အထိ လာရောက်သည့် ခရီးစဉ်အပြီး ၁၆-၁-၂၀၁၅ ရက်နေ့တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် ၎င်း၏ခရီးစဉ်နှင့်စပ်လျဉ်း၍ သဘောထားအမြင်များ ပြောကြားခဲ့ပါသည်။ ၎င်းပြောဆိုချက်များတွင် ပါရှိသည့် စိုးရိမ်မှုရှိသည်ဆိုသည့်အချက် အများအပြားသည် လက်ရှိဖြစ်ပေါ်နေသည့် အပြုသဘောဆောင်သော အခြေအနေများနှင့်ကိုက်ညီမှုမရှိပါ။ အချို့ကိစ္စများတွင် နိုင်ငံတစ်နိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပြည်တွင်းတရားစီရင်ပိုင်ခွင့်ကိုစွက်ဖက်သည်မှာ ထင်ရှားပေါ်လွင်နေပါသည်။ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အောက်ပါအချက်များကို ထုတ်ပြန်အပ်ပါသည်-

– **မစ္စရန်ဟီလီ၏ပြောကြားချက်တွင် သုံးစွဲထားသည့် "ရိုဟင်ဂျာ" စကားလုံး အသုံးအနှုန်းနှင့်ပတ်သက်၍** မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့ အမည်နာမသုံးစွဲမှုကို အတိအလင်းပယ်ချပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဤအသုံးအနှုန်းကို မည်သည့်အချိန်အခါကမျှအသိအမှတ်မပြုခဲ့ပါ။ ဤအသုံးအနှုန်းသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုး (၁၀၀)ကျော်တွင် မည်သည့်အခါကမျှ ပါဝင်ခြင်းမရှိခဲ့ပါ။ ဗြိတိသျှကိုလိုနီခေတ် သန်းခေါင်စာရင်းကောက်ခံမှုမှတ်တမ်းများတွင်ပင် ပါဝင်ခြင်းမရှိခဲ့ပါ။ ဤအငြင်းပွားဖွယ်ရှိသည့်အသုံးအနှုန်းကို ထပ်တလဲလဲ အသုံးပြုနေခြင်းသည် အရေးကြီးသည့်ကိစ္စရပ်ကို ဖြေရှင်းရန် အဟန့်အတားသာဖြစ်စေပါမည်။ ကုလသမဂ္ဂမှ ဤအသုံးအနှုန်း အသုံးပြုမှုသည် မြန်မာပြည်သူများ၏ မကျေမချမ်း ဖြစ်မှုကို မလွဲမသွေဖြစ်ပေါ်စေပြီး၊ အစိုးရမှ ကြိုးပမ်းဆောင်ရွက်နေခြင်းများကို ပိုမိုခက်ခဲစေမည်ဖြစ်ပါသည်။

– **ဥပဒေကြမ်း (၄)ခု ကိစ္စနှင့်ပတ်သက်၍** ဤဥပဒေကြမ်းများကို မြန်မာပြည်သူတို့၏ ဆန္ဒနှင့်အညီ ရေးဆွဲလျက်ရှိခြင်းဖြစ်ပါသည်။ ဤဥပဒေကြမ်းများကို ကျယ်ကျယ်ပြန့်ပြန့်အသိပေးခဲ့ပြီး ပြည်သူတို့၏အမြင်နှင့် သဘောထားများကို ဆီလျော်သကဲ့သို့ မူကြမ်းများတွင် ထည့်သွင်းစဉ်းစားခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းများကို လွှတ်တော်များတွင် ဆွေးနွေး၊ စဉ်းစား၊ ဆုံးဖြတ်နိုင်ရန်အတွက် ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ လွှတ်တော်များ၌ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် သေသေချာချာ အပြန်အလှန်ဆွေးနွေးစိစစ်ဆောင်ရွက်သွားရန်ရှိမည် ဖြစ်ပါသည်။ မြန်မာပြည်သူများအတွက် အကောင်းဆုံးအကျိုးကို ရှေးရှု၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤဥပဒေကြမ်းများ အတည်ပြုရေး လုပ်ငန်းစဉ်ပြီးဆုံးရန် အချိန်ယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ပြည်တွင်းဥပဒေပြုရေးလုပ်ငန်းစဉ်၏ ရလဒ်များအပေါ် ကြိုတင်မှန်းဆပြောကြားခြင်း၊ ဝေဖန်ခြင်းများသည်ပြည်သူများ၏ သဘောထားအမြင်အပေါ် လွှမ်းမိုးဩဇာသက်ရောက်မှုရှိစေရန်၊ ပြည်သူများအကြား လှုံ့ဆော်မှုရှိစေရန် ကြိုးစားမှုတစ်ခုဖြစ်ပါသည်။

– **မြေယာကိစ္စနှင့်စပ်လျဉ်းပြီး** မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။ ထို့ကြောင့် မြေယာနှင့်လယ်သမားများသည် နိုင်ငံ၏ပဓာနကျသည့် အရင်းအမြစ်ဖြစ်ပြီး၊ လွန်စွာမှ တန်ဖိုးထားပါသည်။ မြေယာကိစ္စများကို ပွင့်လင်းမြင်သာမှု၊ ထိရောက်မှုရှိစွာကိုင်တွယ်ဖြေရှင်းနိုင်ရန်အလို့ငှာ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြေယာပြဿနာဖြေရှင်းလျက်ရှိရာတွင် ခေတ်နှင့်ဆီလျော်မှုမရှိတော့သည့် ဥပဒေ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ခိုင်မာသောပိုင်ဆိုင်မှု အထောက်အထားမရှိမှု စသည်တို့ အပါအဝင် အဟန့်အတားများ ရှိနေပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် မြေယာပြုပြင်ပြောင်းလဲမှုများကို ဦးစားပေး အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ ဤမြေယာပြုပြင်ပြောင်းလဲမှုများသည် ပြဿနာကို ထိရောက်စွာဖြေရှင်းသွားမည်ဖြစ်ပြီး ပြည်သူတို့၏အကျိုးကို ကာကွယ်ပေးကာ မြေယာပိုင်ဆိုင်ခွင့်ရှိသူများထံ မြေယာများကို ပြန်လည်ပေးအပ်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတွင်းတွင် ကျယ်ပြန့်များပြားသော မြေယာများရှိခြင်းကြောင့် ဤမြေယာပြဿနာဖြေရှင်းရေးလုပ်ငန်းသည် နေ့ချင်းညချင်း ပြီးဆုံးနိုင်မည် မဟုတ်ပါ။

– **နိုင်ငံရေးအကျဉ်းသားများကိစ္စ ပြောကြားမှုနှင့်စပ်လျဉ်း၍** နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးလုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးလုပ်ငန်းစဉ်၊ နိုင်ငံ၏တည်ငြိမ်မှု၊ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့တွင် ပါဝင်နိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးမှုကို ဆောင်ရွက်ပါသည်။ နိုင်ငံရေး အကျဉ်းသားများရေးရာကိစ္စရေရှည်ဆောင်ရွက်နိုင်ရန် ယခုအခါ အဖွဲ့ဝင်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ တည်ဆဲဥပဒေနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

– သတင်းဆင်ဆာတည်းဖြတ်မှုကိုဖျက်သိမ်းခြင်း၊ ပုဂ္ဂလိကနေ့စဉ်သတင်းစာများ ထုတ်ဝေခွင့်ပြုခြင်း၊ သတင်းမီဒီယာဥပဒေသစ်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ အတည်ပြုပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်၍ နိုင်ငံအတွင်း မီဒီယာလွတ်လပ်ခွင့် ပိုမိုရရှိစေရန်ဆောင်ရွက်ခဲ့ပါသည်။ အချို့ကဏ္ဍတွင် နောက်ပြန်လှည့်မှုများ ရှိနေသည်ဟု စွပ်စွဲမှုများပြုလုပ်ခဲ့ပါသည်။ သတင်းထောက်အချို့အား ဖမ်းဆီးမှုများကို ကိုးကားပြောဆိုခဲ့ခြင်းဖြစ်ပါသည်။ မည်သည့်သတင်းထောက်ကိုမျှ သတင်းစာလွတ်လပ်ခွင့်နှင့်အညီ ဆောင်ရွက်မှုများအတွက် ဖမ်းဆီးခြင်းမဟုတ်ဘဲ တားမြစ်နယ်မြေအတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်းကဲ့သို့သော ဥပဒေကျူးလွန်မှုများကြောင့် အရေးယူခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကိုချိုးဖောက်သည့် မည်သူ့ကိုမဆို မည်သည့်နိုင်ငံကမျှ သည်းခံလိမ့်မည်မဟုတ်ပါ။ လက်ရှိ မီဒီယာလွတ်လပ်ခွင့် အခြေအနေကို ဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံများတွင်ပါ နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

အထူးအစီရင်ခံစာ တင်သွင်းသူအနေဖြင့် ၎င်း၏တာဝန်အား ထမ်းဆောင်ရာတွင် ချင့်ချင့်ချိန်ချိန်နှင့် ပညာရှင်ပီသစွာ ဆောင်ရွက်သင့်ပါသည်။ ၎င်း၏ခရီးစဉ်သည် မြန်မာနိုင်ငံ ပြည်သူများနှင့် မြန်မာနိုင်ငံအတွက် သဘောထားကွဲလွဲမှု၊ မယုံကြည်မှု၊ သွေးထိုးလှုံ့ဆော်မှုများအဖြစ်သို့ မရောက်ရှိစေသင့်ပါ။

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ မစ္စရန်ဟီလီခရီးစဉ်ဆိုင်ရာ သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ဘာသာရေး၊ လူမျိုးရေး၊ တစ်ခုနှင့်တစ်ခုအကြား အမုန်းပွားစေမည့် မည်သည့် လုပ်ဆောင်ချက်၊ ပြောကြားချက်များကိုမျှ လက်ခံအားပေးခြင်းကို ပြုလုပ်မည်မဟုတ်ပါကြောင်း ခိုင်မာစွာ ထပ်လောင်းပြောကြားအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန။
နေပြည်တော်
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်။

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ

မီးကြွင်းမီးကျန်မှ မီးလောင်ကျွမ်းမှုဖြစ်ပွား

ရေး ဖေဖော်ဝါရီ ၃

မွန်ပြည်နယ် ရေးမြို့ သီရိနန္ဒာရပ်ကွက် ၅ လမ်း ထန်းတောရပ်တွင် ဖေဖော်ဝါရီ ၂ ရက် ညနေ ၅ နာရီ မိနစ် ၂၀ က မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ဦးဖုန်းမင်းဦး၏နေအိမ်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ကျွမ်းခဲ့ရာ မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြို့နယ်ရှိ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်သန္ဓေမီးသတ်နှင့် အရန်မီးသတ်တပ်ဖွဲ့များ၊ ဒေသခံပြည်သူများ၊ မီးသတ်ယာဉ်လေးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၅ မိနစ်အတွင်း မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာတွင် ခန်မိုး၊ ထရံကာ ပျဉ်ခင်းတစ်ထပ်နေအိမ်တစ်လုံးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

နေမျိုးထွဋ်(ရေး)

ရွှေဘောင်(၁) | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | ၆ . ၂ . ၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြသ
နေပြည်တော်(၁) | မင်္ဂလာ (၂) | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | ၆ . ၂ . ၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြသ



(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံဖြစ်တည်လာသော ပြည်ထောင်စုနေ့

မောင်သောင်းဝင်း(တမန်ဟောင်း)

"ပြည်ထောင်စုဆိုသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ပေါင်းစည်း၍ ဗဟိုအာဏာပိုင်အဖွဲ့က စီမံခန့်ခွဲသည့်နိုင်ငံ" ဖြစ်ကြောင်း မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ဖွင့်ဆိုထားသည်ကို လေ့လာမှတ်သားရပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ခိုင်မာသောလူမျိုးသမိုင်း၊ ခိုင်မာသောနိုင်ငံသမိုင်းနှင့် တည်တံ့ခိုင်မြဲသော အချုပ်အခြာအာဏာပိုင် ရေမြေပိုင်နယ်နိမိတ်များ ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်လျက်ရှိကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးသည် မိမိတို့ကိုယ်ကို မြန်မာတိုင်းရင်းသားများအဖြစ်ခံယူကာ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နေသော လူမျိုးများ ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟူသော ဤမြေပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း သန်း ၄၀ ကျော်ခန့်က အစပြု၍မြန်မာ့ရှေးဦးလူမျိုးများစတင်နေထိုင်ခဲ့သည်ကို ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများက သက်သေပြလျက်ရှိပါသည်။ ၎င်းအချက်သည် "လူသားမျိုးနွယ်အစ မြန်မာက" ဟူ၍ပင် ယူဆနိုင်ပေသည်။ ကျွန်တော်တို့သည် ဤမြေပေါ်တွင် နယ်မြေဒေသအလိုက် ဘာသာစကား၊ ဓလေ့စရိုက်နှင့် လူမျိုးအခေါ်အဝေါ်အသီးသီးအမည်တွင်လျက်ရှိသော်လည်း မြန်မာတိုင်းရင်းသားအားလုံးသည် ရှေးပဝေသဏီကပင် ဝံသာနုရက္ခိတတရားနှင့် ထာဝရလက်တွဲနေထိုင်ခဲ့ကြသည့် စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖြစ်ကြပါသည်။

"စိတ်ဓာတ်ဆိုသည်မှာ စိတ်ထား၊ သဘောထား၊ နှလုံးသွင်းပုံနှင့် စိတ်၏အမူအကျင့်ဖြစ်သည်" ဟု မြန်မာ့အဘိဓာန်အကျဉ်းချုပ်တွင် ဖွင့်ဆိုထားပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထားခံယူချက်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်ထောင်စု စိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဥမကွဲ၊ သိုက်မပျက် အေးအတူပူအမျှ ပူးပေါင်းနေထိုင်လိုသည့် တစ်စည်းတစ်လုံးတည်းသော စိတ်ဓာတ်ပင်ဖြစ်ပေသည်။

မြန်မာတိုင်းရင်းသားလူမျိုးများသည် ယဉ်ကျေးရည်မွန်၍ တည်ကြည်ဖြောင့်မတ်သောလူမျိုးများဖြစ်ကြသည်။ ပင်ကိုစရိုက်အရ ငြိမ်းချမ်းစွာ နေထိုင်တတ်သော မြန်မာလူမျိုးတို့၏မျိုးချစ်စိတ်ဓာတ်သည် အမျိုး၊ ဘာသာ၊ သာသနာကိုထိပါးလာပါက အသက်စွန့်၍ လက်တုံ့ပြန်တတ်ကြပါသည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတော်မြေဆိုလျှင် ရွှေးတစ်စေ့၊ ဆံခြည်တစ်မျှင်စာမျှ ထိပါးကျူးကျော်မှုကို လက်တုံ့ပြန်ရန်မနှေးတတ်သလို မိမိနိုင်ငံနှင့် လူမျိုးအပေါ် ချစ်တတ်သောစိတ်၊ မိမိလူမျိုးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်လိုသော စိတ်ဓာတ်များသည် မြန်မာလူမျိုးတို့၏ရင်တွင်း၌ ယနေ့တိုင်ရှင်သန်နေဆဲပင်ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ ဂမ္ဘီသာရပျို့တွင် "ရဲရေးရောက်သော်၊ ရွံ့ကြောက်မဲ့တွန့်၊ နိုင်ငံဝန်၌၊ ကုမ္ဘဏ်ယက္ခ၊ နာဂခြင်္သေ့ ရင်ဆိုင်တွေ့လည်း၊ ခွာ၍မတွန့်၊ အသက်စွန့်လော့" ဟူသည် မြန်မာလူမျိုးတို့၏နိုင်ငံနှင့်လူမျိုးအပေါ်ထားရှိသော မျိုးချစ်စိတ်ဓာတ်ကို အထင်အရှား တွေ့မြင်နိုင်ပါသည်။

မြန်မာနိုင်ငံသည် အေဒီ ၁၀၄၄ ခုနှစ် အနော်ရထာမင်းလက်ထက်တွင် လည်းကောင်း၊ အေဒီ ၁၅၅၁ ခုနှစ် ဘုရင့်နောင်မင်းလက်ထက်တွင်လည်းကောင်း၊ အေဒီ-၁၇၅၂ ခုနှစ်တွင် အလောင်းမင်းတရားလက်ထက်တွင် လည်းကောင်း ကာကွယ်ရေးအင်အားကို ကျောထောက်နောက်ခံပြု၍ သုံးကြိမ် တိုင်တိုင်စည်းလုံးညီညွတ်သော မြန်မာနိုင်ငံကြီးအဖြစ် စုစည်းတည်ထောင်ခဲ့ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာများတွင် စည်ပင်ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး၊ စစ်ရေး စသည့် မျက်နှာစာများ တွင်လည်း ဂုဏ်ရှိန်ရောင်ဝါထွန်းလင်းပြောင်ခဲ့သည်။ ကျူးကျော်စော်ကားလာသူများကိုလည်း ပြည်သူတို့၏စွမ်းပကားဖြင့် တိုက်ထုတ်နိုင်ခဲ့ပါသည်။ ထိုနိုင်ငံကြီးများသည် မြန်မာတို့ညံ့ဖျင်းမှုမရှိဆိုသော သာဓကများပင် ဖြစ်သည်။

၁၉ ရာစုနှစ်တွင် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံအား ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲ၍ သိမ်းပိုက်ခဲ့သည့် အချိန်၌လည်း "ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသူညာ၊ သုဉ်းသုံးဝနှင့် ကြုံရပြန်လစ်၊ သူညခေတ်ဝယ်၊ လူဖြစ်ရလေတို့တစ်တွေသည်၊ သေသော်မှတည့် ဩော်ကောင်း၏" ဟူသော သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားအားလုံးက လက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့ပေသည်။ ယင်းအချက်သည် မြန်မာတို့၏ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ သွေးစည်းညီညွတ်မှုကို သက်သေပြခဲ့ခြင်းပင်ဖြစ်ပေသည်။ ထို့နောက်ပိုင်း မြန်မာနိုင်ငံအား လွတ်လပ်ရေးမပေးလျှင်မဖြစ်တော့သည့် အခြေအနေတွင်လည်း ဗြိတိသျှနယ်ချဲ့တို့သည် ပြည်မနှင့် တောင်တန်းဒေသမြန်မာတိုင်းရင်းသားလူမျိုးများ၏ သမိုင်းအစဉ်အဆက် သွေးစည်းညီညွတ်ခဲ့သော ပြည်ထောင်စု စိတ်ဓာတ်ကို သွေးခွဲရန် ကြံစည်ခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသား အားလုံးညီညွတ်မှုမရှိဘဲ လွတ်လပ်ရေးမရနိုင်သည် ကို အခိုင်အမာယုံကြည်ထားသည်။ မြန်မာတစ်ခုတည်းကိုခွဲ၍ လွတ်လပ်ရေးပေးလျှင် ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာကွဲသွားမည်ကို အသေအချာသိရှိခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးအတွက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗြိတိသျှနန်းရင်းဝန် အက်တလီနှင့် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်တွင် တောင်တန်းဒေသများ ပြည်မကြီးနှင့် ပူးပေါင်းရန်သဘောတူပါက ပြည်မရောတောင်တန်းဒေသများပါ လွတ်လပ်ရေးပေးရန် ပါရှိသည်။ ပရိယာယ်ဝေဝုစ်များလှသောနယ်ချဲ့တို့သည် လွတ်လပ်ရေးပေးခါနီးတွင် တောင်တန်းဒေသများကို ချန်လှပ်ထားရန်ကြံရွယ်ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းနှင့် ပြည်မအကြား ရေကိုသားလျှင် အကြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်း စည်းလုံးပေးခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှစတင်၍ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် ပင်လုံညီလာခံကြီးကျင်းပခဲ့ရာ တိုင်းရင်းသားခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်နှင့်အတူ ကချင်၊ ချင်း၊ ရှမ်းအမျိုးသားကိုယ်စားလှယ်ကြီး ၂၃ ဦးသည် သာတူညီမျှတစ်လုံးတစ်စည်းတည်း နေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သည်။

ထိုကဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားများအကြား ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံလျက် သွေးစည်းညီညွတ်စွာ လွတ်လပ်ရေးအတွက် အားထုတ်သောနေ့ဖြစ်သဖြင့် **"ပြည်ထောင်စုနေ့"** ဟု သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုနေ့ကို နိုင်ငံတော်အခမ်းအနားအဖြစ် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးတို့တွင် စုပေါင်းအားဖြင့် ကြိုးပမ်းအားထုတ်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်ည ပင်လုံမြို့၌ ပြုလုပ်သည့်စော်ဘွားများထမင်းစားပွဲတွင် မြွက်ကြားခဲ့သည့် အချက်များ အနက်မှ အချို့ကိုကောက်နုတ် ဖော်ပြရလျှင် **"တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ပူးပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်"** ဟု တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဗိုလ်ချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများအကြား ပေါင်းစည်းအားဖြင့် ကြိုးပမ်းသွားရေးတို့အတွက် အမြော်အမြင်ကြီးမားစွာတိုက်တွန်းသွားချက်သည် လက်ရှိပကတိအခြေအနေနှင့် ကိုက်ညီလျက်ရှိသည်။

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးအား လေ့လာကြည့်မည်ဆိုပါက ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာ ထိန်းသိမ်းထားနိုင်ခြင်းမရှိသော နိုင်ငံအချို့သည် ပြည်ပသြဇာလွှမ်းမိုးမှုအမျိုးမျိုးအကြားတွင် အချင်းချင်းသွေးကွဲလျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာတွေ့မြင်နေရပါသည်။ ထိုသို့သွေးကွဲလာပါက ပြည်တွင်းပဋိပက္ခများ၊ စစ်ပွဲများဖြစ်ပွား၍ အင်အားချည့်နဲ့ယိမ်းယိုင်ပြိုကွဲသွားသည်ကို သင်ခန်းစာယူဖွယ်တွေ့မြင်နေရပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ပြည်သူအားလုံးသည် တိုင်းပြည်၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား ကျဉ်းမြောင်းသည့်ဝါဒများနှင့် သံသယများကိုချေဖျက်လျက် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ကာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးပါဝင်ကြိုးပမ်းသွားရန် လိုအပ်ပေသည်။

ခြုံ၍တင်ပြရလျှင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့်သာ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုတိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့်သာ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ထွန်းကားလာမှုနှင့်အတူ ပြည်ထောင်စုကြီးသည်လည်း ထာဝစဉ်အဓွန့်ရှည်တည်တံ့နေမည်ဖြစ်ကြောင်း (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တင်ပြလိုက်ရပါသည်။ ။

တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ ပူးပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

ဒေသဖွံ့ဖြိုးရေးရန်ပုံငွေလွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၃

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်းတစ်ထောင် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းစိန် (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဒေါက်တာမြင့်ဆွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်လုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေလွှဲပြောင်းပေးမှုနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းစိန် (မြို့နယ်အုပ်ချုပ်ရေးမှူး)က လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ပြောကြားပြီး မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဒေါက်တာမြင့်ဆွေနှင့် အဖွဲ့ဝင်များထံသို့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်းတစ်ထောင်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **မင်းထက်**

ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၃

နိုင်ငံတော် ဗိသုကာ၊ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖေဖော်ဝါရီလတစ်လလုံး ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ခရိုင်ရုံး၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မော်လမြိုင်ခရိုင်ရုံးက ကြာအင်းကျေးရွာ၊ ရိုးဂိုးကျေးရွာ၊ ဖားအောက်ကျေးရွာများတွင်လည်းကောင်း၊ မော်လမြိုင်မြို့ပေါ်ရှိ အထက(၃)၊ အလက(၅)တွင်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် ၁၀၀ ပြည့်မွေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမမ(iprd)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

နိုင်ငံတော်နှင့်ပြည်သူများအတွက် အခွန်ကောက်ခံမှုလုပ်ငန်းများကို နိုင်ငံတကာအခွန်စနစ်များ၏ စံများနှင့်အညီဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ်(၁၃)ခုဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်းပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတထံသို့ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး တင်သွင်းသည့် **"ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၅/၂၀၁၄) ဖြင့်ပြင်ဆင်ပြီး ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျက် ပြည်တွင်းအခွန်များဦးစီးဌာနက စီမံခန့်ခွဲ အခွန်ကောက်ခံခြင်းများကို ရပ်ဆိုင်းစေ၍ လိုအပ်မှုရှိသည်များကို ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေကြမ်းထပ်မံတင်သွင်းရန်၊ ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ပိုင်ခွင့်ဘောင်အတွင်း နည်းဥပဒေများ၊ စည်းမျဉ်းများ အသစ်ရေးဆွဲသတ်မှတ် ပြင်ဆင်ခြင်းပြုလုပ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က စားသောက်ဆိုင်များက ထုတ်ပေးသောပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်စေခြင်းကို ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အရက်၊ စီးကရက် အစရှိသည့် အထူးကုန်စည်များအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်းကိုလည်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၃၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)နှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၄၁-က တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်သည့် အရက်အမျိုးမျိုးနှင့်ပတ်သက်ပြီး လက်လီရောင်းဈေးကိုအခြေပြု၍ စက်ရုံရောင်းဈေးချိန်ဆ တွက်ချက်စေခြင်းကိုလည်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၁-ခ တို့ပါ လုပ်ပိုင်ခွင့်နှင့်အညီ ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

တံဆိပ်ခေါင်းခွန်နှင့် ပတ်သက်ပြီး ၁၉၉၇ ခုနှစ် ဇူလိုင် ၂၇ ရက်စွဲပါ ဘဏ္ဍာရေးနှစ် အခွန်ဝန်ကြီးဌာန၏ အမိန့်ကြေညာစာအမှတ် ၁၄၅/၁၉၉၇ ဖြင့် ဘဏ္ဍာတော်မင်းကြီး၏ လုပ်ပိုင်ခွင့်များကို ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သို့ အပ်နှင်းထားသည်နှင့်အညီ လိုက်နာဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ဥပဒေအသီးသီးပါ ကော်လိတ္တော်အရာရှိများ၏ လုပ်ပိုင်ခွင့်များနှင့်အညီ အိမ်၊ မြေအစရှိသည့် အခြေပစ္စည်းများကို လုပ်ငန်းဆက်စပ်ဌာနများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့က သတ်မှတ်ပေးထားသည့် စံနှုန်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၇ ပါ ပြဋ္ဌာန်းချက်အရ ဆက်လက်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ဝင်ငွေနှစ်အတွင်း စည်းကြပ်မှုပြုလုပ်နိုင်ရေးအတွက် ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၉နှင့်အညီ ဝင်ငွေနှစ်ကို စည်းကြပ်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားရန် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြေညာစာ ထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီများအပေါ် အခွန်စည်းကြပ်ရာတွင် တင်ပြတောင်းခံသည့် လျှော့ဒါန်းငွေအားလုံးကိုခွင့်မပြုဘဲ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-ကပါ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုနုတ်ပယ် တွက်ချက်ပေးမည်ဖြစ်ပါကြောင်း၊ ပို့ကုန်သွင်းကုန်များအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ထမ်းဆောင်စေခြင်းကို အခွန်ထမ်းပြည်သူများ၏ဆန္ဒနှင့်အညီ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အခွန်ကောက်ခံမှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နိုင်ငံတကာအခွန်စနစ်များ၏ ကောင်းမွန်သောစံများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြိုးပမ်းဆောင်ရွက်မှုများအားလုံးကို ဥပဒေနှင့်အညီဖြစ်စေရန် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ ပြင်ဆင်ပြဋ္ဌာန်းမှုကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းဝင်ငွေခွန် ဥပဒေဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရှင်းလင်းဆွေးနွေးတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လ နိုင်ငံတော်၏အရအသုံးစာရင်းများကိုစစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များ အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာ (၁/၂၀၁၅)** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့က ဆွေးနွေးကြသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့က လုပ်ငန်းတင်ဒါများခေါ်ယူရာတွင် ကြန့်ကြာမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ကြန့်ကြာသည့်ကာလများတွင် စီမံကိန်းအတွက် ခွင့်ပြုထားသော နိုင်ငံပိုင်ငွေကြေးများအား ဘဏ်များတွင်အပ်နှံ၍ မသမာမှုများဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးသည့်တိုင် ဘဏ္ဍာငွေထုတ်ယူသုံးစွဲနေခြင်းများ တွေ့ရှိရပါကြောင်းဖြင့် ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက ပြည်သူ့ဘဏ္ဍာငွေများ သုံးစွဲရာတွင် ပြည်သူများအတွက် ထိရောက်ရန်၊ အကျိုးရှိရန်လိုအပ်ပါကြောင်း၊ ငွေကြေးများကို ငွေစုစာအုပ်များတွင်ထည့်၍ သုံးစွဲခြင်း၊ လက်ဝယ်ကိုင်ဆောင်ထားခြင်း၊ ဘဏ္ဍာရေးနှစ်ကုန်ပြီးမှ သုံးစွဲခြင်းများရှိသည်ကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာအရ သိရှိရပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းလေ့လာသုံးသပ်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုးက ယင်းအစီရင်ခံစာ (၁/၂၀၁၅)ကို ပြည်ထောင်စုလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ပေးပို့သော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာ (၂/၂၀၁၅)** ကို ပြည်ထောင်စုလွှတ်တော်က လက်ခံရန် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးမိုးဇော်ဟိန်းက အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

စိုက်ပျိုးစရိတ်ချေးငွေပေးဆပ်ရာတွင် သတ်မှတ်ကာလထက်ကျော်လွန်ပါက ပေးဆောင်ရသောဒဏ်တိုးကျသင့်ငွေကို ပယ်ဖျက်ပေးရန်အစီအစဉ်မရှိသေး

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ်ကိုးခုဖြင့် ကျင်းပပြီး စိုက်ပျိုးစရိတ်ချေးငွေ ဒဏ်တိုးပယ်ဖျက်ပေးရေး၊ ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးဆောက်လုပ်ပေးရေးနှင့် အမျိုးသားသယ်ယူပို့ဆောင်ရေး မဟာစီမံကိန်းနှင့်ပတ်သက်သည့်မေးခွန်းများ မေးမြန်းဖြေကြားခဲ့သည်။

အစည်းအဝေးတွင် လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း၏ **"လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရာတွင် သတ်မှတ်ကာလထက်ကျော်လွန်ပါက ပေးဆောင်ရသော ဒဏ်တိုးကျသင့်ငွေကို ပယ်ဖျက်ပေးရန် သို့မဟုတ် နှုန်းထားပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက တောင်သူလယ်သမားများသို့ ငွေချေးရန်အတွက် လိုအပ်သောရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်မှ ချေးယူရပြီး တောင်သူလယ်သမားများထံမှ ကောက်ခံချိန်မဟုတ်၍ ပြန်လည်မရသေးလျှင်ဖြစ်စေ၊ ကောက်ခံချိန်ဖြစ်သော်လည်း ၎င်းတို့က ပြန်လည်ပေးဆပ်ခြင်း မပြုသေးသည်ဖြစ်စေ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မြန်မာ့စီးပွားရေးဘဏ်သို့ သုံးလတစ်ကြိမ် ပုံမှန်အတိုးပေးဆောင်နေရပါကြောင်း။

ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

လပွတ္တာ မဲဆန္ဒနယ်မှ ဦးဇော်ထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ထိုသို့ သုံးလတစ်ကြိမ် အတိုးပေးဆောင်နိုင်ခြင်းမရှိပါက ပေးဆောင်ခြင်းမပြုနိုင်သည့် အတိုးငွေပမာဏအပေါ်မူတည်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မြန်မာ့စီးပွားရေးဘဏ်သို့ တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်းဖြင့် ပေးသွင်းနေရသော်လည်း တောင်သူလယ်သမားများ၏ ချေးငွေအပေါ် အတိုးကို တစ်နှစ်လျှင် ငါးရာခိုင်နှုန်းသာကောက်ခံပြီး ပေးဆပ်ရန် သတ်မှတ်ကာလကျော်လွန်မှုသာ ဒဏ်တိုးအဖြစ် တစ်နှစ် ၁၂ ရာခိုင်နှုန်းသာ ကောက်ခံခြင်းဖြစ်ပါကြောင်း။

သတ်မှတ်ကာလကျော်လွန်ပေးဆပ်မှုအတွက် တောင်သူလယ်သမားများအပေါ် ဒဏ်တိုးကောက်ခံခြင်းကို လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ပယ်ဖျက်ပေးရန် သို့မဟုတ် နှုန်းထားပြင်ဆင်ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း၊ လက်ရှိဥပဒေကို ပြင်ဆင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြင်ဆင်သည့်ဥပဒေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **"နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားသယ်ယူပို့ဆောင်ရေးမဟာစီမံကိန်းကို မည်သို့ရေးဆွဲ၍ မည်သို့အကောင်အထည်ဖော်မည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ

စာမျက်နှာ ၉ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

မြန်မာနိုင်ငံသားများ ကုမ္ပဏီမှတ်ပုံတင်မည်ဆိုလျှင် အချက်အလက်များပြည့်စုံပါက သုံးရက်အတွင်း လုပ်ငန်းလိုင်စင်နှင့်ခွင့်ပြုချက်ရရှိနိုင်ပြီဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **"ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များထုတ်ပေးသော ဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့ထုတ်ပေးသည့် ကုမ္ပဏီလုပ်ငန်းမှတ်ပုံတင်များ၊ လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များနှင့် စပ်လျဉ်းသည့် အသိပညာများကို ပြည်သူများ လွယ်လွယ်ကူကူသိရှိနိုင်ရန် သတင်းအချက်အလက်များနှင့် လုပ်ထုံးများပေါင်းချုပ်ကို ပြုစုထုတ်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်လျှောက်ထားမှုနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများ အလွယ်တကူ သိရှိစေနိုင်ရန်အတွက် ၎င်းဦးစီးဌာန website ဖြစ်သည့် www.dica.gov.com နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဟောပြောပို့ချခြင်း၊ အသိပေးဖြန့်ဝေခြင်းများ ပြုလုပ်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် လုပ်ငန်းလုပ်ကိုင်သူများလွယ်ကူအဆင်ပြေစေရန် လုပ်ထုံးလုပ်နည်းအဆင့်များကို လျော့နည်းအောင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရုံးခွဲများဖွင့်လှစ်ကာ ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ မော်လမြိုင်မြို့တို့ရှိ ရုံးများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံသားများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်မည်ဆိုလျှင် လိုအပ်သည့်

စာမျက်နှာ ၉ ကော်လံ ၃ သို့

ပြည်တွင်းသတင်း

❐ ရှေ့ဖုံးမှ

လူမှုစီးပွားအခြေအနေများ၊ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် (Expanding Cooperation and Deepening Integration for Sustainable Natural Resources, Social and Economic Development) ဖြစ်ပါကြောင်း။

အတူတကွ စုပေါင်းနေထိုင်ခြင်းဖြင့် စုပေါင်းလုပ်ကိုင်ခြင်း အလေ့အကျင့်ရှိမှုသည် အောင်မြင်မှုအတွက် ကြီးမားသည့် အင်အားတစ်ခုဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် မတူညီသော အပင်မျိုးစုံစုပေါင်းပေါက်ရောက်နေသည့် သစ်တောတစ်ခုသည် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်၊ သစ်ပင်ရောဂါများ၊ အင်းဆက်များ၏ ဖျက်ဆီးမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ပြီး အဆိုပါသစ်တောများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်ကိုလည်း အထောက်အပံ့ဖြစ်စေပါကြောင်း၊ ထိုနည်းတူစွာပင် စုပေါင်းလုပ်ကိုင်မှု အလေ့အကျင့်ရှိသည့် လူ့အဖွဲ့အစည်း တစ်ခုဖြစ်မှသာ ယနေ့ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ခေတ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများ၊ သဘာဝနှင့်လူ့ပယောဂကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များသည် ယခင်ကထက် ကြိမ်ဖန်များစွာနှင့် ပြင်းထန်စွာ ကျရောက်လျက်ရှိခြင်းကြောင့် စုပေါင်းရင်ဆိုင်ဖြေရှင်းကြရမည်ဖြစ်ပါကြောင်း၊ လူ့အဖွဲ့အစည်းတစ်ခုတွင် မတူညီသည့် ယုံကြည်မှု၊ လူမျိုးစု၊ ဓလေ့စရိုက်၊ အသိပညာ၊ အတတ်ပညာနှင့် စိတ်ဝင်စားမှုအမျိုးမျိုး၊ လူတန်းစားအမျိုးမျိုးရှိကြမည်ဖြစ်ပါကြောင်း၊ ထိုပုဂ္ဂိုလ်များအနေဖြင့် စုပေါင်းလုပ်ဆောင်တတ်သည့် စိတ်ဓာတ်နှင့် လုပ်ဆောင်နိုင်သည့် စွမ်းရည်များရှိလျှင် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကို မုချမသွေ ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း။

ဤသို့ ကျော်လွှားဆောင်ရွက်ခြင်းဖြင့် မိမိတို့လူ့အဖွဲ့အစည်းသည်လည်း ရေရှည်တည်တံ့နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် ၎င်းသယံဇာတများအပေါ်အခြေခံပြီး လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျယ်ပြန့်သောစိတ်စေတနာနှင့် နက်ရှိုင်းစွာအတူတကွ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိရန် အလွန်လိုအပ်လှပါကြောင်း။

အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် တိုက်တွန်း ပြောဆိုမှုများသာမက အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များပါ လွှမ်းခြုံပါဝင်နေခြင်းကြောင့် ဆက်နွှယ်ရာ အဖွဲ့အစည်းများအကြား မပျက်မကွက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုး တိုးတက်မှုအတွက် အစိုးရအဖွဲ့အစည်းများသာမက ပြည်တွင်းရှိ လူမှုအဖွဲ့အစည်းများ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး GEGG (မြန်မာ)အဖြစ် ဖွဲ့စည်းကာ အကျိုးအမြတ်မယူသည့် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။

GEGG (မြန်မာ) အဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်တွင် ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံ အစိမ်းရောင်စီးပွားရေးဌာန (ASEAN Institute for Green Economy-AIGE) တစ်ခုကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ပါကြောင်း၊ ယင်းဌာနအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိရန်အတွက်ဒေသတွင်း အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို အာဆီယံဆောင်ပုဒ်ဖြစ်သော "ငြိမ်းချမ်းပြီး သာယာဝပြောသော လူ့အဖွဲ့အစည်းဖြစ်စေဖို့ စည်းလုံးညီညွတ်စွာ လျှောက်လှမ်းရမည်"ဟူသည့် ဦးတည်ချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

AIGE အနေဖြင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ရာသီဥတုနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဖြေရှင်းရန်အတွက် လူ့စွမ်းအား အရင်းအမြစ်များ တည်ဆောက်ခြင်း၊ သုတေသနလုပ်ငန်းများ၊ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အစိမ်းရောင်စီးပွားရေးဆိုင်ရာ နည်းပညာရပ်များကို ပံ့ပိုးကူညီခြင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဤနေရာတွင် မိမိအနေဖြင့် ကျေးဇူးတင်စကားပြောလိုပါကြောင်း၊ ၎င်းမှာ မြန်မာနိုင်ငံသို့ နိုင်ငံတော်ဧည့်သည်တော်အဖြစ် ကြွရောက်လည်ပတ်ခဲ့သော နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့်မိဖုရား ဆွန်ယာတို့က ရန်ကုန်မြို့ရှိ အစိမ်းရောင် စံပြဗဟိုဌာနကို ဖွင့်လှစ်ပေးခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

GEGG ဖိုရမ်များကို နှစ်စဉ်ကျင်းပခြင်းအားဖြင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့်အခြေအနေများ၊ အလေ့အကျင့်များ၊ ဖန်တီးပေးရန်များစွာ အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အစိမ်းရောင်စီးပွားရေး လုပ်ငန်းများ ပိုမိုကျယ်ပြန့်လာစေရန်အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒချမှတ်ရေး၊ မဟာဗျူဟာရေးဆွဲရေး၊ သိပ္ပံ၊ နည်းပညာနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ လူသားများအသက်ရှင်နေရေးအတွက် အဓိကအရေးပါလှသော သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် စပ်လျဉ်း၍ အနည်းငယ်ပြောကြားလိုပါကြောင်း၊ အားလုံးသိရှိထားသည့်အတိုင်း မိမိတို့ထုတ်ယူသုံးစွဲနေသည့် သဘာဝသယံဇာတများသည် အကန့်အသတ်ရှိပြီး စနစ်တကျစီမံခန့်ခွဲခြင်းမပြုဘဲ ရေတိုအကျိုးစီးပွားအတွက် အလွန်အကျွံ အသုံးပြုလိုက်မည်ဆိုပါက ကုန်ဆုံးပျောက်ကွယ်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၏ ဘုံရည်မှန်းချက်မှာ ရေရှည်ဖွံ့ဖြိုးရေး ရရှိရန်အတွက်ပင် ဖြစ်ပါကြောင်း၊ မိမိတို့နေထိုင်သည့် ကမ္ဘာကြီးရေရှည်တည်တံ့ရေးအတွက် ကမ္ဘာမြေထိပ်သီးညီလာခံကို ဘရာဇီးနိုင်ငံတွင် ၁၉၉၂ နှင့် ၂၀၁၂ ခုနှစ်များက နှစ်ကြိမ်ကျင်းပခဲ့ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြေညာချက်များ ထုတ်ပြန်ခဲ့သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သည့် Rio+ 20 ညီလာခံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် အစိမ်းရောင်စီးပွားရေးကို မဖြစ်မနေဖော်ဆောင်ရန် အဓိကထားဆွေးနွေးခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် Rio+20 ကြေညာချက်များနှင့်အညီ ကာဗွန်ထုတ်လွှတ်မှုနည်းပါးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် လမ်းညွှန်မှုများ ချမှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အထူးသဖြင့် စွမ်းအင်ထိရောက်စွာအသုံးပြုရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးရေး၊ စဉ်ဆက်မပြတ်စိုက်ပျိုးမွေးမြူရေး၊ သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေသယံဇာတနှင့် ဂေဟစနစ်ထိန်းသိမ်းရေး၊ မြေအသုံးချမှု စနစ်တကျဖြစ်စေရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုလျော့နည်းသက်သာစေရေး၊ ရေရှည်တည်တံ့သည့် အစိမ်းရောင်မြို့ကြီးများဖြစ်ပေါ်လာရေး၊ ဘေးအန္တရာယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ သမုဒ္ဒရာ၊ ပင်လယ်နှင့် ကမ်းရိုးတန်းဒေသများ ထိန်းသိမ်းရေး၊ သဘာဝသယံဇာများ ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ကိုထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်ရန် လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းများကို အထောက်အကူဖြစ်စေရန်လိုအပ်သည့်မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များကို ချမှတ်ဖော်ဆောင်လျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် အမျိုးသားစွမ်းအင်မူဝါဒဖြင့် အမျိုးသားအဆင့် ရေမူဝါဒထုတ်ပြန်ကြေညာခြင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒရေးဆွဲခြင်း၊ အမျိုးသားရေအရင်းအမြစ် ဥပဒေ (မူကြမ်း) ရေးဆွဲခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ၊ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစီမံချက်နှင့် မြန်မာနိုင်ငံသဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံကို (Extractive Industrits Transparency Initiative) အဖွဲ့ဝင် လောင်းနိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း လက်ခံသတ်မှတ်ပြီး သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာကျင့်ဝတ်များနှင့် အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုအခါ ရာသီဥတုပြောင်းလဲခြင်း၊ လူဦးရေတိုးပွားခြင်းနှင့် သဘာဝသယံဇာတများ ယုတ်လျော့လာခြင်းတို့ကြောင့် မိမိတို့၏ဘုံရည်မှန်းချက်ဖြစ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်မှာ မိမိတို့အားလုံးအတွက် ကြီးမားသည့်စိန်ခေါ်မှုကြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း ၉၀၀၀ အထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားရှိပြီး တိုးတက်လာသည့်လူဦးရေအတွက် သဘာဝသယံဇာတများကို ပိုမိုအသုံးပြုကြရမည်ဖြစ်ပါကြောင်း။

အတိတ်ကာလကလည်း "ဖွံ့ဖြိုးမှုသာ အဓိက၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒုတိယ" ဟူသည့် အတွေးအခေါ်များအဖြစ် စီးပွားရေးကောင်းမွန်စေရန်အတွက်သာ စဉ်းစားတွေးခေါ်လုပ်ဆောင်ခဲ့ကြခြင်းကြောင့် မိမိတို့အနေဖြင့် ကမ္ဘာမြေပူနွေးလာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းကို ရင်ဆိုင်နေရပါကြောင်း။

မှတ်သားမိသလောက် ပြောပြရမည်ဆိုလျှင် "ထောင်စုနှစ်ဖွံ့ဖြိုး တိုးတက်ရေးရည်မှန်းချက်အစီရင်ခံစာ" ၂၀၁၄ အရ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ၁၉၉၀ ပြည့်နှစ်ကထက် ၂၀၁၁ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်း ပိုများခဲ့သည်ဟု သိရှိရပါကြောင်း၊ သစ်တောများ ဧကသန်းနှင့်ချီပြီး နှစ်စဉ်ပြုန်းတီးနေသကဲ့သို့ မျိုးရင်းမျိုးစိတ်များလည်း မျိုးသုဉ်းသွားသည်အထိ ပျောက်ကွယ်လျက်ရှိပါကြောင်း၊ ရေသယံဇာတအရင်းအမြစ်များသည်လည်း ပိုမိုရှားပါးလာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် သဘာဝသယံဇာတအခြေပြုဖွံ့ဖြိုးတိုးတက်မှုပုံစံသည် ယနေ့ခေတ်နှင့် အံမဝင်တော့သည့်အတွက် ပြန်လည် ဆန်းစစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ဆောင်ရွက်နေသော စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများသည် ဂေဟစနစ်မပျက်ယွင်းစေဘဲ သဘာဝသယံဇာတများကို အကျိုးရှိထိရောက်စွာအသုံးချသည့် လုပ်ငန်းများ ဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အစိမ်းရောင်စီးပွားရေး လမ်းကြောင်းပေါ်ကို မိမိတို့အားလုံး မလွဲမသွေပူးပေါင်းပြီး လျှောက်လှမ်းရတော့မည် ဖြစ်ပါကြောင်း။

အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍသည် အလွန်အရေးပါလှပါကြောင်း၊ ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတားဖြစ်စေသည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် တီထွင်ဖန်တီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပုံစံအမျိုးမျိုးဖြင့် နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အားပေးကူညီထောက်ပံ့မှုများ လိုအပ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုး မြှင့်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ငွေကြေးအကူအညီထက် နည်းပညာများရရှိရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေအချိုးအစားကို ပြန်ကြည့်မည်ဆိုလျှင် Demographic Window ဟုခေါ်သည့် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော လူဦးရေအချိုးအစားက ပိုမိုများပြားနေသည့် အချိန်အခါကာလကောင်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့တွင်ရှိသည့်လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပြီး အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆန်းသစ်သည့် နည်းလမ်းများဖြင့် မူဘောင်များကိုအသုံးပြုပြီး ဒေသအချင်းချင်း၊ နိုင်ငံ အချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း တိုးမြှင့်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယခု စတုတ္ထအကြိမ် ကျင်းပသည့် GEGG ဖိုရမ် အောင်မြင်စွာကျင်းပနိုင်အောင် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးကြသော GEGG (မြန်မာ)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ UNDP Smithsonian Istitution၊ နော်ဝေ၊ ဆွီဒင်နှင့် ဂျပန်နိုင်ငံအစိုးရအဖွဲ့အစည်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် လက်ရှိနှင့်အနာဂတ်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည်အရေးကြီးကြောင်း မိမိတို့အနေဖြင့် ကောင်းစွာနားလည်သဘောပေါက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး အထောက်အကူပြုသည့်အစိမ်းရောင်စီးပွားရေး အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် GEGG ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီးနှင့် UNDP ဌာနေကိုယ်စားလှယ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများနှင့် အတူမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

ယနေ့ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ တက်ရောက်ကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ရေအကျိုး(၁၀)ပါး အစီအစဉ် P&G မှ ဒုတိယမြောက်နှစ်အဖြစ် လုပ်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၃

သန့်ရှင်းသော သောက်ရေလှူဒါန်းရန်အတွက် P&G ကုမ္ပဏီမှ ညစ်ညမ်းရေများကို သန့်စင်ပေးသည့်ရေသန့်ဆေးကို ထုတ်လုပ်ထားကြောင်း၊ ရည်ရွယ်ချက်မှာ သန့်ရှင်းသော သောက်ရေသန့်ကို ရက်ပေါင်း ၂ ဒသမ ၅ သန်းစာ လှူဒါန်းနိုင်ရေးအတွက်ဖြစ်ကြောင်း P&G ၏ ထိုင်း-မြန်မာရုံးခွဲမန်နေဂျာ Raul Faico က ပြောကြားသည်။

"ညစ်ညမ်းနေတဲ့ရေ ၁၀ လီတာကို နာရီဝက်အတွင်း သန့်ရှင်းပြီး သောက်သုံးနိုင်တဲ့အခြေအနေကို ပြောင်းလဲပေးနိုင်တဲ့ ရေသန့်ဆေးအိတ်ငယ်လေးတွေကို ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ မြန်မာပြည်က လက်လီအရောင်းဆိုင်ကြီးတွေမှာ P&G ထုတ်ကုန်တွေကိုဝယ်ယူတာနဲ့ လူတစ်ဦးအတွက် တစ်ရက်စာ သောက်ရေသန့်ကိုလှူဒါန်းသွားနိုင်မှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်းကလည်း ကမ္ဘာအနှံ့အပြားဝေးလံခေါင်သီဒေသများနှင့် အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်မှုများအတွက်သောက်ရေသန့် ၆ ဘီလီယံလီတာခန့် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

မွန်းဦးနဒီ

လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၃

ကရင်ပြည်နယ် ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ခရိုင်ပါတီဥက္ကဋ္ဌ ဦးဝင်းတင် ခေါင်းဆောင်သည့် ဖာပွန်မြို့နယ်နှင့်သံတောင်ကြီးမြို့နယ်တို့မှ ပါတီကော်မတီဝင်များနှင့် ပါတီဝင် ၂၀၈ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ၌ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်မှ

ဝန်ကြီး ဦးဟံစိန်က မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ ရေရှည်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးနည်းလမ်း အားလုံးပါဝင်သည့် အမျိုးသား ပို့ဆောင်ရေး ပင်မစီမံကိန်းတစ်ရပ် ရေးဆွဲရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ ပင်မစီမံကိန်းတွင် လေကြောင်းပို့ဆောင်ရေးစီမံကိန်း ၃၂ ခု၊ ရေကြောင်းပို့ဆောင်ရေး စီမံကိန်း ၁၅ခု၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးစီမံကိန်း ၃၃ ခု၊ ရထားပို့ဆောင်ရေးစီမံကိန်း ၁၄ ခု၊ ကုန်းလမ်း ပို့ဆောင်ရေးစီမံကိန်း ၄၈ ခု စုစု ပေါင်း ၁၄၂ ခုကို နှစ်အလိုက် အကောင်အထည်ဖော်ရန် သုံးသပ်ရေးဆွဲထားပါကြောင်း၊ အဆိုပါ ပင်မစီမံကိန်း၏ အပြီးသတ်မူကြမ်းအား ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရရှိပါက Master Planပါ စီမံကိန်းများကို ဦးစားပေး အဆင့်အလိုက်သုံးသပ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပင်မစီမံကိန်းပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုနှင့် ကြီးကြပ်မှုအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့အပါအဝင် အခြား ပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်သည့် အမျိုးသားအဆင့် ဗဟိုကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းက **"မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များစတင်ဖြစ်တည်ရာ ဒေသများ ရေရှည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် သဘာဝဂေဟစနစ်နှင့် မြေမျက်နှာသွင်ပြင်အပေါ် အခြေခံသည့် မြေစီမံခန့်ခွဲမှုမူဝါဒ ရေးဆွဲချမှတ် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က မြေအသုံးချမှု မူဝါဒများတွင် တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေအသုံးချမှု လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သဘာဝနယ်မြေများနှင့် ရေဝေရေလဲဒေသများ ရေရှည်တည်တံ့စေရန်၊ ပတ်ဝန်းကျင် ရေရှည်တည်တံ့စေမည့် မြေသယံဇာတ စီမံခန့်ခွဲရန်၊ ကဏ္ဍအလိုက် မြေအသုံးချမှုဆိုင်ရာဇုန်များ စနစ်တကျဖွဲ့စည်းသတ်မှတ်ရန် စသည့် ရည်မှန်းချက်များချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ဂေဟစနစ်များအား ရေရှည်တည်တံ့စေရန် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံတော်ဧရိယာ၏ ၃၀ ရာခိုင်နှုန်းဖွဲ့စည်းရန်လျာထားခဲ့ပြီး ၂၄ ဒသမ ၈၁ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ သဘာဝနယ်မြေများကို ရေတိုတွင် ငါးရာခိုင်နှုန်း၊ ရေရှည်တွင် ၁၀ ရာခိုင်နှုန်းဖွဲ့စည်း သတ်မှတ်ရန် လျာထားရာ ၆ ဒသမ ၈၄ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် သဘာဝနယ်မြေများတွင် မြန်မာနိုင်ငံ၌သာ တွေ့ရှိနိုင်သည့် မျက်ခုံးဖြူငှက်ပြာခြောက်၊ မြန်မာ့မျိုးရင်းရွှေသမင်များ၊ မျိုးသုဉ်းရန် နီးကပ်နေပြီးဖြစ်သော ကျား၊ မိကျောင်း၊ အာရှဆင်၊ ဝက်ဝံတို့ကို ထိန်းသိမ်းကာကွယ်ထားပါကြောင်း။

မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ စတင်ဖြစ်တည်ရာ ဒေသများရေရှည် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် သဘာဝဂေဟစနစ်နှင့် မြေမျက်နှာသွင်ပြင်အပေါ် အခြေခံသည့် မြေစီမံခန့်ခွဲမှု မူဝါဒရေးဆွဲချမှတ်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို အစိုးရအဖွဲ့အစည်းသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံတကာအဖွဲ့အစည်းများကပါ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ နောင်ကိုလည်း သားစဉ်မြေးဆက်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုရှင်က အဆိုအား လွှတ်တော်တွင် မှတ်တမ်းတင်ထား၍ စောင့်ကြည့်သင့်ကြောင်း ၎င်း၏သဘောထားကို လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ယင်းအဆိုကို မှတ်တမ်းတင်ထား ရှိစောင့်ကြည့်ရန် ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဟိဒဲအိုဝါတာနာဘေးနှင့် အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာယိုရှိတို ဆန်းဂိုးကုတို့အား ယနေ့ညနေ ၄ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင်ပြည်ထောင်စု လွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

အထောက်အထား၊ အချက်အလက်များ ပြည့်စုံပါက ၃ ရက်အတွင်း ကုမ္ပဏီမှတ်ပုံတင်၊ လုပ်ငန်းလိုင်စင်နှင့် ခွင့်ပြုချက်တို့ကို ရရှိနိုင်ပြီဖြစ်ပါကြောင်း၊ သို့ပါ၍ ဝန်ကြီးဌာနအနေဖြင့် ကုမ္ပဏီလုပ်ငန်းမှတ်ပုံတင်များ၊ လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များနှင့် ပတ်သက်သည့် သတင်း

ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း ဖြေကြားစဉ်။
(သတင်းစဉ်)

အချက်အလက်များနှင့် လုပ်ထုံးလုပ်နည်းများပေါင်းချုပ်ကို ထုတ်ဝေပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး၏ **"မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGO, INGOs) နှင့် ပတ်သက်၍ သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၂အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားရှိသော ပြည်တွင်းအသင်းအဖွဲ့ (NGO) ၆၆၃ သင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ (INGOs) ၁၀၆ ဖွဲ့၊ စုစုပေါင်း ၇၆၉ ဖွဲ့သည် ယင်းဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အသင်းအဖွဲ့များအဖြစ် လှုပ်ရှားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းအသင်းအဖွဲ့(NGO)များသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ၎င်းတို့အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်အလိုက် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့(INGOs)များသည်၎င်းတို့ အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ စာချုပ်ပါမူဝါဒများနှင့်အညီ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်တွင် NGO, UN, INGOs အသင်းအဖွဲ့စုစုပေါင်း ၇၆ ဖွဲ့သည် လှုပ်ရှားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ အသင်းအဖွဲ့များမှာ ပညာရေး၊ ကျန်းမာရေး

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးဇုန်လှယ်ထန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ဆောင်ရွက်နေသော အသင်း ၂၆ သင်း၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးအသင်း ၁၃ သင်း၊ ရေကောင်းရေသန့် ရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသော အသင်း ၂၃ သင်း၊ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသော အသင်း(၈)သင်းနှင့် သာရေးနာရေး ဆောင်ရွက်နေသော အသင်း (၆) သင်းတို့ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအခန်း (၃) ပုဒ်မ ၆(စ) တွင် **"ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိရပါက မှတ်ပုံတင်လက်မှတ် လဲလှယ်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းကို ငြင်းပယ်ခြင်း"** ဟူ၍ ပြဋ္ဌာန်းထားရှိသဖြင့် NGO/ INGOs အသင်းအဖွဲ့များအား MoU လက်မှတ်ရေးထိုးထားသော သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသအဖွဲ့အစည်းများ၏ ကြီးကြပ်မှု၊ အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များ၏ ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

❄ ရှေ့ဖုံးမှ

ပန်းလှိုင်မြစ်ဝန်းကျင် ကျေးရွာများအကြောင်းသာဖြစ်သည်။ တပေါင်းလရောက်တိုင်း ဧရာဝတီတိုင်းဒေသကြီးရှိ မြန်အောင်၊ ဟင်္သာတ၊ ဇလွန်၊ အဖျောက်၊ ဆကာကြီး၊ ဓနုဖြူ၊ ညောင်တုန်းမြို့များမှ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နှစ်ထပ်မီးသင်္ဘောကြီးများဖြင့် ဘုရားဖူးလာရောက်ကြသူများသည် ပန်းလှိုင်မြစ်မှ စုန်ချီဆန်ချီသွားလာကြကြောင်း အထင်ကရ ရှိသည်ဟူ၍ သမိုင်းမှတ်တမ်းစာမျက်နှာများအရ လေ့လာတွေ့ရှိရသည်။

ယနေ့ မျက်မှောက်ခေတ်ကာလ၌ မြစ်ကြောင်း၏ဘေးဝဲယာ တစ်လျှောက်၌ရှိ နုန်းများနှင့် ပိတ်စွယ်ပင်တော၊ ကျူတော၊ ကိုင်းတောများပေါက်ရောက်ကာ နုန်းမြေများပေါ်တိုးချဲ့စိုက်ပျိုးနေထိုင်လာခဲ့ကြသည်။ ယခင်ရှေးကကဲ့သို့ မြစ်ကြောင်းကို အမှီသဟဲပြု၍ နှစ်ထပ်သင်္ဘောများဖြင့် စုန်ဆန်သွားလာနိုင်ခြင်းမရှိ။ မယ်ဇလီကျေးရွာမှ အုန်းပင်ကျေးရွာထိသာ ရေရောက်ရှိသည်။ ပန်းလှိုင်မြစ်နှင့်ဆက်စပ်နေသော ရန်ကုန်တိုင်းဒေသကြီး အတွင်း ကျေးရွာ ၃၉ အုပ်စု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးရွာလေးအုပ်စု၊ လူဦးရေ တစ်သိန်းတစ်သောင်းကျော် နေထိုင်ကြသော်လည်း ယခင်မိုးစပါးတစ်ဧက တင်း ၆၀၊ နွေစပါး တစ်ဧက တင်း ၁၀၀ ထွက်ရှိနေရာမှ ယခုတစ်ဧက စပါးတင်း ၃၀ ထွက်ရှိရန် အနိုင်နိုင်ကြိုးစားနေကြရကြောင်း ဒေသခံများက ပြောပြသည်။

ယနေ့ နိုင်ငံတော်အစိုးရ လက်ထက် တိမ်ကောနေပြီဖြစ်သော ပန်းလှိုင်မြစ်အား ဆည်မြောင်းဦးစီးဌာန (ရန်ကုန်) ထိန်းသိမ်းရေး တည်ဆောက်ရေး(၁)၊ တည်ဆောက်ရေး (၉)တို့က ကြီးကြပ်၍ ပြည်တွင်းကုမ္ပဏီ ခုနစ်ခုဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်ကာ စက်ယန္တရား ၃၃၄ စီးနှင့် မြန်မာ ကျပ်ငွေ ၂၂ ဒသမ ၅ ဘီလီယံ အကုန်အကျခံကာ မြစ်ကြောင်းပြန်လည် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေသည်မှာ ယခုရာခိုင်နှုန်း ၆၀ ခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ် မတ်လကုန် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းမှ သိရသည်။

"ပန်းလှိုင်မြစ်ဟာ တံတောင်ဆစ်ကွေး စီးဆင်းနေသောမြစ်တစ်စင်းဖြစ်ပါတယ်။ ပန်းလှိုင်မြစ်တူးဖော်ရာမှာ တမံပိတ်ခြင်းလုပ်ငန်းကို လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းလမ်း အစွန်အဖျားမှ တွံတေးမြို့နယ် ဝါးရုံကျေးရွာအုပ်စု အမှတ်စဉ်ငါးရွာအစပ် မြစ်ကမ်းနှစ်ခုကြား ပေ ၁၂၅၀ မြစ်ပိတ်တမံတစ်ခု၊ လုပ်ငန်းတစ်နေရာဖြစ်ပါတယ်။ ပန်းလှိုင်တံတားအထက် ၁ မိုင်အကွာ အကျယ်ပေ ၁၅၀ တမံတစ်ခု၊ ပန်းလှိုင်တံတားအောက် ၁ မိုင်အကွာပေ ၁၅၀ အကျယ် တမံတစ်ခု၊ မြစ်ပိတ်တမံသုံးခုနဲ့ တူးဖော်နေပါတယ်။ မြစ်အရှည် ၃၄ ဒသမ ၄ မိုင် အစအဆုံးအကျယ်ပေ ၁၅၀၊ အနက် ၁၈ ပေ တူးပါမယ်။ တူးဖော်ရာမှထွက်ရှိလာသော မြေသားများကို မြစ်ကြောင်း ဝဲ/ယာတစ်လျှောက် မော်တော်ယာဉ်မောင်းနှင်နိုင်မည့် ကားလမ်း၊ မြစ်ကူးချောင်းကူးတံတား၊ စုန်ဆန် ခုတ်မောင်းသွားလာနိုင်တဲ့ ကောင်းမွန်တဲ့ရေလမ်းကြောင်းဖြစ်ပေါ်လာမှာဖြစ်တယ်။ ပြီးတာနဲ့ ခေတ်မီရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်းကို နယ်သာလန်နိုင်ငံနှင့်ကိုရီးယားနိုင်ငံ အကူအညီဖြင့် တည်ဆောက်မှာ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး) လက်ထောက်ညွှန်ကြားရေးမှူး ဦးတံခွန်က ပြောကြားသည်။

စီမံကိန်းကြီး ပြီးစီးသွားပါက ပန်းလှိုင်မြစ်အတွင်းစီးဆင်းနေသော မြစိမ်းရောင်၊ ထိုးဝါး၊ မရွှေဥ၊ စန္ဒယော်၊ ကျွဲဒရွတ်၊ ခတ္တိယ၊ လေးမောင်ချောင်း၊ သံပုရာချောင်း ရေစီးရေလာ ကောင်းမွန်လာမှာ ဖြစ်ကြောင်း၊ ပန်းလှိုင်မြစ်ကြောင်းဘေးဝန်းကျင်ရှိ ကျားသစ်ကျွန်း၊ ရွှေမုယင်းကွင်း၊ ညောင်တုန်းကျွန်း ရေကြီးရေမြုပ်မှုတွေ ကင်းဝေးကြရမှာဖြစ်ကြောင်း စီမံကိန်းတာဝန်ခံတစ်ဦးထံမှ သိရသည်။

သို့ဖြစ်၍ ကိုယ့်မြေကိုယ့်ရွာ ကိုယ့်ဒေသမှာဖွံ့ဖြိုးတိုးတက်ကာ လယ်ယာ တောင်သူဦးကြီးတို့အတွက်လည်း လယ်ယာသီးနှံများအထွက်နှုန်းကောင်းမွန်လာမှာဖြစ်၍ အချိန်မီပြီးစီးနိုင်ရေးအတွက် ဒေသခံပြည်သူအပေါင်းက ရှေးနှစ်ပေါင်းများစွာက သမိုင်းကြောင်းတစ်ခေတ်၏ ပန်းလှိုင်မြစ်ကြီးနောင်ရှေးနှစ်ပေါင်းများစွာ အရှည်ကြတည်တံ့ခိုင်မာအောင် အနာဂတ်နိုင်ငံတော်အတွက် ဝိုင်းကာဝန်းကာ စောင့်ရှောက်ထိန်းသိမ်းကြပါရန် အကြံပြုရေးသားလိုက်ပါသည်။

စာအုပ်စာပေ
လူ့မိတ်ဆွေ

ဆောင်းပါး

ပျော်ရွှင်ဆင်နွှဲ ထမနဲပွဲ

ဝိသဇ္ဇက(ပဲခူး)

ဆောင်းရာသီ တပို့တွဲ၊ ထမနဲထိုးကြရာ
ကောက်ညှင်းဆန် မြေပဲနှင့်၊ အုန်းသီးလည်းပါ
ဆီကလေးက သန့်လိုက်တာ
နှမ်းကလေးပါ ထည့်ပေါင်း။
ညီညွတ်မှုသရုပ်ပြ
ဟုတ်လှပေကြောင်း။

(မြင်းမူ မောင်နိုင်မိုး)

တပို့တွဲလသည် ဆောင်းရာသီဖြစ်၍ ညဥ့်အချိန်အခါတွင် နှင်းမှုန်ဖြူလွလွလေးများက ဇာပဝါခြုံလွှမ်းထားသလို အရိုးခိုက်အောင်အလွန်အေးမြသောကာလဖြစ်သည်။ နှာရည်ယိုရွှဲတပို့တွဲဟု ခေါ်စမှတ်ပြုကြသည်။ အပူအအေးတို့ပြိုင်ကြသည့် ရာသီမျိုးမှာ ထမနဲကိုထိုးရင်း အပူဓာတ်ကြောင့်နွေးစေပြီး ပထဝီဓာတ်ပျက်များကို ကုစားနိုင်သည်ဟု ဆိုရိုးစကားရှိသည်။

ကောက်ဦးပေါ်ချိန်တွင် မြန်မာနိုင်ငံအနှံ့အပြား ကျေးလက်တောရွာများအထိ ထမနဲထိုးပွဲများကို ဆင်ယင်ကျင်းပကြသည်။ ဆယ့်နှစ်လရာသီပွဲတော်များအနက် တစ်ပွဲအပါအဝင်ဖြစ်သော ထမနဲပွဲတော်ကို ရှေးမြန်မာမင်းအဆက်ဆက်ကလည်း အမြို့မြို့ အရွာရွာတွင် ခြိမ့်ခြိမ့်သဲသဲကျင်းပလာခဲ့ကြသည်။

ထမနဲယာဂုပွဲတော်အစဉ်အလာကို ဝိနည်းပိဋကတ် မဟာဝဂ္ဂပါဠိတော်၌ ပြဆိုထားပါသည်။ တစ်ရံသော် မြတ်စွာဘုရားသည် များစွာသောသံဃာတော်တို့နှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီကြွချီတော်မူရာ ဇနပုဒ်၌နေသောသူတို့သည် ဆန်၊ ဆီ၊ ဆေး၊ ဆားစသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် မြတ်စွာဘုရားကြွချီရာသို့ လိုက်ပြီးလျှင် ဆွမ်း ဘောဇဉ်အာဟာရတို့ကို ကပ်လှူပူဇော်ကြလေသည်။ ထိုအခါ ပုဏ္ဏားတစ်ယောက်သည်လည်း အလားတူဆွမ်းလုပ်ကျွေးလိုပါသော်လည်း မိမိအလှည့်မကျနိုင်သောကြောင့် အရှင်အာနန္ဒာကိုချဉ်းကပ်၍ ယာဂုနှင့်တကွ ပျားသကာမုန့်ချိုတို့ကို မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့အား ဆက်ကပ်ခွင့်ရပါရန်လျှောက်ထားရာ မြတ်စွာဘုရားလည်း ပုဏ္ဏားအလိုရှိသည့်အတိုင်း ကပ်လှူပူဇော်စေရန်သည်းခံတော်မူလေသည်။ ဤသည်မှစ၍ ယာဂုအလှူပွဲအစဉ်အလာပေါ်ပေါက်ပါသည်။

ယာဂုဟူသည်မှာ ခေတ်စကားနှင့်ပြောရလျှင် ဆန်ပြုတ်ပင်ဖြစ်သည်။ သို့သော် လုံးတော်ဆရာတော်၏ အာဘော်အရ မြတ်စွာဘုရားသည် လေနာနှိပ်စက်သဖြင့်ခံရလေသော် အရှင်အာနန္ဒအား ယာဂုဆွမ်းခံချေဟု မိန့်တော်မူသဖြင့် မာတုဂါမတစ်ဦးထံ အလှူခံရာ ထိုမာတုဂါမက ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ဖြင့် စီရင်ထားသော ယာဂုဆွမ်းကိုကပ်သဖြင့် လေနာငြိမ်းသည်ဟုဆိုသောကြောင့် ယာဂုသည် ငရုတ်၊ ကြက်သွန် စသည်တို့ပါသော ဆန်ပြုတ်တစ်မျိုးဟု ယူဆနိုင်သည်။ တစ်နည်းအားဖြင့် ထမနဲဖြစ်လေသည်။

တပို့တွဲလသည် ဆောင်းရာသီ၏ စတုတ္ထမြောက် အန္တိမရာသီဖြစ်ပါသည်။ ရတုခြောက်ပါးတွင်လည်း သိသိရရတုတွင်ပါဝင်ပါသည်။ "နွေရာသီဟူ ဓာတ်ညီတက်ရှောင်း၊ မိုးနှင့်ဆောင်းမူ၊ ဓာတ်သက်ဟူ၏"ဟူ၍ နရသုခိကျမ်းဆရာက ဖော်ပြထားပါသည်။ ရာသီဆယ့်နှစ်ပါးတွင် ပြာသိုလမှ ဝါဆိုလအထိ "တက်ဥတု"၊ ဝါဆိုလမှပြာသိုလအထိ "သက်ဥတု" ခွဲထားပါသည်။ တက်ဥတုခြောက်လ၌ လူတို့သည်တက်ရုပ်ဖြစ်ကာ တေဇောဓာတ်၊ ဝါယောဓာတ်လွန်ကဲသည်။ ပင်ပန်းနွမ်းလျအားအင်တို့ ကုန်ခန်းကြသည်။ သက်ဥတုခြောက်လ၌ ပထဝီဓာတ်၊ အာပေါဓာတ်လွန်ကဲသည်။ အားအင်တို့ပြည့်ဖြိုးကြကုန်၏။

ဆယ့်နှစ်လရာသီတွင် တပို့တွဲလသည် တက်ဥတုဖြစ်၍ တက်ဥတု၊ သက်ဥတုနှစ်ပါးတွင် ထူးထူးခြားခြားအနေဖြင့် အာဟာရနှင့်ပတ်သက်သော ထမနဲပွဲအလှူကို ထင်ရှားစွာ တွေ့ရှိရပါသည်။ အအေးဓာတ်လွန်ကဲသော တပို့တွဲလနှင့် ဥဏှပထဝီအာကာသဓာတ်စာဖြစ်စေသော ထမနဲထိုးပွဲသည်လိုက်လျောညီထွေရှိလှပါသည်။

ထမနဲထိုးကြရာတွင် တစ်ရွာတစ်ပုဒ်ဆန်း နည်းအမျိုးမျိုးရှိပါသည်။ ၁၂၂၈ ခုနှစ်က စားတော်ချက်ပေမူ မှတ်တမ်းအရ ရှေးမူများလည်းရှိလေသည်။

စားတော်ရဆန်ပေါက်ဝါ၊ လေးပြည်သာသူထည့်မြဲ
ချိန်ပိဿာလျှံကြည်ရွှဲအောင်လို့၊ နှမ်းဆီလည်းထည့်ပြန်
မြေပဲဆန် အဌသုညငယ်နှင့်၊ ဒွတ္တိံ သ တိလဗီဇံ
အုန်းသီးစိပ်ကျပ်ဝီသံငယ်၊ လေနတံချိန်သတ်နှင့်
ချင်းနုဖတ် သိင်္ဂီမျှင်ရွှေ သုံးကျပ်မသွေ...

အဓိပ္ပာယ်မှာ ကောက်ညှင်းဆန်လေးပြည်၊ နှမ်းဆီတစ်ပိဿာ၊ မြေပဲဆန် ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိပ် ၂၀ ကျပ်သား၊ ဆားခုနစ်ကျပ်သား၊ ချင်းစိမ်း ၃ ကျပ်သားတို့ကို ဒယ်အိုးတွင်နှံ့အောင်မွှေ၍ နှဲ့သည်။ ပစ္စည်းအချိန်အဆကို တေးထပ်အရ ယာဂုမှ ထမနဲဖြစ်လာပုံတည်း။

မျက်မှောက်ခေတ်တွင် စာရေးသူကိုယ်တိုင် နှစ်စဉ်လှူဒါန်းခဲ့သော ထမနဲထိုးနည်းမှာ ကျေးဇူးရှင်မာန်လည်ဆရာတော်ကြီး၏ ကဗျာပေါင်းချုပ်ကျမ်းတွင် ပါရှိသည့် ထမနဲထိုးနေကျနည်းဖြစ်သည်။

"တစ်စိတ်ဆန် သည်ကောက်ညှင်းကိုလ၊
တစ်ပိဿာ ဆီကိုထွင်းတယ်၊
ချင်းကသုံးဆယ်...
အုန်းသီးကလည်းကောင်းနယ်၊
နှမ်းရယ်က တစ်ခွက်ပဲ၊
မြေပဲမှာ အတူဟာမို့၊
နမူနာအစဉ်ဖြစ်စေဖို့၊
ဆန်ပေါ်မှာ ရေနှစ်သစ်ကယ်နှင့်
ဆားချိန်တစ်ဆယ်ဖြစ်တယ်
ထိုးစနစ် ထမနဲ..."

ကောက်ညှင်းဆန်ကို ရေစိမ်ထားပြီး ဒယ်အိုးတွင် ဆီသတ်ပါ။ ထို့နောက် ကောက်ညှင်းဆန်ထည့်၍ ကြွပ်အောင်လှော်ပါ။ ကျိုထားသော ရေပူပူကျက်ကျက်လေး ပြန်ထည့်ပါ။ ရေခန်းလျှင် အောက်ချ၍ နှဲ့ပါ။ ထို့နောက် ငါးမိနစ်ခန့် ပြန်နှပ်ပါ။ နှပ်ပြီးသားထမနဲကို ချင်း၊ အုန်းသီး၊ နှမ်း၊ မြေပဲ၊ ဆားတို့ထည့်၍ နှဲ့ခြင်းဖြင့် ထမနဲဖြစ်လာကြောင်း တင်ပြအပ်ပါ၏။

" ဆယ့်နှစ်လရာသီတွင် တပို့တွဲလသည် တက်ဥတုဖြစ်၍ တက်ဥတု၊ သက်ဥတု နှစ်ပါးတွင် ထူးထူးခြားခြားအနေဖြင့် အာဟာရနှင့်ပတ်သက်သော ထမနဲပွဲအလှူကို ထင်ရှားစွာ တွေ့ရှိရပါသည်။ အအေးဓာတ်လွန်ကဲသော တပို့တွဲလနှင့် ဥဏှပထဝီ အာကာသဓာတ်စာဖြစ်စေသော ထမနဲထိုးပွဲသည် လိုက်လျောညီထွေရှိ "

လက်ပံတောင်းတောင်ဒေသဖွံ့ဖြိုးရေး ဒေသခံပြည်သူများ၏လိုအပ်ချက်ဆန္ဒများနှင့်အညီ ဆောင်ရွက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၃

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဒုတိယ ဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးစိုးဝင်း၊ ဒေါက်တာမြင့်အောင်၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကော်မတီဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် နိုင်ငံတော်စီမံကိန်းဖြစ်၍ မဖြစ်မနေ ဆက်လက်အကောင်အထည်ဖော်ရန်အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်မှ အကြံပြုထားပါကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် ခြံစည်းရိုးကာရံပြီးဖြစ်သော်လည်း စီမံကိန်းထုတ်လုပ်မှုလုပ်ငန်းများ စတင်နိုင်ရန် ကျန်ရှိနေသေးသော လုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် စီမံကိန်းလုပ်ငန်းစတင်နိုင်ရန်အတွက် လိုအပ်မည့် အဆောက်အအုံများ SX-EW Plant များ၊ Heap Leaching Pad Cell လိုင်းများစသည့် တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ဟန်ချက်ညီညီ တည်ဆောက်သွားရန် လိုအပ်ကြောင်း။

JMC ကော်မတီအနေဖြင့် တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းလက်တွေ့နယ်ပယ်၌ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များကို JMC ၏ ကြီးကြပ်မှု၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုတို့ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ခြံစည်းရိုးဧရိယာအတွင်း သီးနှံ ဝင်ရောက်စိုက်ပျိုးခဲ့သည့် တောင်သူများအား သီးနှံအမျိုးအစားအလိုက် ဒေသထွက်နှုန်းကို အခြေခံ၍ ဒေသပေါက်ဈေးဖြင့် တွက်ချက်၍ ထောက်ပံ့ကြေးငွေ ပေးအပ်ခဲ့သည့်အပြင် ရိတ်သိမ်းရန် ကျန်သီးနှံများကိုလည်း လုပ်အားခကျခံရိတ်သိမ်း၍ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခဲ့ခြင်းကြောင့် ဒေသခံတောင်သူများ နစ်နာမှုမရှိစေရေး ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြေယာနစ်နာကြေးနှင့် ထောက်ပံ့ကြေးထုတ်ယူရန် ကျန်ရှိသောတောင်သူများ လာရောက်ထုတ်ယူပါက ယခင်စတင်ခံစားခွင့်ပေးခဲ့သည့်လမှစ၍ နောက်ကြောင်းပြန် တွက်ချက်ထုတ်ပေးသွားရန်ဖြစ်ကြောင်း၊ ESIA အစီရင်ခံစာကို အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့၏ အကြံပြုချက်များနှင့်အညီ ထည့်သွင်းရေးဆွဲပြီးဖြစ်၍ အတည်ပြုနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်ဆုံးတော့မည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက်လည်း ကြိုတင်လျာထားလုပ်ဆောင်ကြရန်လိုအပ်ပါကြောင်း၊ Vocational Training သင်တန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စီမံကိန်းထုတ်လုပ်မှုကာလစတင်သည်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ရာ စီမံကိန်း တည်ဆောက်ရေးကာလအတွင်း အလုပ်မရသေး၍ အလုပ်စောင့်ဆိုင်းဆဲကာလအတွင်း Contribution Plan အရ ဆက်လက်ထောက်ပံ့ပေးထားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုများကို ဒေသခံပြည်သူများ၏ လိုအပ်ချက်စိတ်ဆန္ဒများနှင့်အညီ ဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ သီးနှံလျော်ကြေးနှင့် မြေယာနစ်နာကြေးများ ပေးလျော်ခဲ့မှု၊ စီမံကိန်းနယ်မြေနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက စီမံကိန်းနယ်မြေနှင့် စီမံကိန်းလုပ်ငန်းများ လုံခြုံရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စီမံကိန်းနယ်မြေအတွင်းရှိ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် သိမ်းဆည်းမြေယာစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီတို့မှ တာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မိုးပွင့်(အထူး)စီမံချက်လုပ်ငန်းစဉ်များရှင်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ မိုးပွင့်(အထူး)ကွင်းဆင်းစီမံချက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရပ်မိရပ်ဖ မိဘပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် ဇန်နဝါရီ ၃၁ ရက်က စက်ဆန်းရပ်ကွက်နှင့် ကူးတို့ဆိပ်ရပ်တို့တွင် ကွင်းဆင်းရှင်းလင်းပွဲကို သိဒ္ဓိအောင် ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးခင်မောင်ညွန့်(လ. ဝ. က ဦးစီးမှူး)က မိုးပွင့်(အထူး)စီမံချက်ဖြင့် ဆောင်ရွက်ပေးမည့်အကြောင်း ပြောကြားသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ NGO အဖွဲ့ဝင်များ၊ ရပ်ကွက်ရပ်မိရပ်ဖ ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

ပြည်တွင်းသတင်း

ကျိုင်းတုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပ

ကျိုင်းတုံ ဖေဖော်ဝါရီ ၃

ကျိုင်းတုံတက္ကသိုလ်၌ အထူးပြုဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့ရာ အားကစားဆပ်ကော်မတီဥက္ကဋ္ဌ သချ်ာပါမောက္ခ ဒေါက်တာဒေါ်နှင်းဦးက အမှာစကားပြောကြားပြီး မီတာ ၁၀၀၊ ၂၀၀၊ ၁၅၀၀ နှင့် မီတာ ၁၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူ ၁၀၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ကြည့်ရှုအားပေးကြပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်မောင်နိုင်(iprd)

ရဲနွယ်ဆည်ရေသောက်စနစ်အတွင်း ရေပေးမြောင်းများဖော်ထုတ်ရာတွင် ပါဝင်သည့် လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်ပွဲကျင်းပ

ညောင်လေးပင် ဖေဖော်ဝါရီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန (တည်ဆောက်ရေး-၁) လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံးက ရဲနွယ်ဆည်ရေသောက် ရေပေးမြောင်းများ ဖြတ်သန်းရာတွင် ပါဝင်သည့် လယ်ယာမြေများအား လယ်ယာမြေ နစ်နာကြေးပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက အမှာစကားပြောကြားပြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၁)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက လယ်ယာမြေနစ်နာကြေး ပေးအပ်ခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ်အတွင်း ရဲနွယ်ဆည်ရေသောက် ရေပေးမြောင်းများ ဖြတ်သန်းရာတွင်ပါဝင်သွားသည့် ကျေးရွာအုပ်စု ၁၅ အုပ်စုမှ တောင်သူ ၇၁၃ ဦး ပိုင်ဆိုင်သော လယ်မြေဧက ၄၅၃ ဒသမ ၈၄ ဧကအား တစ်ဧကလျှင် ကောင်း လယ်အတွက် ၁၂ သိန်းနှင့် သင့် လယ်အတွက် ၁၀ သိန်းနှုန်းတို့ဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၅၀၅၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်း၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်နှင့် ဦးစောလင်းအောင်တို့က လယ်ယာပိုင်ဆိုင်သော တောင်သူဦးကြီးများအား လျော်ကြေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ၁၅ စုမှ အုပ်ချုပ်ရေးမှူးများ၊ နစ်နာကြေးရရှိမည့် တောင်သူများ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

"လယ်ယာမြေ ထိခိုက်နစ်နာတယ်လို့မခံစားရပါဘူး။ ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ တောင်သူတွေ စိုက်ပျိုးရေးမှာအဓိကကျတဲ့ ရေရရှိအောင် လုပ်ပေးတာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်"ဟု တောင်သူတစ်ဦးက ပြောပြခဲ့သည်။

နေလင်း(ညောင်လေးပင်)

မော်တော်ယာဉ်အရှိန်လွန်ကာ ရောဝတီတံတား(ရတနာပုံ) ဘေးအုတ်ခုံကို ဝင်တိုက်မိ

စစ်ကိုင်း ဖေဖော်ဝါရီ ၃

စစ်ကိုင်းမြို့မရဲစခန်းမှ ဒုရဲအုပ်သန်းလွင်သည် ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီက ရဲစခန်း၌ တာဝန်ထမ်းဆောင်နေစဉ် စစ်ကိုင်းမြို့ရောဝတီတံတား (ရတနာပုံ) ပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးခဲ့ရာတွင် မန္တလေး-စစ်ကိုင်းကားလမ်းအတိုင်း အရှေ့မှအနောက်သို့ ဒေါင်းဖန်း ခြောက်ဘီးအပြာရောင် ယာဉ် ၇က/---- အား ဆားလင်းကြီးမြို့နယ်နေသူ ယာဉ်မောင်း ဇော်ယု မောင်းနှင်လာရာမှ အရှိန်လွန်ကာ တံတားပေါင် အခန်း(၁၀)ခန်း၏ လမ်းဘေးအမှတ်အသားပြ အုတ်ခုံနှင့်ပေါင်အား ကားဘီးညာဘက်နှင့်တိုက်မိခဲ့ရာ အုတ်ခုံ ၁၅ ပေခန့် ပျက်စီးသွားခဲ့သည်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ဇော်ယုအား စစ်ကိုင်းမြို့မရဲစခန်းက အရေးယူစစ်ဆေးလျက်ရှိသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့အကြို ဂုဏ်ပြုပန်းချီပြပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၃

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀) ပြည့်မွေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပန်းချီဆရာကျော်သီဟ၏ "ရင်တွင်းပုံရိပ်" ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၃ ရက်က မန္တလေးတောင်ခြေ ပန်းချီပြခန်း၌ကျင်းပရာ မန္တလေး မြို့တော်မှ ပန်းချီဆရာများ၊ ဝါသနာ ရှင်များ၊ သတင်းမီဒီယာများ၊ ရဟန်း ရှင်လူများ ကြည့်ရှုအားပေးကြသည်။

ပန်းချီကားများကို ဆီဆေး၊ အခရိုင်းလစ်၊ ဖောင်းကြွများရေးဆွဲထားပြီး ရောင်းဈေးမှာ ငွေကျပ်ဆယ်သိန်းမှ သိန်းနှစ်ဆယ်တန်ဖိုးရှိကြောင်း၊ သုံးနှစ်ကျော်ကြာရေးဆွဲခဲ့ရကြောင်း၊ မန္တလေး မြို့၌ တစ်ရက်တည်း ကျင်းပမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အထိ နတ်မောက်မြို့၌ ပြသသွားမည်ဖြစ်ကြောင်း၊ ပန်းချီကား ရောင်းရငွေ နှစ်ဆယ်ရာခိုင်နှုန်းကို ဗိုလ်ချုပ်နှစ်(၁၀၀) ပြည့် ဖြစ်မြောက် ရေးကော်မတီသို့ လှူဒါန်းသွားမည် ဖြစ်ကြောင်း ပန်းချီဆရာကျော်သီဟက ပြောပြသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

နိုင်ငံခြားရေးဝန်ကြီးဌာန
အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း
(Certificate Course in Basic Diplomatic Skills)
သင်တန်းအမှတ်စဉ်(၃၅)အတွက်

သင်တန်းသားခေါ်ယူခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစားသံအမတ်ကြီးများနှင့် ဝါရင့်သံတမန်ကြီးများ၊ ကျွမ်းကျင်သူ ပညာရှင်များကိုယ်တိုင်ပို့ချမည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၃၅)ကို ၂၀၁၅ ခုနှစ် မတ်လတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ နိုင်ငံတကာရေးရာကိစ္စများတွင် စိတ်ပါဝင်စားသူများ၊ နိုင်ငံတကာနှင့် ဆက်ဆံမှုရှိသည့် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီဒါရိုက်တာများ၊ ဝန်ထမ်းများ စာရင်းသွင်းတက်ရောက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ သင်တန်းတွင် သံတမန်ရေးရာ(Protocol)၊ အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးကျင်းပခြင်း (International Conferencing)၊ သံတမန်စာပေးစာယူဆက်သွယ်မှု (Diplomatic Correspondence)၊စေ့စပ်ပြောဆိုမှုနည်းလမ်းများ(Negotiating Techniques) စသည့် ဘာသာရပ်များကို အထူးပြုသင်ကြားပေးမည်ဖြစ်ပါသည်။

၁။ **တက်ရောက်နိုင်သူများ** - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူများ (စီးပွားရေးလုပ်ငန်းရှင်များအတွက် ပညာအရည်အချင်းကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပါမည်)
၂။ **သင်တန်းကာလ** - ရက်သတ္တပတ် ၁၂ ပတ်
၃။ **သင်တန်းနေရာ** - မဟောသဓာ ခန်းမဆောင်၊ ပြည်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့

သင်တန်းလျှောက်လွှာများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာနတွင် စတင်လက်ခံနေပြီဖြစ်ပြီး လျှောက်လွှာများကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နောက်ဆုံးထားလက်ခံပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

ဖုန်း-၂၂၁၅၃၁၊ ၂၂၁၅၃၇၊ ၂၂၂၀၂၈
သင်တန်းကြီးကြပ်မှုကော်မတီ
နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့

ပျောက်ဆုံး

ကျွန်မ စုစုအောင် ၁၂/ဗဟန(နိုင်)၀၈၄၉၈၆၆၏ နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၅၆၃၄၂၅

အမည်ပြောင်းလဲခေါ်ဆိုပါရန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ၅ လမ်းနေ ဦးခင်မောင်လွင်၏သမီး အထက(၁)၊ လပွတ္တာမြို့၊ သတ္တမတန်း(ခ)မှ မခင်သန္တာလွင်အား မသော်တာစုဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပြည်တွင်းသတင်း

အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၃

၁။ နိုင်ငံတော်အစိုးရ၊ လွှတ်တော်များအဖွဲ့၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီနှင့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာ ကွန်ရက်(NNER)တို့သည် ကျောင်းသားများတောင်းဆိုသည့် အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်းသည့် လေးပွင့်ဆိုင်ဆွေးနွေးပွဲများကျင်းပရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုနှစ်ဖေဖော်ဝါရီလ ၁ ရက်နေ့က ရန်ကုန်မြို့ စိန်ရတုခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေး၏ သဘောတူညီချက်အရ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

၃။ ဖေဖော်ဝါရီလ ၃ ရက်နေ့ ပညာရေးဝန်ကြီးဌာနတွင် ပြုလုပ်သည့် ဆွေးနွေးပွဲနေ့၌ ဆွေးနွေးပွဲကျင်းပရေး အသွင်သဏ္ဌာန်နှင့် ပုံစံများတွင် ကွဲလွဲမှုများရှိသည့်အတွက် အစည်းအဝေးစတင်ရန် နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။

၄။ ဤအစည်းအဝေးကျင်းပနိုင်ရန် စီစဉ်ရသည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်အဖွဲ့များသည် စိတ်ရှည်သည်းခံမှုရှိရှိဖြင့် စောင့်ဆိုင်းညှိနှိုင်းခဲ့ပါသည်။

၅။ နိုင်ငံတော်အစိုးရ တာဝန်ရှိသူများအနေနှင့် မလိုလားအပ်သော အကျပ်အတည်းများကို ရှောင်ရှားနိုင်ရေးအတွက် အချိန်ယူ၍ ပြင်ဆင်ရမည့်ကိစ္စရပ်များဖြစ်သည့် အစည်းအဝေး ကျင်းပမည့်ပုံစံနှင့် အာဂျင်ဒါတို့ကို အကျေအလည်ညှိနှိုင်းသဘောတူညီချက်ရမှသာ အစည်းအဝေးများပြန်လည်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၆။ ဆွေးနွေးသည့်အဖွဲ့အစည်းများအကြား ကြိုတင်ညှိနှိုင်းသဘောတူညီချက်များရမှသာ အောင်မြင်သော ဆွေးနွေးပွဲများ ကျင်းပနိုင်မည်ဖြစ်သည့်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့နောက်ပိုင်း၌ ကျင်းပရန်ဆုံးဖြတ်ခဲ့ကြပါသည်။ အစိုးရအဖွဲ့အနေနှင့် ဖေဖော်ဝါရီလ၁၂ ရက်နေ့နောက်ပိုင်း ကျောင်းသားများ ရွေးချယ်မည့်နေ့တွင် အစည်းအဝေးများ ပြန်လည်စတင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ နိုင်ငံတော်အစိုးရ၊ လွှတ်တော်များအဖွဲ့၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီနှင့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်(NNER)အဖွဲ့များ အားလုံးအနေနှင့်လည်း အောင်မြင်သည့်ဆွေးနွေးပွဲများကျင်းပနိုင်ရန်အတွက် လိုအပ်သော အကြိုညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားကြရန် သဘောတူညီခဲ့ကြပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

KIA (ကချင်)အဖွဲ့မှ သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခြင်းကြောင့် ဒေသခံပြည်သူတစ်ဦးဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၃

ကချင်ပြည်နယ် တနိုင်းမြို့တွင်နေထိုင်သော ဦးဇင်ဝင်း(ခ)ဇင်ဝိုင်း (၂၇ နှစ်)နှင့် မောင်ဖိုးချို(၁၈နှစ်)တို့ နှစ်ဦးသည် ဖေဖော်ဝါရီ ၁ ရက် ညနေပိုင်းတွင် တနိုင်းချောင်းအတွင်း ငါးရှာရန်အတွက် စက်လှေဖြင့် ထွက်ခွာခဲ့ပြီး ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် တနိုင်းမြို့ အနောက်ဘက် တစ်မိုင်ခန့်အကွာသို့ရောက်ရှိစဉ် KIA (ကချင်)အဖွဲ့က လိုက်လံဖမ်းဆီးခြင်းကြောင့် စက်လှေအား မောင်းနှင်ထွက်ပြေးခဲ့ရာ KIA (ကချင်)အဖွဲ့က သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့သဖြင့် မောင်ဖိုးချိုအား ဖမ်းမိကာ ဦးဇင်ဝင်း(ခ) ဇင်ဝိုင်းမှာ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

ထွက်ပြေးလွတ်မြောက်ခဲ့သော ဦးဇင်ဝင်း(ခ)ဇင်ဝိုင်းမှာ KIA (ကချင်)အဖွဲ့၏ ပစ်ခတ်မှုကြောင့် ညာဘက်ခါးတွင် ဒဏ်ရာရရှိခဲ့ပြီး တနိုင်းမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသလျက်ရှိရာ တပ်မတော်မှ တာဝန်ရှိသူများက သွားရောက်၍ အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ယဉ်ကျေးမှုအဖွဲ့များအားတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ် (၇)တည်းခိုရေးစခန်းရှာတော်သို့ ရောက်ရှိပြီး ယဉ်ကျေးမှုအဖွဲ့များအတွက် စီစဉ်ပေးထားသည့် ပြည်သူ့စာကြည့်တိုက်၊ ဆေးခန်း၊ အင်တာနက်၊ ဆက်သွယ်ရေးစခန်းနှင့် စာအုပ်အရောင်းဆိုင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့ဝင်များအားတွေ့ဆုံ၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

တင်ထွန်းအောင်

လှိုင်သာယာ တော်ဝင်အထည်ချုပ်စက်ရုံ ဗွိုင်လာအိုးစွန့်ပစ်ပြာမှ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကနောင်မင်းသားကြီးလမ်းရှိ တော်ဝင်မြန်မာအထည်ချုပ်စက်ရုံတွင် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က စက်ရုံထိပ်ရှိ ဗွိုင်လာအိုးမှ စွန့်ပစ်သော ပြာမှုတစ်ဆင့် ကတ်ထူစက္ကူ ပလတ်စတစ်အိတ်၊ သစ်သားစအချို့ကို လောင်ကျွမ်းခဲ့ရာ အချိန်မီငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်ယာဉ်ငါးစီးဖြင့် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီက မီးငြိမ်းခဲ့သည်။ မီးလောင်မှုဖြစ်စဉ်ကြောင့် ဗွိုင်လာအထွေထွေတာဝန်ခံ ကိုမြင့်ဗိုဗို (၃၃နှစ်) အမှတ် (၇) ရပ် ကွက် ဦးသာထင်အဆောင်တွင် နေထိုင်သူကို မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၁၆၄)

GOLDEN STAR Travels & Tours
Feb-27, Mar-26, April.....
ကျိုက်ထီးရိုး
ရွှေရောင်သာ
ငွေဆောင်
Ph: 209200, 544383, 430480, 703448, 705968, 09-5081580

ဆရာ ဦးအောင်သောင်း
ဖုန်း – 09 5192923 ၊ 01 246108

Container
Phone : 377 343-377 344 - 38 57 68 - 38 68 77-39 22 33

Feb - 2

Jelly Candy
Aloe Vera
sauce
01-248014
09-73181875
01-379071
1 (5.2.15) မှ (10.2.15) 3 (11.2.15) မှ (16.2.15)
2 (8.2.15) မှ (13.2.15) 4 (14.2.15) မှ (19.2.15)
MASTER

ဦးသန်းအောင်
LCCI - Level I & II (၄)လအပြတ်
HP : 09-508 6487, 09-4200 20993, 09-4200 14106

23

မိဘအမည်မှန်
မိုးကောင်းမြို့၊ အထက(၁)၊ Grade 6 မှ မမြတ်နိုးငယ်၏ မိဘအမည်မှန်မှာ ဦးဖြိုးဝေနှင့် ဒေါ်မပပလင်း ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မနောက်ရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၀၄၉၁) နှစ် ၃၀အငှားဂရန် မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဒေါ်အေးမွန်သင်း ၉/ပမန(နိုင်)၀၁၁၀၃၂ (ဘ)ဦးကျော်ဒွန်းက မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းစက်ရုံများရှိ ဝင်းသူဇာအရောင်းဆိုင် လက်ကျန်ပစ္စည်းများအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၂။ **ရောင်းချမည့်ပစ္စည်းများ** - အထည်အလိပ်များ၊ ဆေးဝါးနှင့် စားကုန်များ၊ စက္ကူနှင့် အိမ်သုံးပစ္စည်းများ၊ ကြွေထည်မြေထည်ပစ္စည်းများ
(ရောင်းချမည့်ပစ္စည်းများအား သက်ဆိုင်ရာစက်ရုံများ၌မျက်မြင်ကြည့်ရှုနိုင်ပါသည်။)

၃။ **ဈေးပြိုင်တင်ဒါပုံစံရောင်းချမည့်နေရာ**-
(က) အမှတ်(၅) အထည်စက်ရုံ (ပခုက္ကူ)၊ အမှတ်(၁၀) အထည်စက်ရုံ(တောင်သာ)၊ (ရေစကြို၊ မြိုင်၊ ကျောက်ထု၊ တောင်သာ၊ ဆော၊ ပေါက် ဝင်းသူဇာ)
(ခ) အမှတ်(၆)အထည်စက်ရုံ (ဆားလင်းကြီး) (ဆားလင်းကြီး၊ ယင်းမာပင်၊ ပုလဲ ဝင်းသူဇာ)
(ဂ) အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်) အထည်အလိပ်လုပ်ငန်း၊ ရန်ကုန်ရုံးခွဲ၊ ပုညဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (အနောက်မရမ်းကုန်း၊ မြို့မဈေး ဝင်းသူဇာ/ပြည်ဝင်းသူဇာ)

၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ

၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ**
- ၂၂-၂-၂၀၁၅ရက်၊ ပခုက္ကူမြို့၊ အမှတ်(၅ အထည်စက်ရုံ(ပခုက္ကူ)
- ၂၃-၂-၂၀၁၅ ရက်၊ ဆားလင်းကြီးမြို့၊ အမှတ်(၆ အထည်စက်ရုံ (ဆားလင်းကြီး)
- ၂၅-၂-၂၀၁၅ ရက်၊ ရန်ကုန်မြို့၊ အထည်အလိပ်လုပ်ငန်း၊ ရန်ကုန်ရုံးခွဲ

၆။ **အသေးစိတ်သိရှိလိုပါက** - ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၈၃၆၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်တွင်းသတင်း

ဖားကန့်မြို့ရှိကျောက်စိမ်းတောင်ကုမ္ပဏီ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၃

ကချင်ပြည်နယ် ဖားကန့်မြို့ရှိ ကျောက်စိမ်းတောင်ကုမ္ပဏီ၏ရုံးခန်းနှင့် စားချက်ဆောင်တို့၌ ဇန်နဝါရီ ၃၁ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်စစ်ကြောင်းများကသွားရောက်၍ လုံးခင်းကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ မီးငြိမ်းသတ်ပေးခဲ့ခြင်းကြောင့် ည ၁၀ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုအား စုံစမ်းစစ်ဆေးရာ ရေမဆေးကျောက်ရှာဖွေသူ အင်အား ၃၀ ခန့်က မီးလောင်စေသောအရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့ခြင်းကြောင့် မီးလောင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မီးလောင်မှုတွင် ကုမ္ပဏီဝန်ထမ်းမောင်အောင်ကျော်ထွန်း၊ မောင်ရဲမင်းနိုင်တို့နှစ်ဦးမှာ ဒဏ်ရာအနည်းငယ်စီရရှိခဲ့သဖြင့် ဖားကန့်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ကျောက်စိမ်းတောင်ကုမ္ပဏီ(မလန်း) ကျောက်ကြောမြေစာပုံဝင်းအတွင်း မီးလောင်ကျွမ်းနေစဉ်။

ဖားကန့်မြို့နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်စစ်ကြောင်းများနှင့် KIA (ကချင်)အဖွဲ့ ထိတွေ့တိုက်ခိုက်မှုဖြစ်ပွား

ဖားကန့် ဒေသအတွင်း တပ်မတော်စစ်ကြောင်းနှင့် KIA (ကချင်)အဖွဲ့ ထိတွေ့တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ။



နေပြည်တော် ဖေဖော်ဝါရီ ၃

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း KIA (ကချင်) အဖွဲ့မှ ဒေသခံပြည်သူများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊လုံခြုံရေးတာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား နှောင့်ယှက်ပစ်ခတ်ခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိသည်။

ထိုသို့ KIA (ကချင်) အဖွဲ့မှ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေခြင်းကြောင့် တပ်မတော် စစ်ကြောင်းများက ဖားကန့်မြို့နယ်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် ဖားကန့်မြို့နယ်၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်သို့ ရောက်ရှိစဉ် KIA (ကချင်) အဖွဲ့မှ အင်အား ၄၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများက ပြန်လည်ခုခံတိုက်ခိုက်ကာ အဆိုပါနေရာအား ထိန်းချုပ်သိမ်းဆည်းခဲ့သည်။

ထိတွေ့ တိုက်ပွဲဖြစ်ပွားမှုတွင် KIA (ကချင်) အဖွဲ့ထံမှ ပွိုင့် -၂၂ သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ၄င်းကျည် ၃၀ တောင့်၊ လက်ပစ်ဗုံး နှစ်လုံး၊ ကေအို ကျည် ၅၀ တောင့်၊ အမ်-၂၂ ကျည်အိမ်တစ်ခု၊ ဒီတိုနေတာ ၁၆၅ ချောင်း၊ ၄၀ မမ ဗုံးသီး နှစ်လုံး၊ KIA (ကချင်) ယူနီဖောင်း ၁၅ ထည်တို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ စစ်သည်လေးဦး ကျဆုံးကာ ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရ စစ်သည်များအား ခေါ်ဆောင်ရန်အတွက် ဆိပ်မူကျေးရွာမှ တပ်မတော်စစ်ကြောင်းများက လာရောက်ပူးပေါင်းဆောင်ရွက်စဉ် ဖားကန့်မြို့၏ တောင်ဘက် တစ်မိုင်ခွဲခန့်နေရာသို့ ရောက်ရှိစဉ် KIA (ကချင်) အဖွဲ့အချို့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စောင့်ကြိုပစ်ခတ်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ KIA (ကချင်) အဖွဲ့မှ အလောင်းတစ်လောင်း၊ သံသယဖြစ်ဖွယ်ငါးဦး၊ လူနေတဲငါးလုံး၊ လမ်းလျှောက်စကားပြောစက်တစ်လုံးနှင့် ဆိုင်ကယ်သုံးစီးတို့အား သိမ်းဆည်းရမိခဲ့ပြီး ပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၈၁၄၅ Toyota Carina CT.176,S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးအမောင် ၇/သနပ(နိုင်)၀၆၄၈၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် မောင်ဇလိထန်း အသက် (၁၂)နှစ် မြန်မာစကားကောင်းစွာမပြောတတ်(ချင်းလူမျိုး)သည် အမှတ် ၈၊ မင်္ဂလာလမ်း၊ ၉ရပ်ကွက်၊ မအူပင်မြို့တွင် လာရောက်လည်ပတ်နေထိုင်ရင်း ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်(ကျေးဇူးဆပ်ပါမည်)လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း။

ဆက်သွယ်ရန်ဖုန်း-၀၉-၃၂၁၂၈၉၄၃၊ ၀၉-၂၅၄၇၉၉၁၁၇

ကျန်းမာရေးပြုစုစောင့်ရှောက်ရန် ဆရာဝန်မတစ်ဦး

အလိုရှိသည်

(ရန်ကုန်မြို့တွင်းအတွက်သာ)

လစာ - ၃၀၀၀၀၀ကျပ်/- (သုံးသိန်းကျပ်)

အလုပ်ချိန် - နံနက်(၉း၀၀)နာရီ မှ ညနေ(၆း၀၀)နာရီ ထိ (တနင်္ဂနွေနေ့တိုင်းအနားပေးသည်)

၁။ အသက်(၂၄)နှစ်မှ(၂၉)နှစ်အတွင်း ဖြစ်ရမည်။

၂။ ရုပ်ရည်ပြေပြစ်ရည်မွန်သူ ဖြစ်ရမည်။

၃။ အိမ်ထောင်မရှိသူအပျို ဖြစ်ရမည်။

၄။ စိတ်ရှည်၊ နားလည်၊ သီးခံတတ်သူ ဖြစ်ရမည်။

၅။ တကိုယ်ရေသန့်ရှင်းသပ်ရပ်သည့်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ဓါတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်၊ CV၊ ဆေးလက်မှတ်မိတ္တူ၊ ဖြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်အပြည့်အစုံ၊ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ အောက်ဖော်ပြပါလိပ်စာသို့ ဤကြော်ငြာပါသည့်နေ့မှ(၂)ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ အင်တာဗျူးသည့်နေ့တွင် မူရင်းများလည်းတင်ပြနိုင်ရမည်။

အမှတ်(၉၆-E) လမ်းသစ်လမ်း၊ တော်ဝင်အိမ်ရာ၊

အာလိန်ငါးဆင့်ဘုရားအနီး၊

ဝပ်ရှော့ကားမှတ်တိုင်တွင်ဆင်း၊ အင်းစိန်မြို့နယ်။



ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/7329 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိ စေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဏ/၁၀၄၄ ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိ စေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကြော်ငြာ

ဆေးတက္ကသိုလ်(၁) ကျောင်းသားကျောင်းသူဟောင်းများအသင်းမှ ကြီးမှူးကျင်းပသော...

ဇီဝကရဲ့ဂီတည

"ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုငွေပဒေသာပင်ရန်ပုံငွေ"

နိုင်ထူး၊ စည်သူလွင်၊ ဖော်ပိုင်၊ L လွန်းဝါ၊ ဖြိုးပြည့်စုံ၊ မေဆွိ၊ မေခလာ၊ ဇမ်နူး၊ ရှင်ဖုန်း၊ ချစ်သုဝေ
ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ အိမ့်ချစ်၊ နေနေ၊ နီနီခင်ဇော်၊ နန်းမြတ်ဖြိုးသင်း၊ ဆုထက်လှိုင်

ဥက္ကာဦးသော **PLUS THREE** Music Band



ဖေဖော်ဝါရီလ(၆)ရက်၊၂၀၁၅(သောကြာနေ့) ညနေ(၆း၃၀)နာရီ အမျိုးသားဇာတ်ရုံ

50000 Ks. 30000 Ks. 20000Ks. 10000Ks.

လက်မှတ်အရောင်းဌာန
မန်းသီရိတေးသံသွင်း - ဖုန်း - 01-392931၊ **Call Center 1876** (1886)
KOKO Beauty Salon - ဒဂုံစင်တာ(၁) ဖုန်း - 01-526961(Ext:106)

ဇီဝကရဲ့ဂီတည Sponsored by: Oramin-C ANTI-STRESS FORMULA

Media Partner Media Partner

ဘတ်ဂျက်နှစ်အတွင်း လုပ်ငန်းများ အရည်အသွေးမီပြီးစီးရေး ဆောင်ရွက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၃

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကမန်းဒူနော်၊ စည်ပင်သာယာရေး ဝန်ကြီး ဦးအလေးပါးတို့နှင့်အတူ ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်ရှိ အေးမြသာယာ အဆင့်မြင့် ဈေးတည်ဆောက်မှု၊ နန်ပေါင် ချောင်းကွင်းလမ်း ပေါ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ပေ ၂၈၀ အရှည်ရှိ နန်းကွေ့(ရွှေအိုက်) တံတားကို ကွန်ကရစ်တံတားအဖြစ် အဆင့်မြင့် တည်ဆောက်နေမှု၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ငါးမိုင် သုံးဖာလုံအရှည်ရှိ ပမ္မတီး ပြည်ထောင်စုလမ်း ကတ္တရာလမ်း ဖောက်လုပ်နေမှု၊ ရွှေအိုက်ရပ်ကွက်အတွင်း ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဗို့ ၄၀၀ ဓာတ်အား တည်ဆောက်ရေးလုပ်ငန်းတွင် ရပ်ကွက်အတွင်း မီးရရှိရေး၊ ကွန်ကရစ်မီးတိုင်များ စိုက်ထူ၍ (11 -KVA) ကြိုးများ သွယ်တန်းနေမှု၊ ကြက်ပေါင်ခြံ ရပ်ကွက်ရှိ အရှည် ပေ ၅၀၀၀ ရှိ ဇရာဝတီလမ်းကို ကတ္တရာလမ်း ဖောက်လုပ်နေမှု၊ ခေမာသီရိရပ်ကွက်တွင် ပညာရေးဝန်ကြီးဌာန ဘတ်ဂျက်ဖြင့် အမှတ်(၁၉) အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့စာသင်ဆောင်သစ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အရည်အသွေးမီ စံချိန်မီပစ္စည်းများ စနစ်တကျသုံးစွဲ ဆောင်ရွက်ရေးကို မှာကြားခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆု ကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များစေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၃၆ ဦးနှင့် ဘွဲ့မယူသော သင်တန်း (Training) သို့ ပညာသင် ၂၁၁ ဦး၊ စုစုပေါင်းပညာသင် ၂၄၇ ဦးကို ပြည်ပနိုင်ငံ (၁၆)နိုင်ငံသို့ သွားရောက် ပညာသင်ယူဆည်းပူးနိုင်ရေးစီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဇန်နဝါရီလအတွင်း နိုင်ငံ့ဝန်ထမ်းများအား အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး

မိုးကောင်း ဖေဖော်ဝါရီ ၃

မိုးကောင်းမြို့နယ် ဖွေးပေါ်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်နံနက် ၁၀ နာရီက ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးတို့က ဌာနဆိုင်ရာလုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ဒေါ်စမ်းစမ်းဝေ မိသားစုနှင့် စေတနာရှင်များကိုယ်စား ငွေကျပ် ခြောက်သိန်းကျော် တန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့က ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

ဝင်းအောင်

ရမည်းသင်းမြို့နယ် ဖွံ့ဖြိုးရေးဆောင်ရွက်ရန် ကျပ် သိန်း ၁၀၀၀ ပေးအပ်

ရမည်းသင်း ဖေဖော်ဝါရီ ၃

ရမည်းသင်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်မှ ရန်ပုံငွေကျပ် သိန်း ၁၀၀၀ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က မြို့နယ် ထွေအုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေများခွဲဝေပေးခြင်းဖြစ်ကြောင်း၊ ဟာကွက်မရှိ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က မိမိတို့ရပ်ကွက်၊ ကျေးရွာဒေသများတွင် ရေရရှိရေးလုပ်ငန်း ၂၁ ခုအတွက် ငွေကျပ် သိန်း ၂၁၀ နှင့် ကျေးလက်လမ်းတံတား ၇၂ ခု အတွက် ငွေကျပ် သိန်း ၇၉၀ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀၀ ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လုပ်ကိုင်သွားကြရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းတို့က ခွင့်ပြုငွေကျပ် သိန်း ၁၀၀၀ ကို ပေးအပ်ခဲ့ကြောင်းသိရသည်။ **(၀၁၁)**

စာအုပ်စာပေ
လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

သတင်းတို

ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းအဆင့်မြှင့်တင်

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်တွင် ကျေးလက်နေပြည်သူများ သွားလာမှုအစဉ်ပြေစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ယူ၍ ကျေးရွာချင်းဆက်လမ်းများကို အသစ်ဖောက်လုပ်ပေးခြင်းနှင့် ရှိပြီးလမ်းတို့ကို အဆင့်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေရာဝိန်းမိုင်ကျေးရွာအုပ်စုအတွင်းရှိ လွယ်အင်နှင့် ဝိန်းမိုင်ကျေးရွာဆက်သွယ်သော လွယ်အင်-ဝိန်းမိုင်လမ်း အမာခံကျောက်ချောလမ်းကို ငွေကျပ်သန်းပေါင်း ၁၁၀ ဒသမ ၈၅၀ အကုန်အကျခံ၍ ဆောင်ရွက်ပေးကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)

အသက် ၁၀၀နှင့်အထက် အဘိုးအဘွားများအား ဂုဏ်ပြု

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်တွင် အသက် ၁၀၀ နှင့်အထက် အဘိုးအဘွားနှစ်ဦးကို နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ ရက်က တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက ပြည်ကြီးမဏ္ဍိုင်မြို့၊ ရွှေဂဲညိုကျေးရွာမှ အသက် ၁၀၂ နှစ် အဘိုးဦးချစ်ခင်နှင့် ဘုတ်ပြင်းမြို့ ရေငံကြီးကျေးရွာမှ အသက် ၁၀၁ နှစ်ရှိ အဘွားဒေါ်တင်ငွေတို့နှစ်ဦးကို နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေများကို အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ချီးမြှင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စလင်းမြို့တွင် အရန်သားဖွားသင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် အရန်သားဖွားသင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို စလင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ အစည်း အဝေးခန်းမ၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်မှုနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်ခင်ထွန်းက သင်တန်းပို့ချဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသူများအား မြို့နယ်စေ့စပ်ညှိနှိုင်းရေးမှူး ဒေါက်တာမြတ်မင်းသူက ဝတ်စုံစရိတ် ထောက်ပံ့ပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၃၉ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ စာတွေ့သုံးလနှင့် လက်တွေ့သုံးလသင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘောလုံးပြိုင်

မိတ္ထီလာ ဖေဖော်ဝါရီ ၃

မိတ္ထီလာ တက္ကသိုလ်ဘာသာရပ် ပေါင်းစုံ အမျိုးသားအမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၇ နာရီက ပေါက်ချောင်း အားကစားကွင်းနှင့် ပညာရေး ကောလိပ် အားကစားကွင်းတို့တွင် စတင်ကျင်းပကြောင်း သိရသည်။

ပေါက်ချောင်း အားကစား ကွင်းတွင်ယှဉ်ပြိုင်သည့် အမျိုးသား ဘောလုံးပြိုင်ပွဲ၌ ရုက္ခဗေဒအသင်းကို ရူပဗေဒအသင်းက သုံးဂိုး-ဂိုးမရှိ၊ ပညာရေးကောလိပ် အားကစားကွင်း တွင် ယှဉ်ပြိုင်ကစားသည့် အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ ဓာတုဗေဒအသင်း ကို ရူပဗေဒအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယင်း ဘောလုံးပြိုင်ပွဲများသို့ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ကိုကိုကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြ သည်။ မိတ္ထီလာ တက္ကသိုလ်ဘာသာ ရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် အမျိုးသား အသင်းကိုးသင်း၊ အမျိုးသမီးငါးသင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲအား ၁၃ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ပြည်တွင်းသတင်း

တစ်လတွင်တစ်ကြိမ်သာ ဖွင့်လှစ်ရောင်းချသည့် မြစ်ငယ်မြို့ လခချစျေးကြီး

မန္တလေး ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ တစ်လတွင် တစ်ကြိမ်လစာထုတ်ပေးသည့်ရက်တွင် ဖွင့်လှစ်ရောင်းချသည့် လခချစျေးကြီးတွင် ရောင်းသူ ဝယ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ထိုဈေးကြီးတွင် မြစ်ငယ်မြို့ လူစီးတွဲနှင့် ကုန်တွဲစက်ရုံရှိ မီးရထားဝန်ထမ်းများ လစာထုတ်ပေးသည့်ရက်တွင် ဝန်ထမ်းမိသားစုများ လိုအပ်သည့်အသုံးအဆောင်နှင့် စားသောက်ကုန်များဝယ်ယူနိုင်ရန် အဓိကထားပြီး လာရောက်ရောင်းချပေးခြင်းဖြစ်ကြောင်းနှင့် ၎င်းဈေးနေ့ကို လာရောက် ရောင်းချပေးသည့်ဈေးသည်တိုင်း အရောင်းအဝယ်ကောင်းသည့်အတွက် လူသိများလာကာ အနယ်နယ်အရပ်ရပ်မှ ဈေးသည်နှင့် ဒေသခံများ လာရောက်ဝယ်ယူရောင်းချမှုများကြောင့် ဈေးတန်းကြီးမှာ တစ်နှစ် ထက်တစ်နှစ် ပိုမိုစည်ကားလာခဲ့ကြောင်းဖြင့် မန္တလေးမြို့မှ ဈေးလာရောက်ရောင်းချသူ ကိုလှမျိုးအောင်က ပြောသည်။

"ကျွန်တော်က မန္တလေးကနေ အဝတ်အထည်တွေလာရောင်းတာပါ။ ဈေးနှုန်းကတော့ ပုံမှန်ပါပဲ။ တစ်လတစ်ကြိမ်သာဖွင့်လို့ ရောင်းကောင်းတဲ့အတွက် လာရောင်းတာပါ။ မန္တလေးမှာ ရောင်းရတဲ့ တစ်ရက်နှုန်းချင်းနှိုင်းယှဉ်ရင် ဒီမှာက ပိုရောင်းရပြီး တစ်ရက်ကို ငွေကျပ် နှစ်သိန်းကျော်ဖိုးလောက် ရောင်းရပါတယ်။ ကျွန်တော်တို့လိုပဲ ကလော၊ အောင်ပန်း၊ တောင်ကြီးမြို့တွေကနေ လက်ဖက်ခြောက် လာရောင်းတဲ့သူတွေ၊ အနီးအနားမြို့တွေဖြစ်တဲ့ မတ္တရာ၊ စစ်ကိုင်း၊ မုံရွာမြို့တွေက ဒေသထွက်ကုန်တွေ အသီးသီးလာရောင်းကြပါတယ်"ဟု ၎င်းက ပြောသည်။

"ဒီဈေးဖြစ်ပေါ်လာတာက ရာစုနှစ်တစ်ဝက်ကျော်ပြီ။ ဒါပေမယ့် တဖြည်းဖြည်း လူသိပြီး အနီးအနားရွာတွေကပါ လာရောင်းကြ၊ဝယ်ကြတော့ တစ်လထက်တစ်လ ပိုပြီးစည်ကားလာတဲ့အပြင် ပစ္စည်းအမျိုးအစားကလည်း ပိုပြီးစုံသွားတယ်။ ဒါကြောင့် ပိုက်ဆံရှင်နေတဲ့ လခထုတ်ရက်မှာဆို လိုချင်တာကို အဆင်သင့်တွေ့ရတဲ့အတွက် ဝယ်ရတာအဆင်ပြေပါတယ်။ ဈေးတန်းကြီး ဘယ်လောက်ရှည်လဲဆိုရင် စက်ရုံဝင်ပေါက်ကနေ စစ်ကိုင်း၊ မြစ်ငယ်လမ်းအထိရှိပါတယ်။ မန္တလေးအခေါ် လေးပြလောက် အကွာအဝေးရှိပါတယ်။ တောင်ပြုန်းပွဲတော် နီးပါးလောက် စည်ကားပါတယ်"ဟု ဒေသခံ ကိုမောင်မောင်စိုး (မြစ်ငယ်) က ပြောသည်။

အဆိုပါဈေးတွင် ဝယ်ယူနေသူ မရီရီစိုးကလည်း "ကျွန်မအမျိုးသားက မီးရထား စက်ရုံဝန်ထမ်းပါ။ လကုန်ရက်ဆို သူ့လစာကို လာစောင့်ယူပြီး ကလေးတွေနဲ့အတူ ဒီဈေးကြီးမှာ လိုအပ်တဲ့ အဝတ်အထည်တွေနဲ့ အသုံးအဆောင်တွေကို အမြဲလာ ဝယ်ဖြစ်တယ်။ လိုချင်တာ အကုန်ရှိနေတဲ့အတွက် အဆင်ပြေပါတယ်။ ထမင်း၊ ဟင်းကအစရတဲ့အတွက် ဒီနေ့လိုမျိုးဆို ဈေးကပဲဝယ်ပြီး မိသားစုတွေ စားလိုက်တယ်"ဟု ဆိုသည်။

လခချစျေးဟူသော ဝေါဟာရမှာ အင်္ဂလိပ်လက်ထက်က လစာထုတ်ပေးသည့် ရုံးကြီးမှာ နှစ်ထပ်အဆောက်အအုံဖြစ်သဖြင့် အပေါ်ထပ်မှ အောက်ထပ်ရှိဝန်ထမ်းများကို တစ်ဦးချင်း လစာချပေးသည့်စနစ်ကြောင့် ထိုနေ့တွင် ဖွင့်လှစ်သည့်ဈေးကြီးကိုလည်း လခချစျေးဟု ခေါ်ဆိုခြင်းဖြစ်ကြောင်းနှင့် လက်ရှိ မြစ်ငယ်မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံတွင် ဝန်ထမ်း ၁၄၀၀ လုပ်ကိုင်လျက်ရှိပြီး ဝန်ထမ်းမြို့တော် ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



ဆည်ရေဖျန်းစနစ်ဖြင့် လယ်ယာစိုက်ပျိုးခြင်း သရုပ်ပြ

ပြည် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ်အတွင်း ဆည်ရေဖျန်းစနစ် (PIVOTIRRIGATION SYSTEM) ဖြင့် လယ်ယာစိုက်ပျိုးသရုပ်ပြခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က ရွှေပြည်မြေကုမ္ပဏီလီမိတက် ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်မြေ ကုမ္ပဏီလီမိတက်မှ ဦးညိုဦးက ဆည်ရေသောက်စနစ်သည် မြေကြီးထဲသို့ ရေများစိမ့်ဝင်သည့်အတွက် ဆုံးရှုံးမှု ရေပမာဏများကြောင်း၊ ယခုသရုပ်ပြသသည့် ဗဟိုဆုံလည်ရေဖျန်းစက်စနစ် (မိုးတုရွာသည့်စနစ်) ဖြင့် စိုက်ပျိုးလျှင် ရေဆုံးရှုံးမှုနည်းပါးကြောင်း၊ လယ်သမားများ အတွက် နည်းပညာအသစ်နှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

၎င်းကဆက်လက်၍ "ဥပမာ လယ်ဧက ၁၀၀အတွက် ရေဂါလန် ၁၀၀ ရရှိခဲ့ရင် ဗဟိုပြုဆုံလည် ရေဖျန်းစက်သုံးပါက ဂါလန် ၃၀နဲ့ စိုက်ပျိုးနိုင်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီက ဒေသဖွံ့ဖြိုးရေးနဲ့ မိရိုး ဖလာ တောင်သူလယ်သမားများ စိုက်ပျိုးနေတဲ့ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲတဲ့အခါ စက်မှုပစ္စည်းနည်းပညာအများကြီး လိုအပ်တဲ့အတွက် ယခုလိုလာရောက်ပြသခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများမှ အထူးစိတ်ဝင်စားစွာ မေးမြန်းချက်များကို စိုက်ပျိုးရေးပညာရှင် Mr. MURRYJAMES LINTON က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်လင်း နှင့် တိုင်းဒေသကြီး၊ ခရိုင်မြို့နယ် ရပ်/ကျေးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများ တက်ရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်း- မင်းလွင် (ပြည်)
ဓာတ်ပုံ- ကိုမျိုး (ရွှေပေါက်ကံ)

မော်ဇာကျေးရွာ၌ မိုးပွင့်(အထူး) စီမံချက်လုပ်ငန်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီသည် ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ပြည်မြို့နယ် မော်ဇာကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဝန်ထမ်းများက ဒေသခံပြည်သူများအား မိုးပွင့် (အထူး)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအနေဖြင့် ပျက်စီး/ ပျောက်ဆုံးမှုမရှိစေရေးအတွက် စနစ်တကျကိုင်တွယ်ထိန်းသိမ်းရေး၊ မရရှိသူများအနေဖြင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်အကြောင်းကြား၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် မိမိတို့ပတ်ဝန်းကျင်ရှိ ပြည်သူများသို့လည်း လက်ဆင့်ကမ်း ရှင်းလင်းပြောကြားဆောင်ရွက်ကြရေး ပြောကြားသည်။

မိုးပွင့်(အထူး) စီမံချက် ကွင်းဆင်းဆောင်ရွက်မှုတွင် မော်ဇာကျေးရွာအုပ်စုအတွင်းမှ ဒေသခံပြည်သူများအတွက် အိမ်ထောင်စုလူဦးရေ စာရင်းအစောင် ၄၀၀၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၈၂ ကတ်ကို နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အလွတ်တန်းစာပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုများချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံစာပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် ဟော်ရီဇုန်တို့ပူးပေါင်းကျင်းပသည့် (၇) ကြိမ်မြောက် ဟော်ရီဇုန်စာပွဲတင်တင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ ဟော်ရီဇုန်အားကစားခန်းမ၌ ကျင်းပရာ ဖေဖော်ဝါရီ ၁ ရက်က ပြိုင်ပွဲအသီးသီး၌ ဆုရရှိသူများကို ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲတွင် အတန်းရှစ်တန်းသတ်မှတ်ထားပြီး ယှဉ်ပြိုင်စေခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ စားပွဲတင်တင်းနစ်ကစားသမားများ၊ မြန်မာနိုင်ငံလက်ရွေးစင်တင်းနစ်ကစားသမားများ၊ ဝန်ကြီးဌာနလက်ရွေးစင်များ၊ လက်ရွေးစင်ဟောင်းများနှင့် မျိုးဆက်သစ်လူငယ် တင်းနစ်ကစားသမားများ ပါဝင်ဆင်နွှဲကြသည်။

ပြိုင်ပွဲတွင် ပထမတန်း(အလွတ်တန်း)၊ ဒုတိယတန်း၊ တတိယတန်း၊ ယူ-၁၂၊ ယူ-၁၅၊ ယူ-၁၈၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးတစ်ဦးချင်း(အလွတ်တန်း) ပြိုင်ပွဲများကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကျင်းပခဲ့ပြီး ဆုများကို ချီးမြှင့်ခဲ့သည်။

ပထမတန်း(အလွတ်တန်း)တွင် ပထမသက်ကိုကိုလတ်၊ ဒုတိယတန်းတွင် ပထမ ကျော်ကျော်၊ တတိယတန်း၌ ပထမအောင်ဝင်း၊ ဒုတိယ ဦးဝင်းလတ်နှင့် တတိယ ဦးအောင်မော်တို့ရရှိခဲ့သည်။ ပြိုင်ပွဲတွင် မြန်မာနိုင်ငံစာပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ ဒိုင်လူကြီးများက ကြီးကြပ်တာဝန်ယူပေးခဲ့ကြသည်။

မောင်မဟာ

ကျန်းမာရေးစောင့်ရှောက်မှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၊ ဆေးရုံကြီးများမှ ပါမောက္ခချုပ်၊ ပါမောက္ခ/ ဌာနမှူးများ၊ သွားနှင့်ခံတွင်းဆိုင်ရာ အထူးကု ဆရာဝန်ကြီးများနှင့်တွေ့ဆုံပြီး ဆေးကုသမှုဆိုင်ရာကိစ္စရပ်များကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဇန်နဝါရီ ၂၈ ရက်က နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး၊ ကုသမှုပိုင်းတွင် ကုန်ကျစရိတ် လျော့နည်းစေရန်နှင့် အခြေခံဆေးဝါးများ၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ကူးခြင်း၊ သွေးသွင်းကုသမှုများ၊ အခြေခံသွားကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရောဂါကုသခြင်းအပြင် ထောင်စုနှစ် ရည်မှန်းချက်များပြည့်မီရေး၊ အာဟာရဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို အခမဲ့ဆေးကုသခွင့်နှင့် သွားကျန်းမာရေး စောင့်ရှောက်မှုရရှိရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

တောင်ကုတ်ကောလိပ် ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

တောင်ကုတ် ဖေဖော်ဝါရီ ၃

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တောင်ကုတ်ကောလိပ် ဘာသာရပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က တောင်ကုတ် မြို့မအားကစားကွင်း၌ ကျင်းပရာ တောင်ကုတ်ကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာ သာထွန်းမောင် တက်ရောက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးအရာရှိ ဦးအောင်စိုးမြင့်နှင့် ဘာသာရပ်ဆိုင်ရာဌာနများမှ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ဌာနမှူးများ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်အထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

တောင်ကုတ်ကောလိပ်

ပြည်တွင်းသတင်း

ဓမ္မစကူးလ်သင်တန်းဆင်းပွဲ သီပေါ၌ကျင်းပ

သီပေါ ဖေဖော်ဝါရီ ၃

ဓမ္မစကူးလ် ဖောင်ဒေးရှင်း (သီပေါ)မှ ကြီးမှူးဖွင့်လှစ်သော ဓမ္မစကူးလ် သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ဓမ္မစကူးလ် ဖောင်ဒေးရှင်းဌာန သာသနာ ၂၅၀၀ ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဓမ္မစကူးလ်ဖောင်ဒေးရှင်း(သီပေါ)၏ ဩဝါဒါစရိယဆရာတော် ခန္တီရာမစာသင်တိုက်ဦးစီးပဓာနနာယက မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဓမ္မစကူးလ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပြည်နယ်ဝန်ဆောင်ဆရာတော်သာသနာ ၂၅၀၀ တိုက်သစ်ကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တကောသလ အရှင်သူမြတ်က ဩဝါဒဂါထာ ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဓမ္မစကူးလ်ဖောင်ဒေးရှင်း (သီပေါ)ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောသလ အရှင်သူမြတ်က သင်ကြားရေးဆရာ ဆရာမများကိုယ်စား ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ရှမ်း/မြောက်) ပြန်ကြားရေးတာဝန်ခံ ဒေါ်လွင်လွင်နှင့် ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုလွှာနှင့် အောင်လက်မှတ်များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ဆေးဘက်ဆိုင်ရာနည်းပညာ နှစ် ၅၀ ခရီး

ခင်မောင်တင် (ဓာတ်ရောင်ခြည်)

ဆေးဘက်ဆိုင်ရာ နည်းပညာခရီး နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်နေ့တို့တွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ရှိ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၌ တခမ်းတနားကျင်းပတော့မည်ဖြစ်၍ နည်းပညာရှင်များက လှိုက်လှိုက်လှဲလှဲကြိုဆိုကြပါစို့……

ဆေးဘက်ဆိုင်ရာနည်းပညာခရီး နှစ် (၅၀) ခရီးပေါက်ခဲ့ပြီဖြစ်၍ မြန်မာ့ဆေးဘက်ဆိုင်ရာနည်းပညာသမိုင်းကို အမှတ်ရစေရန် အနှစ်(၅၀) ရွှေရတုသဘင်ကို ကြိုဆိုဂုဏ်ပြုရင်း နောင်လာနောက်သားများ အမှတ်ရစေဖို့ သမိုင်းကြောင်းလေးကို တင်ပြလိုပါသည်။

ခရီးအစ

ဆေးဘက်ဆိုင်ရာ နည်းပညာခရီးအစမှာ ၁၉၆၁ ခုနှစ်က စတင်ခဲ့သည်ဆိုလျှင် မှားနိုင်မည်မထင်ပါ။ ဆေးဘက်ဆိုင်ရာ ပညာသည်ကျောင်း Institute of Paramedical Science ကို ၁၉၆၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဆေးဘက်ဆိုင်ရာ ပညာသည်ကျောင်းတည်ထောင်ရန် သန္ဓေတည်မှုမှာ ၁၉၆၁ ခုနှစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌(၁)ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်သူသင်တန်း၊ (၂) ရူပဗေဒအကြောဘက်ဆိုင်ရာ ကျွမ်းကျင်သူသင်တန်းဟူ၍ သင်တန်းနှစ်မျိုးဖြင့် သန္ဓေတည်ခဲ့သည်။

ဓာတ်မှန်ဘက်ဆိုင်ရာကျွမ်းကျင်သူသင်တန်းကို ဓာတ်မှန်ဌာန (ယခုအဏုမြူ ရောင်ခြည်နှင့်ရောဂါရှာဖွေရေးဌာန) အဆောက်အအုံ၌ သင်တန်းဥက္ကဋ္ဌအဖြစ် ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်ကြီး ဦးကျော်အောင်က ဆောင်ရွက်ပြီး သင်တန်းနည်းပြမှာမူ ကိုလံဘိုစီမံကိန်းအကူအညီဖြင့် ဩစတြေးလျနိုင်ငံသား Mr. G.H. Simcoe က ဆောင်ရွက်ခဲ့သည်။ သင်တန်းကာလမှာ နှစ်နှစ်ဖြစ်သည်။

ရူပဗေဒအကြောဘက်ဆိုင်ရာ ကျွမ်းကျင်သူသင်တန်းကိုမူ ဥက္ကဋ္ဌအဖြစ် အကြောဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြစိန်က ဆောင်ရွက်ပြီး သင်တန်းနည်းပြအဖြစ် အင်္ဂလန်နိုင်ငံမှ ကိုလံဘိုစီမံကိန်းနှင့် လာရောက်သူ Mr.Peat က ဆောင်ရွက်ခဲ့ပါသည်။

ဤသို့ နည်းပညာရပ်နှစ်ခုအပြင် ဓာတ်ခွဲဘက်ဆိုင်ရာကျွမ်းကျင်သူသင်တန်း၊ ဆေးဝါးကျွမ်းကျင်သူသင်တန်းများပါ တစ်စုတည်းတည်ထောင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ခဲ့ရာ ရန်ကုန်ဆေးရုံကြီးနှလုံးရောဂါ အထူးကုဌာနရှေ့ဘက် မျက်နှာစာရှိမြေကွက်တွင် အမေရိကန်နိုင်ငံ မှ AID အကူအညီဖြင့် ခေတ်မီအဆောက်အအုံတစ်ခု ဆောက်လုပ်နိုင်ခဲ့သည်။ ထိုအဆောက်အအုံကို Institute of Paramedical Science ဟု သမုတ်ခေါ်ဝေါ်ခဲ့သည်။ ဓာတ်မှန်ဌာနမှာလည်း ယခင်နေရာမှအဆောက်အအုံသစ်ပထမထပ်တွင် လည်းကောင်း၊ ဓာတ်ခွဲဌာနသည်လည်း ဒုတိယထပ်တွင်လည်းကောင်း၊ ရူပဗေဒအကြောဘက်ဆိုင်ရာဌာနသည် ပထမထပ် အနောက်ခြမ်းတွင်လည်းကောင်း၊ ဆေးဝါးဗေဒဌာနသည် မြေညီထပ်တွင်လည်းကောင်း အသီးသီး နေရာတည်ရှိခဲ့ပြီး ကျောင်းအုပ်ကြီးရုံးခန်းမှာလည်း မြေညီထပ်တွင်ရှိသည်။

ဆေးဘက်ဆိုင်ရာပညာသည်ကျောင်းဖွဲ့စည်းပုံမှာ ကျောင်းအုပ်ကြီးအဖြစ် ဆေးရုံအုပ်ကြီး ဦးအောင်သိန်း (နောင်တွင်ကျန်းမာရေးဌာနညွှန်ချုပ်)၊ ဓာတ်မှန်ပညာဥက္ကဋ္ဌအဖြစ် ဒေါက်တာ ဦးကျော်အောင်နှင့် ရူပဗေဒပညာဥက္ကဋ္ဌအဖြစ် ဒေါက်တာ ဒေါ်မြစိန်၊ ဆေးဝါးဗေဒ ဥက္ကဋ္ဌ ဒေါက်တာ ဦးမြင့်သန်း (BPI)နှင့် ဓာတ်ခွဲပညာဥက္ကဋ္ဌ ဒေါက်တာ ဦးခင်မောင်ဝင်းတို့က ဆောင်ရွက်ခဲ့ကြသည်။ ထိုဆေးဘက်ပညာသည်ကျောင်းမှ အောင်သူများကို ဒီပလိုမာဘွဲ့ချီးမြှင့်ခဲ့သည်။

ဒီပလိုမာဘွဲ့သည် တက္ကသိုလ်သို့မဟုတ် တက္ကသိုလ်တစ်ခုခုတွင် Affiliate ဆက်သွယ်ထားသော Institute မှသာ ဒီပလိုမာဘွဲ့ပေးနိုင်သည်။ ထို့ကြောင့် Diploma in Paramedical Science (DPMS) ပေးအပ်ရန် ၁၉၆၆ ခုနှစ်တွင် တက္ကသိုလ်များ ဗဟိုကောင်စီက ဆုံးဖြတ်ခဲ့ပါသည်။

ဆေးဘက်ဆိုင်ရာပညာသည်ကျောင်းကို ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သထုံလမ်း ကမာရွတ်မြို့နယ် ဘီအိုစီကောလိပ်သို့ ပြောင်းရွှေ့ခဲ့ပြီး ဒီဂရီပေးနိုင်သောအဆင့် ဆေးဘက်ပညာသည် တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်သင်ကြားခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဆေးဘက်ပညာ ဒီပလိုမာရရှိပြီး ဝန်ထမ်းများအတွက် ပေါင်းကူးသင်တန်း နှစ်နှစ်သင်တန်းဖြင့်(၁) ရောဂါရှာဖွေစိစစ်ရေးပညာ၊ (၂) ဓာတ်မှန်ရိုက်ပညာ၊ (၃) ရူပဗေဒဆေးကုသမှုပညာတို့ကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပေါင်းကူး နှစ်နှစ်သင်တန်းအောင်မြင်ပြီးသူများကို ဆေးဘက်ပညာသိပ္ပံဘွဲ့အပ်နှင်းခဲ့သည်။ ၁၉၉၄ ခုနှစ်မေလမှစ၍ အခြေခံပညာအထက်တန်းအောင်မြင်သူများထဲမှ အမှတ်ဖြင့်ရွေးချယ်၍ ဆေးဘက်ပညာသည် သိပ္ပံဘွဲ့လေးနှစ်သင်တန်း ဖွင့်လှစ်နိုင်ခဲ့သည်။ အောင်မြင်သူများကို B.P. Sc ဘွဲ့ချီးမြှင့်နိုင်ခဲ့သည်။

ဆေးဘက်ဆိုင်ရာ နည်းပညာသည်အနှစ် ၅၀တွင် ပန်းခင်းလမ်းသို့ လျှောက်လှမ်းခဲ့ရသည်မဟုတ်ဘဲ ကြမ်းတမ်းသောခရီးလမ်းကို ဖြတ်သန်းလာခဲ့ရသည်။

ဆေးဘက်ဆိုင်ရာ ပညာသည်တက္ကသိုလ်ကို ၂၀၀၁ ခုနှစ်တွင် သထုံလမ်းမှ အင်းစိန်မြို့နယ် အောင်ဆန်းမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ၂၀၀၅ ခုနှစ် စက်တင်ဘာလတွင်မူ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်အဖြစ် ပေါ်ထွက်လာခဲ့ပါသည်။

ဆေးဘက်ဆိုင်ရာ နည်းပညာသည် အနှစ် ၅၀ တွင် ပန်းခင်းလမ်းသို့ လျှောက် လှမ်းခဲ့ရသည်မဟုတ်ဘဲ ကြမ်းတမ်းသောခရီးလမ်းကို ဖြတ်သန်းလာခဲ့ရသည်။

ရန်ကုန်ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်တွင် B.Med. Tech ဘွဲ့အပြင် ဘွဲ့လွန်၊ M. Med. Tech ဘွဲ့များလည်း ပေးနိုင်ခဲ့သည်။ နောင်တွင် ပါရဂူဘွဲ့များလည်း ပေးနိုင်ရန်အတွက် ပညာရှင်များအား နိုင်ငံခြားသို့ ပါရဂူဘွဲ့များရယူရန် ပညာတော်သင်စေလွှတ်ထားကြောင်း သိရပါသည်။

အလားတူပင် မန္တလေးဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် ၁၅ နှစ်မြောက် ပွဲတော်လည်း ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါ၍ နည်းပညာရှင်တစ်ဦးအနေဖြင့် တက္ကသိုလ်နှစ်ခုစလုံးကို ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။

စပျစ်ဈေးကွက် မှန်းသလောက် မတက်၍ စပျစ်စိုက်တောင်သူများ အမြတ်နည်းဝင်ငွေလျော့

ရမည်းသင်း ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွာတန်းတိုက်နယ်အတွင်းရှိ ကျေးရွာများတွင် စပျစ်အများအပြားစိုက်ပျိုးကြရာ ယခုရာသီတွင်သီးသော စပျစ်သီးမှာ ဈေးမကောင်း၍ စပျစ်ခြံစိုက်တောင်သူများ အမြတ်နည်း (ဝင်ငွေလျော့) သည်ဟု သိရသည်။

ယင်းဒေသများတွင် စပျစ်ကို မိုးသီးတစ်ကြိမ်၊ နွေသီးတစ်ကြိမ် တစ်နှစ်လျှင် နှစ်ကြိမ်ရအောင် အသီးဖြတ်ကြသည်။ အများအားဖြင့် နံပါတ်သရီး၊ ဘလက်ကွင်း၊ ဘလက်ကြီး၊ ပန်းရောင်အစရှိသော စပျစ်မျိုးများကို အဓိကစိုက်ပျိုးကြသည်ဖြစ်ပြီး သီးချွန်းနှင့်ရွှေနီစပျစ်မျိုးကို စိုက်ပျိုးသူနည်းသည်။

"စပျစ်သီးဈေးတက်မဲ့အချိန်မှာ အခါမဲ့မိုးရွာတော့ စပျစ်သီးဈေးလည်း ပျက်သလို စပျစ်ခြံတချို့လည်း ပျက်ကြတယ်။ မိုးမိတော့ အသီးတွေကွဲကုန်တယ် နောက်ဆုံး ထားမရတော့ ရတဲ့ဈေးနဲ့ရောင်းကြရတယ်။ စပျစ်စိုက်သူတော်တော်များများက ခုလတွေမှာ ထွက်တဲ့ နွေသီးကိုအားပြုစိုက်ကြတယ် ထွက်နှုန်းတော့ပုံမှန်ပါပဲ။ ဒါပေမယ့် စပျစ်ဈေးမကောင်းတာရယ်၊ မိုးကြောင့် အပျက်အစီးရှိတာဆိုတော့ မှန်းသလောက် ဝင်ငွေမရဘူးပေါ့ဗျာ" ဟု ရွာတန်းရွာမ မှစပျစ်စိုက် တောင်သူတစ်ဦးက ပြောသည်။

အပင်တစ်ရာရှိသော စပျစ်ခြံတစ်ခြံလျှင် စပျစ်သီးအချိန် ပိဿာတစ်ထောင်ဝန်းကျင် ထွက်ရှိသည်ဟု သိရပြီး ယနေ့ စပျစ်သီးဈေးမှာ နံပါတ်သရီး တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၊ ပန်းရောင်တစ်ပိဿာလျှင် ငွေကျပ်၂၂၀၀၊ ဘလက်ကွင်း တစ်ပိဿာလျှင်ငွေကျပ် ၁၆၀၀ သာရောင်းရသောကြောင့် ယခင်နှစ်ကနှင့် နှိုင်းယှဉ်သော် ယခုလရာသီတွင် ထွက်ရှိသော စပျစ်စိုက်သူများ အမြတ်နည်း (ဝင်ငွေလျော့) သည်ဟု သိရသည်။

အတ်ကလေး (ရမည်းသင်း)

အခွန်သယ်ပိုး တို့ပြည်ကျိုး
တည်ဆောက်ခေတ်မီ တို့မြန်ပြည်

ဆောင်းပါး

နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သည်ဆိုရာဝယ်

ကြည်လွင်မြင့်(မုဒြာ)

တစ်ခါက တိုင်းရင်းဆေးသိပ္ပံကျောင်း မန်းတောင်ခြေတွင် စာရေးသူ၏ သူငယ်ချင်း ဆေးကျောင်းသားတစ်ဦးက ထူးဆန်းသော ငှက်ပျောသီးဖီးကြမ်းတစ်လုံးကို ပြသည်။ ထိုငှက်ပျောသီးဖီးကြမ်းမှာ သုံးမြောင့်ပုံသဏ္ဌာန်ရှိသည်။ ငှက်ပျောတစ်ဖီးတွင် တစ်ဆယ့်တစ်လုံးမှ တစ်ဆယ့်သုံးလုံးအထိ ပါသည်။ ထိုအဖီး၏ အစွန်းဆုံးတွင် တစ်လုံးတည်းသာပါသော ငှက်ပျောသီးတစ်လုံးမှာ သုံးမြောင့်ပုံသဏ္ဌာန်ရှိပြီး ကျန်ငှက်ပျောသီးအားလုံးမှာ လေးမြောင့်ပုံသဏ္ဌာန် အသီးများ ဖြစ်ကြသည်။ ငှက်ပျောသီးတစ်ဖီးတွင် ဆေးဖက်ဝင်သော အသီးမှာ တစ်လုံးသာပါသည်။ ထိုငှက်ပျောသီးကို ဆေးရုံတက်နေသည့် အစာအိမ်ကင်ဆာဟု ယူဆရသူ လူနာတစ်ဦးကိုပေးရန် ဓာတ်စာအဖြစ် ယူလာကြောင်း ပြောပြသည်။

ငှက်ပျောသီးဖီးကြမ်းသည် လေပူကိုနိုင်သည်။ အစာအိမ်နာ၊ အစာအိမ်ရောင်ခြင်းကို သက်သာစေသည်။ ငှက်ပျောသီးအခွံကို နွာလိုက်လျှင် တွေ့ရသောအသားအမျှင်များသည် အစာအိမ်မှ အချွဲအမြှေးကို ပြန်လည်ဖြစ်ထွန်းစေနိုင်သည်။ ထမင်းစားပြီးတိုင်း ဖီးကြမ်းငှက်ပျောသီးအမှည့်တစ်လုံးစားပေးလျှင် အစာကြေမြန်စေသည်။ လေအောင့်ရောဂါနှင့် အစာအိမ်မှ သွေးယိုစိမ့်သော အနာများကိုပါ စွဲစွဲမြဲမြဲစားလျှင် သက်သာနိုင်ကြောင်း ပြောသည်။

ထိုသူငယ်ချင်းသည် ထိုအချိန်က တိုင်းရင်းသိပ္ပံမှ သင်တန်းသားဆေးဆရာလောင်းတစ်ဦးဖြစ်သည်။ သူသည် ဆေးပင်၊ ဆေးရွက် ဆေးမြစ်၊ အသီးအဖုတို့၏ အာနိသင် အာယုဗေဒဆေးပညာကို အလွန်စိတ်ဝင်စားပြီး လိုက်စားသူဖြစ်သည်။ ယခုအခါ သူသည် တိုင်းရင်းဆေးတက္ကသိုလ် နိုင်ငံတကာဆေးပညာဌာနတွင် ဌာနမှူးအဆင့်ဖြင့် တာဝန်ထမ်းဆောင်နေသည်။

သူက စိတ်လိုလက်ရရှိသောအခါများတွင် ဆေးဖက်ဝင်အပင်တစ်ပင်၏ ဆေးအမယ်များကို စုဆောင်းပြီး ဆေးဖော်စပ်ရာတွင် လိုက်နာရမည့် ဆေးပညာဥပဒေသများကို ရှင်းပြသည်။ အပင်တွေ့တိုင်း ခုတ်ယူချိုးယူပြီး ဆေးဖော်၍ အာနိသင်အစွမ်းမရနိုင်ဟု သူကဆိုသည်။

အပင်တစ်ပင်ကို ဆေးဖက်ဝင်အပင်ဟုသိသည်မှာ သာမန်အသိသာဖြစ်သည်။ ဆေးဖော်ရန်အတွက် အရွက်ကိုရယူလိုလျှင် မိုးဥတုနှင့် မိုးအကုန်တွင် ခူးရမည်။ အသီးကိုရယူလိုလျှင် ဆောင်းအကုန် သို့မဟုတ် အသီးရင့်မှည့်ချိန်တွင် ယူရသည်။ သို့သော် ဆေးပင်တစ်ပင်၏အမြစ်ကို ဆေးဖော်လိုလျှင် မိုးရာသီတွင် ထိုအပင်၏ အရွက်၊ အသီး၊ အကိုင်း၊ အခက်များကို ခုတ်ယူပြီး ဆေးဖော်သော်လည်း ဆေးအာနိသင်အပြည့်မရနိုင်။ နွေရာသီရောက်မှ ထိုအပင်အရွက်ကြွေသောအချိန် နွေဦးပေါက်စ ဂိမှာန်တဥတုတွင် အပင်၏ အမြစ်ကို တူးယူရမည်။ ထိုအချိန်တွင် ဆေးပင်၏ အမြစ်မှာ ဆေးအာနိသင် အပြည့်ရှိသည်။

ပန်းပွင့်များ၊ ဝတ်ဆံများကို ဆေးဖော်ကြသည်။ ထိုပန်းပွင့်ဝတ်ဆံများကို ပျားပိတုန်းတို့မစားသုံးမီ အရင်ယူရမည်။ နောက်ကျပြီးမှ ကြွေကျမှရယူသော အပွင့်များမှာ ဆေးဖက်မဝင်နိုင်ဟု ဆိုသည်။ ဥပမာ ကံ့ကော်ဝတ်ဆံများကို နှလုံးအားဆေး၊ သည်းခြေဆေးများ ဖော်ကြသည်ဆိုရာတွင် ဈေးမှကြုံရာ ကံ့ကော်ပွင့်ဝယ်ယူ၍ အခြောက်လှန်းပြီး ဝတ်ဆံခြွေယူလေ့ရှိသည်။ ဘုရားတင်ပြီးစွန့်သော အပွင့်ခြောက်များကိုစုပြီး ပရဆေးဆိုင်များသို့ ပြန်ရောင်းလေ့ရှိကြသည်။ ဆေးဖော်မည့်ဆရာက ပရဆေးဆိုင်မှ ကံ့ကော်ပွင့်ခြောက်ကိုဝယ်ပြီး အလွယ်တကူဆေးဖော်ကြသည်။ ဤဆေးတွင်ပါဝင်သည့် ကံ့ကော်ဝတ်ဆံများမှာ ဆေးအာနိသင် အပြည့်ရနိုင်မည်မဟုတ်ပေ။

ဆေးနည်းစာရွက်ကလေးကိုပြပြီး ပရဆေးဆိုင်များတွင် ဆေးစုသောအခါ လိုသောဆေးအမယ်မှန်သမျှ အလွယ်တကူရနိုင်သည်။ သို့သော် ဆေးအာနိသင်ပြည့်ဝမှန်ကန်သော ဆေးပစ္စည်းကို ရရန်ခက်ခဲပေသည်။ တစ်ခါတစ်ရံ သိမ်းထားချိန်ကြာ၍ မှိုတက်နေသော ဆေးပင်ဆေးရွက်များကို ထည့်ပေးတတ်သည်။ မစစ်ဆေးပဲ အမှုန့်ကြိတ်စက်ပို့လိုက်သောအခါ ထိုမှိုများ ဆေးထဲတွင် ရောနှောပါဝင်သဖြင့် အသည်းခြောက်ရောဂါဖြစ်ပွားနိုင်ကြောင်း သိရသည်။ ဆေးအတွက်လေးဆိုသကဲ့သို့ ဖြစ်သည်။

ဆေးဆရာများသည် လူနာများကို ဆေးပေးသောအခါ လူနာဟုမမြင်သင့်။ မိမိ၏ မိဘကို ဆေးပေးနေသည်ဟု မြင်ပြီးပေးလျှင် အန္တရာယ်ရှိသော ဆေးကိုမပေးရဲတော့ပေ။ ဆေးပေးခြင်းသည် မိမိ၏ အသွေးအသားကို ဖွဲ့ပေးနေသကဲ့သို့ သဘောထားမှ ဆရာကောင်းသမားကောင်းဖြစ်မည်။ မိမိပေးသော ဆေးမှရသောငွေသည် လူနာရောဂါမပျောက်လျှင် မိမိအတက် တန်ပြန်

အဆိပ်သင့်မည်ဟု သတိပြုအပ်သည်။ ယခုခေတ်ဆေးဆရာများသည် သစ္စာရှိသူနည်းပါးသွားပြီး မိမိကိုယ်မိမိ သမားတော်ကြီးအမည်တပ်ထားပြီး အကျိုးအမြတ်အတွက် ဆေးရောင်းစားနေသော သမားအတုအယောင်များ ခေတ်စားနေသည်။ ပြည်တွင်းမှာမရနိုင်သော ဂုဏ်ထူးဆောင်ဘွဲ့များကို ခေါ်လာပေး၍ နိုင်ငံခြားမှ ဝယ်ယူထားသော ဒေါက်တာများ ခေတ်စားနေသည်ကို သတိမူရမည့်ခေတ်ဖြစ်သည်။ လူနာများသည် မိမိကုသမည့်ဆရာမှာ သမားစဉ်ဆရာလား၊ အသပြာဆရာလား သတိထားဖို့လိုသည်။ ရှေးက သမားစဉ်ရိုးရာဆေးပညာ ဆေးဆရာကြီးများမှာ ကျမ်းအဆူဆူကို တတ်မြောက်ကြသော်လည်း မည်သူမျှ အနောက်တိုင်းဒေါက်တာဘွဲ့မရကြပါ။ ဖားတစ်ပိုင်း ငါးတစ်ပိုင်း၊ ခေါင်းပေါ်မှာ ခေါင်းပေါင်းစနှင့် လည်ပင်းမှာ နက်ကတိုင်နှင့် အောက်ပိုင်းမှာ တောင်ရှည်နှင့် ခြေထောက်မှာ ဘွတ်ဖိနပ်နှင့် ဝတ်ဆင်ထားသော ကာတွန်းပုံတစ်ပုံကို တွေ့ဖူးသည်။ အနောက်မျှော်ဆရာများကို လှောင်ထားသော ကာတွန်းဖြစ်သည်။

တစ်ခါက စာရေးသူ၏လူနာ အငြိမ်းစားပါမောက္ခချုပ်တစ်ဦးက ပြောဖူးသည်။ "ဆရာတို့ကတော့ ရိုးရိုးတိုင်းရင်းဆေးပညာဒီပလိုမာဘွဲ့ပဲ ရေးထားတယ်နော်။ ဆရာတစ်ခါက အိမ်နီးချင်းနိုင်ငံကြီးတစ်ခုက P.hd ဘွဲ့ရဆိုတဲ့ မြန်မာဆရာတစ်ယောက်နဲ့ တွေ့ဖူးတယ်။ P.hd ရဲ့ အရှည်ကောက်က ဘာလဲလို့မေးကြည့်တော့ သူမဖြေနိုင်ဘူး"ဟု ပြောပြသည်။ P.hd ဆိုသည်၏ အရှည်ကောက်မှာ Doctor of Philosophy ဟု ဖြစ်ကြောင်းကို ထိုဘွဲ့တပ်ထားသူက မသိခြင်းမှာ ရှက်စရာကောင်းပေသည်။

ရှေးခေတ်က မြန်မာဆေးဆရာများကို ဗိန္ဓောဆရာများဟု ခေါ်ခဲ့ကြသည်။ သက္ကတမှလာသော ဝိုက်ဒြေါဟူသောစကားမှ ဆင်းသက်လာသည်ဟု တိုင်းရင်းဆေးကောင်စီဝင်ဆရာကြီး ဦးမာဃမှ အမိန့်ရှိဖူးသည်။ ဆေးပစ္စည်းတို့၏ အာနိသင်ကို သိရှိသောဆရာဟု ဆိုလိုသည်။ ဂုဏ်ငယ်စရာမရှိဟု ဆရာကြီးက မိန့်ဖူးသည်။ ရှေးခေတ်က မြန်မာဆရာကြီးများတွင် လူထုကပေးအပ်ထားသော ဗိန္ဓောဆရာဟူသော ဘွဲ့မှလွဲ၍ အခြားဘာဘွဲ့မျှ မရှိ။ သို့သော် လူအများ၏ အသက်ကို ကယ်တင်ကုသခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်ဆေးရုံများ ဆေးဝါးမရှိခြင်း ပြတ်လတ်ချိန် ကျောက်ရောဂါ၊ ပလိပ်ရောဂါ ကပ်ဘေးများကျရောက်ချိန်တွင် တောနယ်များတွင် ဤဆေးဆရာများနှင့်ပင် အသက်ဆက်ခဲ့ကြသည်။ မြွေဆိပ်ဖြေဆေးများမပေါ်မီက တောနယ်များတွင် မြွေကိုက်ခံရသူမှန်သမျှ ဗိန္ဓောဆရာနှင့် ဘုန်းကြီးများက မြွေဆိပ်နိုင်ပင်များ ရှာဖွေပြီးကုသပေးသဖြင့် အသက်ရှင်ခဲ့သူများမှာ ယနေ့အထိရှိနေဆဲဖြစ်သည်။

ဗိန္ဓောဆရာများသည် မြွေကိုက်ရောဂါသာမက ခက်ရာခက်ဆစ်ခွေးရူးကိုက်၊ ခွေးရူးပြန်ရောဂါကိုလည်း ဆေးပင်ဆေးမြစ်များဖြင့် ကုသခဲ့ကြသည်။ ခွေးရူးကုနာမည်ကျော်ဆရာကြီးများ မြန်မာဆေးပညာလောကတွင် ရှိခဲ့သည်။ ကျောက်ရောဂါ၊ ပုလိပ်ရောဂါကပ်ဘေးမှ မြန်မာဆေးနှင့် အသက်ရှင်ခဲ့သူများလည်း ရှိခဲ့သည်။ ဝမ်းနည်းစရာကောင်းသည်မှာ ယခုအခါ ထိုဆရာကြီးများ၏ မျိုးဆက်များပါ အမွေမကျန်ခဲ့ပဲ ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။

စာရေးသူ၏ သူငယ်ချင်းဆရာကပြောသည်။ ရှေးက ခွေးရူးကုရာတွင် ပဒိုင်းပင်နှင့်ကုခဲ့သည်။ သို့သော် ပဒိုင်းနက်လား၊ ပဒိုင်းခတ္တာလား၊ ပဒိုင်းသုံးထပ်လား မှတ်တမ်းမကျန်ခဲ့။ ထို့အပြင် ပဒိုင်းသီးလား၊ ပဒိုင်းပွင့်လား၊ အမြစ်လား ရေးမှတ်ထားသော မှတ်တမ်းမကျန်ခဲ့။

မြွေဆိပ်ကိုကုခဲ့သည့် ခွေးတောက်ပင်ဆိုလျှင်လည်း အရွက်၊ အနွယ်၊ အမြစ် မည်သည်ကိုသုံး၍ မြွေဆိပ်ဖြေခဲ့သည်ကို မှတ်တမ်းအတိအကျမကျန်ခဲ့ဟု ဆိုသည်။ အစဉ်အဆက်မသုံးသောအခါ ပညာတိမ်မြုပ်ပျောက်ကွက်သွားခြင်းဖြစ်လေသည်။

ဆေးပင်အသုံးများ၏အလွဲများကို သူကဆက်ပြောပြသည်မှာ ဆီးချိုဝေဒနာသည်တစ်ဦးသည် ဝေဒစာစောင်တစ်ခုတွင်ပါသည့် ဆေးနည်းကိုဖတ်ပြီး ကြက်ဟင်းခါးရွက်များကို အရည်ညှစ်သောက်နေသည်ကို တွေ့ရကြောင်း ပြောသည်။ အမှန်မှာ ဆီးချိုအထိုက်အလျောက်နိုင်သည့် အာနိသင်မှာ ကြက်ဟင်းခါးသီး၏ အစေ့တွင်သာရှိကြောင်း သိရသည်။

သွေးတိုးရောဂါရှိသူတစ်ဦးမှာလည်း ဒန့်သလွန်ရွက်ဟင်းချိုချက်သောက်နေသည်ကို တွေ့ရသည်။ ဟင်းချိုချက်လျှင် အပူလောင်ပြီး ဒန့်သလွန်ရွက်၏ အာနိသင်(အေးသက်)ဓာတ်မှာ ပျက်စီးသွားနိုင်သည်။ အရွက်ကိုထောင်းပြီး အရည်ညှစ်သောက်မှသာ(အေးသက်)အာနိသင်ကိုရရှိပြီး သွေးတိုးကျနိုင်မည်ဖြစ်သည်။

လေပူနိုင်သည်ဟုဆိုပြီး ခွေးတောက်ရွက်ကို ပုစွန်ဆိတ်ကလေးနှင့် ကြော်စားသူ၊ ပြုတ်ပြီးတို့စရာအဖြစ် စားသူများလည်းရှိသည်။ လေပူမနိုင်သည့်အပြင် သွေးတက်ပြီး ဦးနှောက်သွေးကြောပြတ်သွားနိုင်သည်။ ဝဖြိုးပြီး ခေါင်းချွေးအလွန်ထွက်သူများ ခွေးတောက်ရွက်နှင့်မသင့်ပါ။ ပိန်ပြီး လေချုပ်ရောဂါရှိသူ၊ နာလန်ထအားနည်းပြီး လေမသက်သူများကိုသာ ခွေးတောက်ရွက်နှင့် ကြက်ရိုးဟင်းချိုချက်သောက်ရန် ဓာတ်စာအဖြစ် ရှေးဆရာကြီးများက ပေးလေ့ရှိသည်။

မြန်မာအမျိုးသမီးငယ်များသည် မီးယပ်သွေးပေါ်ချိန်မပေါ်လျှင် မီးယပ်ဆေးပူများ ဝယ်သောက်လေ့ရှိသည်။ အချို့မှာ ချင်းနှင့်ထန်းလျက်ပြုတ်သောက်ကြသည်။ ဤသို့ ပြုတ်ရာတွင် ထန်းလျက်အနေတော် ခုနစ်ခဲတွင် ချင်းပါးပါးအလွှာ ခုနစ်လွှာထက်ပိုမထည့်ရ။ ချင်းများလျှင် အပူလွန်ပြီး ပေါ်မည့်မီးယပ်သွေးမှာ မပေါ်ပဲ ခမ်းသွားတတ်သည်။ ထန်းလျက်မှာ သံဓာတ်ပါသည်။ အားကိုဖြစ်စေသည်။ သွေးအားနည်းလျှင် ထန်းလျက်ကပိုမှသာ သွေးအားဖြစ်ပြီး မီးယပ်ပေါ်မည်ဖြစ်သည်။

မြန်မာ့ရိုးရာဆေးများကို သုံးစွဲရာတွင် ဆေးနည်းမှန်ကန်သော်လည်း ဆေးပစ္စည်းအာနိသင်မမှန်သဖြင့်၊ မသန့်စင်သဖြင့် မစွမ်းသည်များရှိသကဲ့သို့ အချိန်အတွယ်မမှန်ကန်သဖြင့် တလွဲဖြစ်နေရသည်များလည်းရှိသည်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သည်ဟု ဆိုသော်ငြားလည်း အပင်တစ်ပင်တည်းမှာပင် ဆေးဖက်ဝင်သည့် အစိတ်အပိုင်း၊ မဝင်သည့် အစိတ်အပိုင်းရှိသည်။ ငှက်ပျောတစ်ဖီးမှာပင် ဆေးဖက်ဝင်သည့်အသီး၊ မဝင်သည့်အသီးဟူ၍ရှိသည်။ ထို့အပြင် ဆေးပေးသော ဆရာ၏ ပညာ၊ အယူအဆ၊ သိက္ခာ၊ သမာဓိ၊ သီလတို့နှင့်လည်း သက်ဆိုင်သည့်အကြောင်း ရေးသားတင်ပြလိုက်ရသည်။ ။

ဆေးဖော်မည့်ဆရာက ပရဆေးဆိုင်မှ ကံ့ကော်ပွင့်ခြောက်ကိုဝယ်ပြီး အလွယ်တကူ ဆေးဖော်ကြသည်။ ဤဆေးတွင် ပါဝင်သည့် ကံ့ကော်ဝတ်ဆံများမှာ ဆေးအာနိသင် အပြည့်ရနိုင်မည် မဟုတ်ပေ . . .

ပြည်တွင်းခရီးသွားဦးရေ ငါးသန်းကျော် ပထမဆုံးအဖြစ်ရောက်ရှိလာ

သတင်း-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

ရန်ကုန် ဖေဖော်ဝါရီ ၃

ယခုနှစ်ခရီးသွားရာသီ ထက်ဝက်ကျော်ကာလတွင် ပြည်တွင်းခရီးသွားဦးရေမှာ ငါးသန်းကျော်လာခဲ့သည့်အတွက် ယမန်နှစ်ကနှင့် နှိုင်းယှဉ်ပါက များစွာမြင့်တက်လာခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးလွယ်ကူခြင်းနှင့် ခရီးသွားလုပ်ငန်းများလည်း ပိုမိုထွက်ပေါ်လာခြင်းစသော တိုးတက်မှုများစွာ ရရှိခဲ့ကြောင်း ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်းမှ သိရသည်။

"လမ်းပန်း ဆက်သွယ်ရေးက ကောင်းမွန်လာတယ်။ ခရီးသွားလုပ်ငန်းတွေကလည်း ပိုများလာတဲ့အတွက် အပြိုင်အဆိုင်တွေကြောင့် ဈေးနှုန်းက သင့်တင့်မျှတလာတယ်။ ဒေသခံတွေကလည်း ဈေးကွက်စီးပွားရေးကို အကွက်မြင်လာတဲ့အတွက် ခရီးသည်တွေ နေထိုင်စားသောက်မှု အဆင်ပြေတာကြောင့် ပိုပြီးခရီးသွားကြတာဖြစ်တယ်" ဟု အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်မင်းလှိုင်က ပြောသည်။

ပြည်တွင်းခရီးသွားလာသူအရေအတွက်မှာ လွန်ခဲ့သည့် ခရီးသွားရာသီက ၄ ဒသမ ၈သန်းအထိရှိခဲ့ပြီး ကျန်ရှိခဲ့သည့် နှစ်များအနက် အများဆုံးဖြစ်သော်လည်း လက်ရှိအချိန်မှာ ထပ်မံ စံချိန်တင် ခရီးသွားနှစ်ဖြစ်ခဲ့ကာ ခရီးသွား ငါးသန်းကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"ပိတ်ရက်တွေမှာ အသွားများသလို ကြားရက်တွေမှာလည်း ခရီးသွားကြတယ်။ အများစုက ခရီးတိုတွေကိုသွားကြတယ်။ သုံးရက်၊ လေးရက်ခရီးက အကြာဆုံးပဲ။ ငွေကြေးအားဖြင့် ရက်တိုတဲ့အတွက် အကုန်အကျသက်သာသလို လုပ်ငန်းတွေဘက်ကလည်း ခရီးတိုပြီး ခေါက်စိပ်တော့ တွက်ခြေပိုကိုက်တယ်" ဟု ပြည်တွင်းခရီးသွားလုပ်ငန်း Treasure Myanmar မှ မရတနာဝင်းရွှေက ပြောသည်။

ခရီးသွားအများစုမှာ ဘုရားဖူးခရီးကိုသာ နှစ်စဉ်အများဆုံး သွားလာကြသော်လည်း ၂၀၀၀ ပြည့်နောက်ပိုင်းတွင် အပန်းဖြေခရီးစဉ်များကိုလည်း ဆတူရွေးချယ်သွားလာကြကြောင်း၊ အများစုမှာ Package စနစ်ဖြင့် သွားလာကြရသည်ကို ပိုမိုနှစ်သက်ကြောင်း သိရသည်။

"ခရီးသွားဈေးနှုန်းတွေက သက်သာလာတယ်။ ဝန်ဆောင်မှုကလည်း အပြိုင်အဆိုင်များတော့ ကောင်းတယ်။ အခုနောက်ပိုင်း အဖွဲ့လိုက်ရော၊ တစ်ဦးချင်းရော မျှတတဲ့နှုန်းဖြစ်မယ့်နေရာတွေ သွားကြည့်တယ်။ ကျိုက်ထီးရိုး၊ ရွှေစက်တော်၊ မောင်းမကန်၊ ငွေဆောင်၊ ချောင်းသာ၊ အင်းလေး၊ ပုဂံခရီးစဉ်တွေ အသွားများတယ်။ အများစုက ရက်ရှည်ကိုရှောင်တယ်။ သုံးညအိပ် လေးရက်ခရီးစဉ်ကတော့ အများဆုံးပါ" ဟု ခရီးသွားအေးဂျင့် ကိုနေလင်းထွန်းက ပြောသည်။

ယခုနောက်ပိုင်းတွင် ပြည်မြို့အနီးမှ အကောက်တောင်ဘုရားများနှင့် ကယားပြည်နယ်ခရီးစဉ်၊ ချင်းပြည်နယ် နတ်မတောင်ခရီးစဉ်များကိုလည်း ပြည်တွင်းခရီးသွားအချို့ စိတ်ဝင်စားမှု မြင့်တက်နေကြောင်း သိရသည်။

"ခရီးသွားတွေများလာတာကြောင့် ဒေသခံတွေကလည်း အတွေ့အကြုံကောင်းတွေ ရရှိလာပါတယ်။ အစားအသောက်၊ အသုံးအဆောင်ကအစ အရင်ကနဲ့ လုံးဝမတူတော့ပါဘူး။ ခရီးသွားတွေ အကြိုက်ကိုလိုက်ပြီး စီစဉ်တတ်လာပါတယ်။ တည်းခိုမှုမှာလည်း သန့်ရှင်းတဲ့ စနစ်ကျတဲ့ အခြေအနေကြောင့် သွားလာသူတွေ စိတ်ချမ်းသာရတယ်။ သို့သော် လိမ်ညာပြီး ဒေသထွက်ကုန်ရောင်းတာနဲ့ တည်းခိုခတွေ ကြီးမြင့်နေတာစတဲ့ ပြဿနာတွေရှိတယ်"ဟု မရတနာဝင်းရွှေက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းများ ဆက်လက်ချဲ့ထွင်နိုင်ရန် အခြေအနေကောင်းများနှင့် သဘာဝဂေဟစနစ်များ ကောင်းမွန်လျက်ရှိသေးကြောင်း၊ သို့သော် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ဒေသခံများနှင့် ပေါင်းစပ်ညှိနှိုင်းမှုအားနည်းခြင်းကြောင့် ဝင်ငွေရရှိမှုလျော့နည်းရခြင်းနှင့် ခရီးသွားများကို ပြည့်ဝသည့် ဝန်ဆောင်မှုမပေးနိုင်ခြင်းနှင့် ခရီးသွားသူနှင့် ဒေသခံအကြား အမှုအခင်းများ မဖြစ်ပေါ်စေရေး ပညာပေးမှု၊ ပြည်တွင်းခရီးသွားများမှတစ်ဆင့် နိုင်ငံတကာခရီးသွားလုပ်ငန်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်ချက်များစွာရှိနေသေးကြောင်း ဦးကျော်မင်းလှိုင်က ပြောသည်။

(မြန်မာ့အလင်း)

လောင်းကစားပြုလုပ်သူများ မြင်းမူမြို့အတွင်း ပပျောက်စေလို

မြင်းမူ ဖေဖော်ဝါရီ ၃

လောင်းကစားလုပ်ဆောင်မှုများကို နိုင်ငံတော်၏ အဖွဲ့အစည်းများမှ တားမြစ်ဖမ်းဆီးခြင်းပြုလုပ်ပေးနေသော်လည်း မြင်းမူမြို့ပတ်ဝန်းကျင်ကျေးရွာများနှင့် မြို့ပေါ်နေရာအချို့တွင် ဖမ်းဆီးအရေးယူသည့်ကြားမှ ပိုမိုများပြားလာခြင်းကို သက်ဆိုင်ရာမှ တင်းကြပ်စွာ ဖမ်းဆီးဆောင်ရွက်ပေးသင့်ကြောင်း မြို့နယ်ဒေသခံများက ပြောကြားသည်။

"ပေါ်ပေါ်တင်တင် လောင်းကစားလုပ်နေကြတာကိုတွေ့ရပါတယ်။ နှစ်လုံးထီ၊ သုံးလုံးထီအပြင် ဘောလုံးပွဲကာလဖြစ်တော့ ဘောလုံးပွဲလောင်းကစားကလည်း ပေါ်ပေါ်တင်တင်ဆောင်ရွက်လာကြတော့ လူငယ်တွေအတုမြင်အတတ်သင်ဖြစ်မှာစိုးရတယ်"ဟု မြင်းမူမြို့နယ်မှ ဒေသခံရပ်မိရပ်ဖတစ်ဦးက ပြောသည်။ (ဝ၇၉)

မောက်မယ်ရှိ ဝေးလံခေါင်ဖျားကျေးရွာများသို့ ကားလမ်းများစတင်ဖောက်လုပ်နေ

မောက်မယ် ဖေဖော်ဝါရီ ၃

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လူမှုဘဝတိုးတက်မြင့်မားစေရေး၊ ငွေကြေးဆိုင်ရာ အထောက်အပံ့များရရှိစေရေး ကိစ္စရပ်များနှင့် လူမှုဘဝတိုးတက်မြင့်မား စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန် ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ထို့ကြောင့် ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း မြို့နှင့် မိုင် ၃၀ ကျော်ခန့် လူသွားလမ်းနှင့် မြင်းသွားလမ်းသာပေါက်သော ဝေးလံခေါင်ဖျားကျေးရွာများဖြစ်သည့် ကဒူးကြီးကျေးရွာအုပ်စုရှိကျေးရွာများသို့ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်းပေါင်း ၂၄၀ ဖြင့် ကဒူးကြီး-ဝမ်စလောင်းမြေလမ်း မိုင် ၂၀ ဖောက်လုပ်ခြင်းလုပ်ငန်းကို ခမ်းရွှေဝါထွန်းနှင့် ခမ်းရွှေမြတ်ကုမ္ပဏီတို့က တာဝန်ယူဖောက်လုပ်ပြီး ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ဟိုနမ့်-ငိုရိန်-ဒုံရန်ကင်း-နမ့်ပါတက်-ဖာလွမ့်-ကဒူးကြီးမြေသားလမ်း မိုင် ၂၀ ဖောက်လုပ်ခြင်းကို ငွေကျပ်သန်း ၁၂၀ ဖြင့်လည်းကောင်း၊ မောက်မယ်-နမ့်လွတ်-ကဒူးလေး-ကဒူးကြီး ၄၂ မိုင်အနက် ကျန်ရှိသော ၃၃ မိုင်မှ ၁၀ ကျောက်ချောလမ်းကို ငွေကျပ်သန်း ၄၄၀ ဖြင့်လည်းကောင်း၊ ဝမ်မတ်-နားဟီး-ကဒူးကြီး မြေလမ်း(၂၉/၄) မိုင်အနက် ၁၂ မိုင်ကျောက်ခင်းခြင်းကို ငွေကျပ် သန်း ၅၂၈ ဖြင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) မှ ဖောက်လုပ်သွားမည်ဖြစ်ပြီး ကဒူးကြီးကျေးရွာအုပ်စုရှိ ကျေးလက်နေ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး လူမှုဘဝတိုးတက် မြင့်မားလာတော့မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဧရာဝတီအားကစားမျိုးဆက်သစ်များ မကြာမီထွက်ပေါ်လာတော့မည်

ဖျာပုံ ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်များရှိ မျိုးဆက်သစ်လူငယ် အားကစားသမားများကို အားကစားနည်းအလိုက် ရန်ကုန်အားကစားနှင့် ကာယပညာသိပ္ပံမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် လာရောက်ရွေးချယ်ပေးခဲ့ရာ စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၅၅ ဦးခန့် အရွေးချယ်ခံကြကြောင်း သိရသည်။

မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဖုန်းကျော်၊ ဖျာပုံခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှဦးစီးအရာရှိ ဒေါ်နှင်းနှင်းအေးအပါအဝင် တာဝန်ရှိသူများက ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ရွေးချယ်ခြင်းခံရမည့် အားကစားသမားများအတွက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ခေါ်ယူကာ နေထိုင်စားသောက်ခြင်း၊ ပညာသင်ကြားခြင်းများကိုနိုင်ငံတော်စနစ်ဖြင့် ခံစားခွင့်ရရှိမည်ဖြစ်ပြီး ကျောင်းဝတ်စုံ၊ အားကစားဝတ်စုံ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများအားလုံးကို နိုင်ငံတော်က ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ဘွဲ့ရရှိသည်အထိ ပညာဆက်လက်သင်ယူနိုင်မည့်အပြင် နိုင်ငံ့လက်ရွေးစဉ်အထိ အားကစားထူးချွန်သူများအား နည်းပြ/နည်းစနစ်၊ ဦးစီးအရာရှိအဖြစ် အစဉ်အလိုက် အားကစားဝန်ကြီးဌာနလက်အောက် အလုပ်ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၇၁)

ပြည်တွင်းသတင်း

တလုပ်ပင်ကျေးရွာ၌ လျှပ်စစ်မီး အသုံးပြုနိုင်ပြီ

တောင်တွင်းကြီး ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တလုပ်ပင်ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်း ၂၀၇ စုံအား ပေးအပ်လှူဒါန်းခဲ့ပြီး ကျေးရွာလုံးကျွတ်မီးလင်းရေး လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက် တလုပ်ပင်ကျေးရွာ၌ လျှပ်စစ်မီးများစတင်ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

လျှပ်စစ်မီးရရှိခြင်းကြောင့် ဒေသခံများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာနိုင်ပြီး ကျန်းမာရေး၊ ပညာရေးစသော ကဏ္ဍများအတွက်လည်း ညအချိန်မီးအလင်းရောင်ဖြင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြင့်က ပြောကြားသည်။

နိုင်ဝင်း(တောင်တွင်းကြီး)

ကောလင်း၌ သစ်ခွဲစက် တရားမဝင်လုပ်ကိုင်နေသူအား အရေးယူဆောင်ရွက်

ကောလင်း ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် မြို့မရဲစခန်း၏ အနောက်ဘက်ငါးမိုင်ခန့်အကွာ သဖန်းကုန်းကျေးရွာတွင် တရားမဝင်သစ်ခွဲစက်တည်ထောင် လုပ်ကိုင်နေသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမောင်မောင်စိုးဝေနှင့် သစ်တောဝန်ထမ်းများသည် ကောလင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဟုန်းထန်းအဖွဲ့နှင့်ပူးပေါင်းပြီး တရားမဝင်သစ်ခွဲစက်တည်ထောင် လုပ်ကိုင်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ကောလင်းမြို့နယ် သဖန်းကုန်းကျေးရွာနေ ဇော်မျိုးဆိုသူ၏နေအိမ်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ကြသည်။

ထိုသို့ရှာဖွေစစ်ဆေးစဉ် ဇော်မျိုး၏ နေအိမ် ခြံဝင်းအတွင်းမှ ကျွန်းသစ်ခားရွေတုံး ၄၅ တုံး၊ ဝ ဒသမ ၄ တန်၊ ဂျင်မာအမျိုးအစား ၁၈ ကောင် အင်ဂျင်တစ်လုံးနှင့်အတူ သစ်ခွဲစိတ်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား တွေ့ရှိခဲ့ရပြီး တရားမဝင်သစ်စက်ထောင်၍ ခွဲစိတ်လုပ်ကိုင်နေသည်ဟု ယူဆရသည့်အတွက် ဥပဒေအရ အရေးယူပေးရန် ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမောင်မောင်စိုးဝေက တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။

တရားမဝင် သစ်ခွဲစိတ်လုပ်ကိုင်နေသူ ဇော်မျိုး ၃၉ နှစ် သဖန်းကုန်းကျေးရွာ ကောလင်းမြို့နယ်နေသူအား ကောလင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူခဲ့ကြောင်း သိရသည်။

ဦးရဲ(ကသာ)

ချင်းပြည်နယ်မြောက်ပိုင်းသို့ လည်ပတ်နိုင်မည့်ခရီးစဉ် မကြာမီစတင်မည်

ရိခေါဒါရ် ဖေဖော်ဝါရီ ၃

ချင်းပြည်နယ်၏ အထိမ်းအမှတ်ဖြစ်သော ရိဒ်ရေကန်တည်ရှိရာ ချင်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်ကို ပြည်တွင်းခရီးသွားလုပ်ငန်း တစ်ခုဖြစ်သည့် Tanggo Travel and Tour အေဂျင်စီက ငါးညအိပ် ခြောက်ရက်ခရီးစဉ်ကို ငွေကျပ် ၂၈၀၀၀၀ ဖြင့် အလည်အပတ်သွားနိုင်မည့် ပထမဦးဆုံးခရီးစဉ် အသစ်တစ်ခုကို ယခုလ ဖေဖော်ဝါရီ၂၇ ရက်တွင် စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

“ချင်းပြည်နယ်ရဲ့ သင်္ကေတအမှတ်အသားတစ်ခုဖြစ်တဲ့ အသည်းနှလုံးပုံသဏ္ဍာန်ရိဒ်ရေကန်နဲ့ ကနေဒီတောင်တန်းရဲ့ သဘာဝအလှအပ တောတောင်ရှုခင်းတွေကိုအေးအေးချမ်းချမ်း တွေ့မြင်ခံစားစေချင်ပါတယ်။ ဒီခရီးစဉ်ကတော့ သဘာဝအခြေပြုခရီးသွားလုပ်ငန်း(Ecotourism) ပုံစံလေးပါ။ မူလအတိုင်း ကျန်ရှိနေသေးတဲ့ သဘာဝအလှအပတွေနဲ့ လူသိနည်းနေသေးတဲ့ ရိုးသားတဲ့ ချင်းတိုင်းရင်းသားတွေရဲ့ သဘာဝတွေကို ဇဟုသုတအနေနဲ့ လေ့လာနိုင်ပါတယ်။ ချင်းပြည်နယ်ဘက်ကို အပျော်ခရီး သွားတယ်ဆိုတာက သဘာဝခရီးသွားအခြေပြု လုပ်ငန်းအနေနဲ့တော့ ကောင်းပါတယ်။ ဒေသန္တရဗဟုသုတလည်း ရစေပါတယ်။ ပြီးတော့ လူတိုင်းမမြင်နိုင်တဲ့ တောင်ဇလပ်ပန်းတွေချင်းလူမျိုးတွေရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေနဲ့ ချင်းရိုးရာခေါင်ရည်ကိုလည်း မြည်းစမ်းခွင့်ရတာပေါ့။ ပြီးတော့ခရီးစဉ်မှာ ဟိုတယ်ခ၊ ကားခ၊ တစ်ဆင့်သွားကားခတွေနဲ့ အစားအသောက်တွေ စီစဉ်ထားပြီး အုပ်စုခေါင်းဆောင်နဲ့ ဒေသခံချင်းတိုင်းရင်းသား Guide တွေပါဝင်မှာဖြစ်တယ်” ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရိဒ်ရေကန်သို့စက်လှေဖြင့် လှည့်လည်ကြည့်ရှုနိုင်ရန် စီစဉ်ထားပြီး ကလေးမြို့တွင် အမှတ်တရပစ္စည်းများ ဝယ်ယူနိုင်ရုံသာမက အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ပါဝင်သော မိုးရေးမြို့၌လည်း ဒေသထွက်ကုန်များဖြစ်သည့် စတီးပစ္စည်းများ၊ စောင်များအပြင် အိန္ဒိယနိုင်ငံထုတ်ဆေးဝါးများကိုလည်း ဝယ်ယူနိုင်ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ဆွဲဆောင်သည့်အနေဖြင့် ချင်းပြည်နယ်အတွင်း သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကမ္ဘာလှည့်ခရီးသွားများ အနေဖြင့် ကန်ပက်လက်မြို့နှင့် မင်းတပ်မြို့နယ်တို့သို့ တရားဝင်သွားလာနိုင်ပြီး တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ဖလမ်း၊ ရိခေါဒါရ်၊ ထန်တလန်နှင့် ဟားခါးမြို့ ပေါ်ဒေသများသို့ ခွင့်ပြုချက်မလိုဘဲ သွားရောက်လည်ပတ်နိုင်သည့်အပြင် မြို့ပြင်သို့လည်း ခွင့်ပြုချက်တောင်းခံ၍ သွားရောက်နိုင်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်ချင်းဆက် ကြိုတိုင်းအောင်တံတားသစ်ဖွင့်လှစ်

ကျိုက်ထို ဖေဖော်ဝါရီ ၃

ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်အား ပိုင်းခြားထားသည့် သဲဖြူချောင်းကို ပြည်သူများ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်ရန်ရွယ်ရည်၍ စိတ်အကြံအောင်အဓိဋ္ဌာန်တောင် ဆရာတော် ဘဒ္ဒန္တကဝိဓဇ ဦးစီး၍ ဒေသခံဆရာတော်များနှင့်အလှူရှင်များစုပေါင်းပြီး အသစ်တည်ဆောက်ခဲ့ရာ ပြီးစီးသွားခဲ့သဖြင့် ဇန်နဝါရီ ၃၁ ရက် ဖွင့်လှစ်ခဲ့သည်။

ကျိုက်ထိုမြို့နယ်ဘက်မှ ပျဉ်းမစခန်းဆရာတော် ဦးဝိသုဒ္ဓနှင့် စိတ်အကြံအောင် အဓိဋ္ဌာန်တောင်ဆရာတော်ဘဒ္ဒန္တကဝိဓဇ၊ မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်နှင့် ဘီးလင်းမြို့နယ် ဝင်းသောင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆရာတော်နှင့်ဧည့်သည်တော်များအပါအဝင် ဘီးလင်းမြို့နယ်ဘက်မှစပြီးတံတားကို အမွှေးနံ့သာရေများ ပက်ဖျန်းကာတံတားကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ဆိုင်ကယ်နှင့် မိသားစုစီးယာဉ်ငယ်များကို ဖြတ်သန်းမောင်းနှင်စေပြီး ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ၍ အန္တရာယ်ကင်းပရိတ်တရားတော်များကိုရွတ်ပွားပူဇော်ကာ လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

အဆိုပါတံတားကို လွှတ်တော်ရန်ပုံငွေကျပ် ၄၉ သိန်းနှင့်အတူ ဆရာတော်ကြီးနှင့်အလှူရှင်များစုပေါင်း၍ တည်ဆောက်သော တံတားဖြစ်ပြီး အလျားပေ ၄၀၀၊ အနံ ၉ ပေ၊ အမြင့် ၁၅ ပေဖြစ်ပြီး သံကူကွန်ကရစ်ကြိုးထိန်းတံတားဖြစ်၍ စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ်သိန်း ၃၈၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၂ရက်က မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် မြို့နယ်တာဝန်ရှိသူများက စစ်ဆေးပေးလျက်ရှိပြီး စည်းကမ်းဖောက်ဖျက်သူ ၂၂ ဦးအား အရေးယူဆောင်ရွက်လျက်ရှိစဉ်။

သတင်းဓာတ်ပုံ-မော်ကျွန်းမြင့်အောင်

လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ကျေးရွာချင်းဆက် နားလော့တံတား ပြန်လည်ပြုပြင်

မောက်မယ် ဖေဖော်ဝါရီ ၃

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး သွားလာမှုအဆင်ပြေစေရန်နှင့် လူမှုဘဝတိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ကျေးရွာချင်းဆက်တံတားဆက်သွယ်ရေးအဆင်ပြေရန်အတွက် ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၂၀ ဖြင့် ခွဲဝေချထားပေးပြီးအရှည်(၄၅ × ၁၄)ပေရှိ နားလော့တံတားကို ပြန်လည်ပြုပြင်ရေးအတွက် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးဌာနမှ တာဝန်ယူဆောက်လုပ်ရာ ဖေဖော်ဝါရီ ၁ ရက်တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက ဦးဆောင်၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်တို့က သွားရောက်ကြည့်ရှုပြီး စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ တံတားများ ဆောက်လုပ်ပြီးစီးပါက ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။ **(၁၄၂)**

ပညာရေးသတင်း

စာကြည့်တိုက်အဆင့်အတန်းမြင့်မားရေး ကျေးလက်စာကြည့်တိုက်မှူး သင်တန်းဖွင့်

ကန့်ဘလူ ဖေဖော်ဝါရီ ၃

ကျေးလက်ဒေသများရှိ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်မှူးများ၏ အရည်အသွေးကို မြှင့်တင်ရန် လိုအပ်ခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှူကြီးမှူး၍ မြို့နယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ကျေးလက်စာကြည့်တိုက်မှူး သင်တန်းကို ဇန်နဝါရီ ၃၁ ရက်က ကန့်ဘလူမြို့နယ် အမှတ်(၁) အခြေခံအပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဘုန်းကြွယ်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမောင်က စာကြည့်တိုက်ဆိုင်ရာ ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၁၃၀ တက်ရောက်ခဲ့ပြီး ပညာဘဏ်တိုက်စာကြည့်တိုက် မျိုးတူစုလုပ်ငန်း၊ စာရင်းသွင်းနည်း၊ ကတ်တလောက်လုပ်နည်းနှင့် အထွေထွေသင်ခန်းစာများကို တာဝန်ရှိသူများက သုံးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဦးဘုန်းကြွယ်က ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မတ္တရာမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓ၊ ဓမ္မယဉ်ကျေးလိမ္မာစာမေးပွဲကို ဖေဖော်ဝါရီ ၁ ရက်က ဗိုလ်တေဇရပ်ကွက် သစ္စာရွှေပြည် မဟာစည်ကျောင်းတိုက်အတွင်းကျင်းပရာ ဓမ္မစကူးလ်ကျောင်းပေါင်း ၁၂ ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း လေးကျောင်းတို့မှ ကလေးငယ် ၅၁၄ ဦး ဝင်ရောက်ဖြေဆိုခဲ့စဉ်။

သတင်းမြင်ကွင်း-စိုးကျော်သူထွေး(မတ္တရာ)

(၆၈) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် မွန်အမျိုးသမီး အမျိုးသားများတွေ့ဆုံပွဲနှင့် မွန်ရိုးရာယဉ်ကျေးမှု ပဒေသာကပွဲများကို မွန်ပြည်နယ် မြို့ကြီးလေးမြို့တွင် စည်ကားစွာကျင်းပရန်ရှိပြီး မွန်လူမျိုးများရှိရာ မြို့နယ်များနှင့် နိုင်ငံရပ်ခြားရှိ မွန်လူမျိုး အသင်းအဖွဲ့များတို့က တစ်ပြိုင်နက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင်လည်း (၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားများကို ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီခွဲမှစတင်ကာ ည ၁၂နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ မွန်အမျိုးသားနေ့အထိမ်းအမှတ်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးနိုင်စိုးကြည့်က ပြောကြားသည်။

မွန်လူမျိုးများ၏ ယဉ်ကျေးမှု အနုသုခုမများ၊ မွန်သူရဲကောင်းများ၏ ရဲစွမ်းသတ္တိနှင့် ရန်သူကိုတိုက်ခိုက်တွန်းလှန်ခဲ့သည့် သမိုင်းကြောင်းများကို ပြဇာတ်များ ကပြမည်ဖြစ်သည့်အပြင် တိုင်းရင်းသားရိုးရာဘာသာစကားကို မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း ပညာပေးဇာတ်လမ်းတိုများ၊ မွန်ရိုးရာ ယိမ်းအကအလှများနှင့် ဆာန်ညီဆာန် မွန်ပြဇာတ်ကြီးများကို တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်လူမျိုးများသည် မြန်မာနိုင်ငံအနှံ့အပြားတွင် နေထိုင်ကြပြီး အိမ်နီးချင်း ထိုင်းနိုင်ငံတွင်လည်း အများအပြား နေထိုင်လျက်ရှိကြသည်။

ရှေးဟောင်း ပျူလူမျိုးများကဲ့သို့ပင် မွန်လူမျိုးတို့သည် မြန်မာ့နိုင်ငံရေးသမိုင်းနှင့် ဘာသာတရားကိုးကွယ်ယုံကြည်မှုကို အုတ်မြစ်ချပေးခဲ့ကြသူများဖြစ်ပြီး အရှေ့အာရှတိုက်ဆိုင်ရာ ပညာရှင်များက မွန်လူမျိုးများကို အာရှတိုက်တောင်ပိုင်းသို့ ဝင်ရောက်လာခဲ့ကြသည့် မောင်းဂွတ်အနွယ်ဝင်များဟု ယူဆသော်လည်း တရုတ်လူမျိုးနှင့် ထိုင်းတရုတ်လူမျိုးများနှင့် လုံးဝမသက်ဆိုင်သည့် ဩစထရိုအေရှတစ် အုပ်စုဝင် လူမျိုးနွယ်များဟု သတ်မှတ်ထားကြသည်။

၁၉၅၅ ခုနှစ်က ထုတ်ဝေခဲ့သည့် အရှေ့တောင်အာရှ ရာဇဝင်စာအုပ်အတွင်း အင်ဒိုချိုင်းနားကျွန်းဆွယ်မဲန်မြစ်ဝှမ်းဒေသတစ်ဝိုက်တွင် ရှေးဟောင်း မွန်လူမျိုးများနှင့် သက်ဆိုင်သည့် မြို့ဟောင်းမြို့ပျက်များ၊ ဘာသာကိုးကွယ်မှုဆိုင်ရာ၊ ရှေးဟောင်းကျောက်စာများကို တွေ့ရှိရသည်။ မွန်ရာဇဝင်ဟောင်းများ၌ မဲန်မြစ်ဝှမ်းမြောက်ပိုင်းဒေသကို ယောနကတိုင်း ဟရိပုဥ္စပြည်နယ်၊ တောင်ပိုင်းဒေသကို အယဓ္ဓယတိုင်း ဒွါရဝတီပြည်နယ်ဟု ရေးသားဖော်ပြထားပြီး သုဝဏ္ဏဘုမ္မိတိုင်း၏ ကြီးကျယ်ခမ်းနားပုံကို ရေးသားထားကြသည်။

ပထမ ဟံသာဝတီမင်းနေပြည်တော် စတင်တည်ထောင်ခဲ့သည့် သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ် (အေဒီ ၅၇၃) တပို့တွဲ လပြည့်ကျော် ၁ ရက်ကို အစွဲပြုကာ မွန်အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပြီး လွတ်လပ်ရေးရစ ၁၉၄၈ ခုနှစ်တွင် စတင်ကျင်းပ လာခဲ့ရာ ယခုအခါ (၆၈)ကြိမ်တိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

သတင်း-သွန်းဝသန်

ဓာတ်ပုံ-မေဦးမိုး

ရမည်းသင်းမြို့နယ် အထက်တန်းကျောင်း ကျောင်းဆောင်သစ် ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး

ရမည်းသင်း ဖေဖော်ဝါရီ ၃

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရမည်းသင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာများအတွင်း အခြေခံပညာကျောင်းပေါင်း ၂၂ ကျောင်းကို ပြုပြင်ဆောင်ရွက်ခွင့်ရရှိခဲ့ရာ အထက(၁) ရမည်းသင်းကျောင်းအတွက် ကျောင်းဆောင်သစ်မှာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အလျား ၁၄၀ ပေနှင့်အနံ ၃၀ ပေ၊ အမြင့် ၂၄ ပေရှိ အာရ်စီရှစ်ခန်းတွဲ တိုးချဲ့ဆောက်လုပ်ရာ ဆွယ်တော်ထွန်းကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့သည့်အတွက် ၂၀၁၄ခုနှစ် မေလက စတင်ဆောက်လုပ်ခဲ့ကြောင်း၊ စုစုပေါင်း ကုန်ကျငွေကျပ် သိန်းပေါင်း ၁၅၁၀ ဖြင့် တည်ဆောက်ခြင်းဖြစ်ကာ ဧပြီလမတိုင်မီ အပြီးသတ်နိုင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးတာဝန်ခံက ပြောသည်။ **(ဝ၁၁)**

စည်းကမ်းမဲ့အနေးယာဉ်နှင့် လက်တွန်းလှည်းများ ဖေဖော်ဝါရီ ၅ ရက်မှသိမ်းဆည်း၍ ဥပဒေအရအရေးယူမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အသိပေးကြေညာချက်ထုတ်ပြန်ထားရာ ယင်းစာတန်းဗီနိုင်းအနီများ မဟာဗန္ဓုလလမ်းမ၏ လသာမြို့နယ်အတွင်း လမ်းလယ်ဓာတ်တိုင်များတွင် မြင်တွေ့ဖတ်ရှုရကြောင်း၊ ယင်းတွင် စည်ကမ်းမဲ့အနေးယာဉ်များနှင့် လက်တွန်းလှည်းများကြောင့် ယာဉ်ကြောကျပ်တည်းမှုကို ဖြစ်စေကြောင်း၊ လိုင်စင်ရှိ အနေးယာဉ်များ မြို့တွင်းမြို့နယ်များအတွင်း ဝင်ရောက်ခွင့်ပြုမထားခြင်း၊ လက်တွန်းလှည်းများအားလုံးဝလိုင်စင်ခွင့်ပြုမထားခြင်းတို့ကြောင့် စည်းကမ်းမဲ့အနေးယာဉ်နှင့် လက်တွန်းလှည်းများအား ဖေဖော်ဝါရီ ၅ ရက်မှစ၍ သိမ်းဆည်းသွားမည်ဖြစ်ကြောင်းနှင့် စည်းကမ်းမလိုက်နာသူများအား တည်ဆဲစည်ပင်သာယာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်ဟု ဖော်ပြထားသည်။

မြို့နယ်အတွင်း အများပြည်သူသိသာရန် အသံချဲ့စက်ဖြင့် လိုက်လံကြေညာထားခြင်းလည်း ပြုလုပ်ထားကြောင်း လသာမြို့နယ်တွင်း နေထိုင်သူများမှ ဆိုသည်။ ရန်ကုန်မြို့လယ်တွင် အရှေ့ဘက် ဗိုလ်အောင်ကျော်လမ်း၊ အနောက်ဘက် လမ်းမတော်လမ်း၊ တောင်ဘက်ကုန်သည်လမ်း၊ မြောက်ဘက် ဗိုလ်ချုပ်အောင်ဆန်းလမ်းအတွင်း ကျရောက်သော ဧရိယာအတွင်း နေ့စဉ်နံနက် ၅ နာရီမှ ည ၁၀ နာရီအတွင်း အနေးယာဉ်မဝင်ရ တားမြစ်ချက်ရှိရာ ယင်းသတိပေးလမ်းညွှန်များကို လမ်းမတော်လမ်းထိပ်နှင့်တကွ ကန့်သတ်ဧရိယာအဝင်လမ်းထိပ်များ၌ မြင်တွေ့ရသည်ဟု လသာမြို့နယ် (၁) ရပ်ကွက်တွင် နေထိုင်သူ ကိုသက်လွင်က ပြောသည်။

တစ်လမ်းမောင်း အနော်ရထာလမ်းမပေါ်တွင် ခရီးသည်တင်ယာဉ်လမ်းကြောင်းဖော်ဆောင်ရန် လမ်းတားတုံးပေါင်း ၂၄၂ တုံး စီတန်းချထားမှုကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းမှစတင်ဆောင်ရွက်ခဲ့ပြီး တစ်လမ်းမောင်း မဟာဗန္ဓုလလမ်း လသာမြို့နယ်အတွင်း လမ်းလယ်မျဉ်းဝါကွက်တွင် လမ်းတားတုံးများ စီတန်းချထားမှုကို ဇန်နဝါရီ ၂၉ ရက်မှစတင်လုပ်ဆောင်ကာ ဖေဖော်ဝါရီ ၁ ရက်တွင် လမ်းမတော်မှ ၂၁လမ်းထိပ်အထိ တုံးပေါင်း ၁၂၀ ဝန်းကျင်ချထားပြီးသည်ကို တွေ့ရကြောင်း၊ လမ်းတားတုံးများ လမ်းလယ်တွင် ချထားမှုကြောင့် လမ်းလယ်မျဉ်းဝါကွက်တွင် နေ့ရော ညပါ ယာဉ်ငယ်မျိုးစုံရပ်ထားခြင်း မမြင်တွေ့ရဘဲ ယခင်လမ်းလယ်ကျွန်း အမှတ်အသားထက် တစ်ဖက်တစ်ချက်စီတွင် ယာဉ်သွားလမ်းအကျယ် တစ်ပေကျော်စီ ပိုမိုကျယ်လာကြောင်း၊ လမ်းသားပေါ် ဈေးဆိုင်များ တည်ခင်းရောင်းချမှုအပေါ် အရေးယူမှု တစ်ပြေးညီရှိလာလျှင် လမ်းလယ်တွင် ဓာတ်တိုင်များရှိသော မဟာဗန္ဓုလလမ်းပေါ်တွင် လမ်းတားတုံးများ အနော်ရထာလမ်းမကဲ့သို့ မျဉ်းဝါတန်းပေါ်တွင်ချထားရန် မလိုအပ်ကြောင်း၊ သို့သော် ခရီးသည်တင်ယာဉ် သီးသန့်လမ်းဘေးရှိ ယာဉ်ရပ်နားရန်နေရာများတွင် ယာဉ်ငယ်ရပ်ထားမှုနှင့် ဈေးတည်ခင်းရောင်းချမှုကိုပါ အနော်ရထာလမ်းကဲ့သို့ရှင်းပေးရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ မဟာဗန္ဓုလလမ်းပေါ် လမ်းလယ်တွင် လမ်းတားတုံးများ စီတန်းချထားခြင်း၊ ကန့်သတ်နယ်မြေ၊ ကန့်သတ်ချိန်အတွင်း ဝင်ရောက်သောလိုင်စင်ရှိ အနေးယာဉ်နှင့်လိုင်စင်ခွင့်ပြုမထားသော လက်တွန်းလှည်းများအား ဖေဖော်ဝါရီ ၅ ရက်မှစ၍ အရေးယူသိမ်းဆည်းခြင်း ပြုလုပ်မည်ဆိုသော အသိပေးကြေညာမှုတို့သည် ဖေဖော်ဝါရီ တတိယပတ်အတွင်း ကြုံတွေ့ရမည့် ယင်းနေရာတွင် လမ်းတစ်ဝက်ပိတ်ဈေးရောင်းချမှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ အများပြည်သူများခံစားနေရမည့်ဖြစ်စဉ်များကို လျော့ပါးစေနိုင်မည်ဟု လမ်းသွားလမ်းလာများနှင့် လိုင်းကားစီးနင်းသူများက မျှော်လင့်နေသည်ဟု ဆိုသည်။ **ခင်ဆိုင်**

ဆောင်းပါး

မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသပာန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလ ထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟုမှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေး စာအုပ်တိုက်အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာ ရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလောနှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ 'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

ဂန္ထဝင်အသစ် လမ်း (၈၀)

ဆူးငှက်

ကျွန်တော်သည် အနောက်ကျုံးထောင့်ကို သတိရနေတာက ထနောင်းပင်ကြီးများ၊ ကုက္ကိုပင်ကြီးများကြောင့် ဖြစ်သည်။ မြောက်ပြင်က ပန်းထိမ်ဖိုလေးတွေဆီ...။ သို့မဟုတ် ထားဝယ်ရပ်ထဲက မိတ်ဆွေတစ်ဦး၏ စာအုပ်ဆိုင်လေးဆီသွားတိုင်း ဟောဒီအနောက်ကျုံးထောင့်ရောက်လျှင် မနားဘဲ မနေနိုင်...။ အပင်ကြီးတွေ စီးမိုးထားသဖြင့် နေပြောက်မထိုးသည့် အရိပ်အောက်က ကျုံးသံဆန်ခါ အုတ်ခုံလေးပေါ် ထိုင်ရတာ အေးချမ်းလှသည်။ အနားမှာလည်း မန်ကျည်းဖျော်ရည်သည်တွေ ပြည့်လို့...။ မိုးကုတ်ကား၊ သပိတ်ကျင်းကား၊ မတ္တရာကား၊ စကျင်ကား အမှတ်(၅)၊ အမှတ်(၇) ဘတ်စ်ကားတွေလည်း သည်နေရာမှာ ခေတ္တခဏနားကြသည်။ ဘီအမ်ကား၊ ဟီးနိုးကား၊ ဒိုင်နာကား၊ ချက်ပလက်ခေါင်းတိုခေါင်းရှည်စသော ကားအမျိုးမျိုးမှ လူအမျိုးမျိုး၊ စရိုက်အမျိုးမျိုး၊ အသံအမျိုးမျိုးကို သည်နေရာလေးမှာ ထိုင်ရင်းတွေ့ထိနေရသည်။ ပန်းထိမ်ဆရာ၊ ပန်းရံသံလက်ကိုင်၊ ဝပ်ရှော့သမားလေး၊ ထီသည်၊ နို့အေးချောင်းရောင်းသူ၊ ကြက်စာဝယ်ပြန်သူ၊ ဘူတာကြီး ကုန်ထမ်းသမား၊ ကားပွဲစား၊ ပင်စင်စားကျောင်းဆရာ၊ ရုံးစာရေးလေး... စသူတို့လည်း သည်နေရာက ခုံတန်းလေးပေါ် နားရင်း ဆေးလိပ်မီးတို့၏၊ ကွမ်းတစ်ယာကမ်း၏။ "ဒီလိုပါပဲဗျာ" ဟူသောအပ်ကြောင်း ထပ်စကားလုံးဖြင့် ကိုယ့်ခရီးကိုယ်ဆက်ကြ၏။

နောက်တော့ လမ်း ၈၀ နှင့် ၁၂ လမ်းထောင့် ကျွန်တော်တို့ထိုင်နေကျနေရာလေးမှာ အလှူခံမဏ္ဍပ်တစ်ခုရောက်လာသည်။ မန္တလေးတောင်ဘက်စုံပြုပြင်ရေးတဲ့။ မီးသတ်ရဲဘော်တွေ၊ ကြက်ခြေနီတွေနဲ့ အသံချဲ့စက်တကျော်ကျော်ဖွင့်ကာ အလှူခံသည်။ ကျွန်တော်တို့နေရာလေးပျောက်သွားပေါ့...၊ မန်ကျည်းဖျော်ရည်သည်လေးတွေ တောင်ဘက်၊ အရှေ့ဘက် ရွှေ့ကြပေါ့။ နောက်တော့အလှူခံမဏ္ဍပ်ကမပြောင်း၊ ဆိုင်းဘုတ်ကတော့ ပြောင်းပြောင်းသွားသည်။ ဤသို့ရက်ရှည်လများ နေရာယူခဲ့သော အလှူခံမဏ္ဍပ်သည် ကျုံးဘေးလမ်း လမ်းတိုးချဲ့ရေး စီမံကိန်းစတင်သောအခါ ပြောင်းရွှေ့သွားရလေတော့သည်။ ထိုအခါ အလှူခံမဏ္ဍပ်သာမဟုတ် ထနောင်းပင်ကြီးများလည်းပါ၏။ ကုက္ကိုပင်ကြီးများလည်း ပါသည်။ သံဆန်ခါအုတ်ခုံတန်းလေးပင် မကျန်တော့။ ကျုံးရေစပ်ကပ်ပေါက်နေသော ရေသဖန်းပင်လေးတော့ လွတ်သေးသည်။ (နောက်တော့ ကျုံးပြုပြင်တည်ဆောက်ရေးတွင် ထိုရေသဖန်းပင်လေးလည်း ပါသွားပြန်သည်။ ကျွန်တော်သည် ကျုံးထောင့်က "အေးရိပ်သာယာ"လေးကို လွမ်းဆွတ်နေပါသည်။ ထို့အတူ သတိတရရှိလှသော နေရာကလေးလည်း လမ်း ၈၀ ပေါ်က တောင်ဘက်နားမှာပဲရှိပါသည်။ လမ်း ၈၀ နှင့် ၁၃ လမ်းထိပ်။

ထိုနေရာမှာ လက်ရွေးစင်လက်ဖက်ရည်ဆိုင်ရှိခဲ့ဖူးသည်။ တောင်ဘက်ကျုံးလမ်းနှင့် မလှမ်းမကမ်း၌နေသော ကျွန်တော်သည် မြောက်ဘက်ကျုံးလမ်းနှင့် မလှမ်းမကမ်းမှာနေသော ကျွန်တော့်မိတ်ဆွေအား ဟောသည်လက်ရွေးစင်ဆိုင်လေးမှာ တစ်ပတ်တစ်ခါ ချိန်းဆိုဆုံဖြစ်ကြသည်။ သူသည် ရုံးတစ်ရုံးက စာရေးကလေးဖြစ်၏။ အိမ်မှာစာအုပ်အငှားဆိုင်ကလေးဖွင့်ထား၏။ သို့သော် လက်ဖက်ရည်ဆိုင်မှ လူများက သူ့ကို 'ပန်းထိမ်ဆရာ' ဟုပဲ ခေါ်ကြသည်။

ကျွန်တော်စောစော ရောက်သွားလျှင် လက်ဖက်ရည်ဆိုင်က ဆီးကာ" ခင်ဗျားမိတ်ဆွေပန်းထိမ်ဆရာ မလာသေးဘူးဗျ၊ စောင့်ဦး" ဟုပြောတတ်သည်။

ကျွန်တော်တို့ ထိုဆိုင်လေးမှာထိုင်ရင်း ဆိတ်စွပ်ပြုတ် သောက်ချင်သောက်၏။ သို့မဟုတ် အာလူးနံပြားစားချင်စား သည်။ သေချာတာကတော့ လက်မှန်လှသော ပေါ့ကျ လက်ဖက်ရည်တစ်ခွက်တော့သောက်ကြသည်။ ထို့နောက် ရေနွေးကြမ်းတစ်ပန်းကန် နှစ်ပန်းကန်မော့ကာ နှစ်ယောက်သား လမ်း ၈၀ ကိုဖြတ်ပြီး ကျုံးဘေးက ထနောင်းပင်အောက် ရောက်ကြသည်။ ထိုနေရာမှာထိုင်ပြီး ဆောင်းဝင်းလတ် ဝတ္ထုတွေအကြောင်း ပြောကြသည်။ စီးပွားရေးမဂ္ဂဇင်းတွေ အကြောင်း ပြောကြသည်။ 'ဘာထူးသေးသလဲ' ဟု မေးကြသည်။ တစ်ခါတစ်ရံ တောင်ဘက်နားဆီက ရောက်လာတတ်သော အဘိုးအိုတစ်ဦးက 'သဘင်သည် မဝင်ရ' ပြဇာတ်၏ ဇာတ်မြစ်တွေကို တူးဆွပြတတ်သေး၏။ မည်သို့သော စကားတွေ ပြောနေဆိုနေကြပါစေ...။ "ဗုန်း၊ ဗုန်း၊ ဗုန်း၊ ဗုန်း" ဟူသော အသံနှင့်တဒီးဒီးကားစက်သံကြားလျှင် အသံကြားရာဘက် လှည့်ကြည့်မိကြသည်။

"ဗုန်း၊ ဗုန်း၊ ဗုန်း" အသံက ကားဘောနက်ကြီးကို နှစ်တစ်လက်မကြီးတစ်ချောင်းနှင့် ရိုက်လာသောအသံဖြစ်သည်။ ကား စက်သံတဒီးဒီးက လီဗာနင်းကာ အရှိန်နှင့်မောင်းလာသော အသံဖြစ်သည်။ ထိုကားသံကြီးကြားရလျှင် လမ်း ၈၀ ပေါ်က အိမ်တွေ၊ မြောက်ပြင်ကအိမ်တွေ မျက်ခုံးပင့်ကာကြည့်မိကြသည်။ စိုးရိမ်တကြီးကြည့်မိကြသည်။ မည်သို့ပင် စက်ဘီးတွေ၊ ဆိုက်ကားတွေ၊ ကားတွေရှိပါစေ သူ့အရှိန်ကိုမလျှော့...၊ ဟွန်းလည်းမပါသောကြောင့် ဘောနက်ကြီးတဗုန်းဗုန်းရိုက်သည်။ ထိုချက်ပလက်ခေါင်းရှည်ကားကြီးက အရေးတကြီး မီးသတ်ကားလည်းမဟုတ်။ ကြက်ခြေနီကားလည်းမဟုတ်။ လူနာတင်ယာဉ်လည်းမဟုတ်။ ထို့အတူ ရဲကားလည်းမဟုတ်။ အသားဘော်ဒီယိုင်နဲ့နဲ့မှာ မြေဖြူဖြင့် တည်ဆောက်ပြုပြင်ရေး စီမံကိန်းနာမည် တစ်ခုခုတော့ ရေးထားပါသည်။ တကယ့်သေရေးရှင်ရေး၊ တိုင်းရေးပြည်ရေး ဆောင်ရွက်နေသည့်ပုံစံမျိုးဖြစ်သည်။ သူ အပြင်းမောင်းသွားရာလမ်းတစ်လျှောက် ရွံ့ခဲတွေ အပုံလိုက်ကျသွားလည်း အရှိန်မလျှော့...။ စက်သံက တဒီးဒီးနှင့်တဗုန်းဗုန်း၊ အသံကြီး လမ်း ၈၀ တစ်လျှောက်ကြားရလျှင်ပင် ကျုံးဘေးမှာ ထိုင်နေသည့် ကျွန်တော်တို့ပင် မိမိနှင့် လွတ်ပါ့မလား စိုးရိမ်စိတ်ဝင်မိသည်။ မလွတ်ဘူးဆိုကာ တိုက်သွားလည်းဘာမှ မတတ်နိုင်။ အခုတော့ လက်ရွေးစင်လက်ဖက်ရည်ဆိုင်လေးလည်း အနောက်ဘက်ရောက်သွားသည်။ ကျုံးဘေးထနောင်းပင်လည်း မရှိတော့။ ကျွန်တော့်မိတ်ဆွေလေးလည်း ပုသိမ်ကြီး ပြောင်းသွားပေါ့။

လမ်း ၈၀ နှင့် ၁၅ လမ်းအနားရောက်လျှင်ဖြင့် လက်ဟောင်း မန္တလေးသားများအဖို့ သတိတရရှိမိတာက ဇာတ်မင်းသားကြီး မြို့တော်ဦးသိန်းအောင်ဖြစ်ပါသည်။ ထိုနေရာတွင် မြို့တော်အင်အားစု၊ မြို့တော်အင်အားသစ် အဝန်းအဝိုင်းနေထိုင်ကြပါသည်။ ထီးရိုးဝင်းသည် 'မြို့တော်'၏ ဘူမိနက်သန်နေရာမှန်။ မန္တလေးမှာ ယခင်က အိမ်တော်ရာပိတ်ထီးများ ခေတ်စားခဲ့ဖူးသည်။ ဘာသာရေးမြို့ဖြစ်သည့်အလျောက် ရဟန်းတော်ဆောင်း ထီးလုပ်ငန်းလည်း ထွန်းကားခဲ့သည်။ ထိုထိုထီးများအတွက် ထီးရိုးများကို ပွတ်ထိုးထုတ်လုပ်ပေးရာနေရာ မို့ထီးရိုးဝင်းတွင်ပါသည်။ ထီးရိုးဝင်းအနီးအနားက အနုပညာနှင့်နီးစပ်ကြသည်။ ဆိုတတ်၊ တီးတတ်၊ မှုတ်တတ်၊ ကတတ်သူ မရှား၊ တကယ်တော့ မန္တလေးသည် တစ်မြို့လုံးအနုပညာတတ် စိမ့်ဝင်နေသည်။ ထိုအထဲတွင် ဇာတ်အဖွဲ့သော်လည်းကောင်း၊ တီးဝိုင်းအဖွဲ့သော်လည်းကောင်း ထူထူထောင်ထောင်ရှိလာပါက တစ်ရပ်ကွက်လုံး၊ တစ်ဝင်းလုံး၊ ထိုဇာတ်၊ ထိုတီးဝိုင်းနှင့် ဆက်စပ်သွားကြသည်။ ထို့ကြောင့် ထီးရိုးဝင်းတစ်ဝိုက်မှာ မြို့တော်အင်အားစု၊ မြို့တော်အင်အားသစ်ဖြစ်သွားတာ မဆန်း။

အခုတော့ ဇာတ်သဘင်စီးပွားရေးသည် အမျိုးသားစီးပွားရေးလုပ်ငန်းစစ်စစ် ဖြစ်သည့်အားလျော်စွာ ရေတိမ်နစ်ပါပကော။ ယခင်က တီးလုံးတီးကွက်၊ ကဇာတ်၊ ငိုချင်း၊ အော်ပရာ၊ ဇာတ်ဝင်စကား၊ ရှပ်တာအပိတ်အဖွင့်စသည့် ဇာတ်နှင့်ပတ်သက်ရာ လုပ်ငန်းများကို ကျွမ်းဝင်ရင်းနှီးသူတို့သည် ထိုအရာအားလုံးကို စွန့်လွှတ်ကာ အလုပ်ဖြစ်မည့် စီးပွားရေးခွင်များတွင် အသီးသီးစီးမျောကြပါပကော။ ကားပွဲစား၊ ပန်းထိမ်၊ ဈေးရောင်း၊ သံဂဟော၊ စက်ချုပ်၊ မလွန်ကျောက်ဝိုင်း။

ထိုနည်းတူ လမ်း ၈၀ (၁၅ လမ်း၊ ၁၆ လမ်း) တစ်ဝိုက်မှာ တစ်ချိန်က နာမည်ကျော်တူရိယာတီးဝိုင်းတစ်ခု ပေါ်ပေါက်ခဲ့ဖူးတာ မှတ်မိကြပါလိမ့်ဦးမည်။

မန်းရာပြည့်နှစ်တွင် ထူထောင်ခဲ့ဖူးသော နုယဉ်အပျော်တမ်းခေတ်ပေါ်တေးဂီတအဖွဲ့ကြီး ဖြစ်သည်။

"နုယဉ်... ဂီတ၊ ထံတျာတျေသံရှင် ဂီတနယ်ထဲစ၍ ဝင်...၊

ပါရမီရင့်သန်စေဖို့ပင်" ဟုအစချီကာ...၊

"တစ်ထောင့်သုံးရာ နှစ်ဆယ့်တစ်မှာ နုယဉ်ဖွားမြင်၊

အနုသုခုမ၊ ဂီတနယ်တွင်" ဟူသောတေးသွားဖြင့် ဘာသာ ရေးပွဲ၊ လူမှုရေးပွဲလမ်းများတွင် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုတီးမှုတ်ခဲ့ကြသည်မှာ မြို့မ၊ သင်္ဂဟ၊ သီရိမွန်အဖွဲ့များနှင့်အပြိုင်ဖြစ်သည်။

(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။

သူအပြင်းမောင်းသွားရာလမ်းတစ်လျှောက် ရွံ့ခဲတွေ အပုံလိုက်ကျသွားလည်း အရှိန်မလျှော့။ စက်သံက တဒီးဒီးနှင့် တဗုန်းဗုန်း၊ အသံကြီးလမ်း ၈၀ တစ်လျှောက် ကြားရလျှင်ပင် ကျုံးဘေးမှာ ထိုင်နေသည့် ကျွန်တော်တို့ပင် မိမိနှင့် လွတ်ပါ့မလား စိုးရိမ်စိတ်ဝင်မိသည်

ခမောက်ကြီးမြို့တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ခမောက်ကြီး ဖေဖော်ဝါရီ ၃

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အော်ကြီးကျေးရွာနှင့် သရက်ပင်ကျေးရွာအကြားတွင် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ကော့သောင်းမြို့မှ အော်ကြီးကျေးရွာသို့ ရေခဲတုံးများပို့ဆောင်ပေးသည့် ထရပ်မော်တော်ယာဉ်တစ်စီး လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ကော့သောင်းမြို့မှ အော်ကြီးကျေးရွာသို့ ရေခဲတုံးများပို့ဆောင်ပေးရန် ရေခဲတုံးများတင်ဆောင်လာသည့် ယာဉ်မောင်းဦးရှာဖီ (၃၈နှစ်) ကော့သောင်းမြို့ ရွှေမင်းဝံရပ်ကွက် ဗဟိုလမ်းနေသူမောင်းနှင်သည့် ထရပ်မော်တော်ယာဉ်သည် သရက်ပင်ကျေးရွာမှ အော်ကြီးကျေးရွာသို့အထွက် သုံးဖာလုံခန့်အရောက်တွင် လမ်းခင်းထားသည့် လမ်းဘေးမြေစာကျွံကာ မထိန်းနိုင်ဘဲ ယာဉ်၏လက်ယာဘက် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် ကော့သောင်းမြို့မှ အော်ကြီးကျေးရွာသို့ ခရီးကြုံလိုက်ပါလာသူ အော်ကြီးကျေးရွာနေ ဦးစိုးတင့်(၄၈ နှစ်)မှာ ရေခဲတုံးများပိကာသေဆုံးခဲ့သည်။ ယာဉ်မောင်းနှင့် နောက်လိုက်များမှာ ဒဏ်ရာများရရှိပြီး ယာဉ်မောင်း ဦးရှာဖီမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ခမောက်ကြီးမြို့ ရဲတပ်ဖွဲ့စခန်းမှ ယာဉ်တိမ်းမှောက်မှု၊ လူသေဆုံးမှု၊ မော်တော်ယာဉ်မဆင်မခြင်မောင်းနှင်မှုဖြင့် အမှုဖွင့်ရေးယူဆောင်ရွက်လျက်ရှိပြီး တိမ်းရှောင်သူယာဉ်မောင်းအား ဆက်လက်ရှာဖွေဖော်ထုတ် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ဆီမီးထွန်းညှိပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၃

အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် နာယကဒုတိယရဲမှူး ထိန်ဝင်း(ငြိမ်း) တို့ ဦးဆောင်သော သစ္စာမေတ္တာဘုရားဖူးလေ့လာရေးအဖွဲ့သည် ပုဂံညောင်ဦးမြို့နယ်သို့ရောက်ရှိပြီး ရွှေစည်းခုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်ရေးအတွက် ငွေကျပ် ၈၀၀၀၀ ကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

ညပိုင်းတွင် ဓမ္မမိတ်ဆွေဘုရားဖူးအဖွဲ့သည် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ဆီမီး၊ နံ့သာ ၅၀၀၀ စီဖြင့် ထွန်းညှိပူဇော်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

ပြည်တွင်းသတင်း

လှိုင်ကော်မြို့နှင့် ဒီမော့ဆိုမြို့တို့၌ စက်မှုလယ်ယာမြေစနစ် ပြုပြင်ဖော်ထုတ်

နေပြည်တော် ဖေဖော်ဝါရီ ၃

လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာရှိ လယ်ယာမြေဧက ၅၀ နှင့် ဒီမော့ဆိုမြို့နယ် စံပြ ၆ မိုင် ကျေးရွာအုပ်စု ဒေါဖိုးစီကျေးရွာမှ လယ်မြေဧက ၅၀ စုစုပေါင်း တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ အား စက်မှုလယ်ယာမြေစနစ်ကူးပြောင်းရန် စက်ယန္တရားများနှင့် မြေယာပြုပြင်ဖော်ထုတ်နေမှုများကို ဇန်နဝါရီ ၂၆ ရက် ညနေ ၃နာရီက ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာ ကယားပြည်နယ် စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းထွန်းခိုင်က တဆက်တစပ်တည်း လယ်မြေဧက ၁၀၀ အား စက်မှုလယ်ယာစနစ်ဖော်ထုတ်အကောင်အထည်ဖော်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒီမော့ဆိုမြို့ ဟိုပိတ်ကျေးရွာမှ လယ်သမားကြီး ဦးသိန်းမောင်က ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးရာ နှစ်စဉ်ပျမ်းမျှတင်း ၂၀၀ ထွက်ရှိသည့်အခြေအနေနှင့် ကျေးရွာတစ်ရွာလုံး စိတ်ပါဝင်စားစွာ တိုးချဲ့စိုက်ပျိုးမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိပ္ပံနည်းကျစိုက်နည်းစနစ်များကို တောင်သူလယ်သမားများက ထိထိရောက်ရောက် အသုံးပြုနိုင်ရေးနှင့် စက်မှုလယ်ယာမြေစနစ်အား ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်းများ စနစ်တကျတည်ဆောက်အကောင်အထည်ဖော်ရေးကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဒီမော့ဆိုမြို့နယ် ငွေတောင်ရပ်ရှိ ဒီမော့ဆို စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငွေတောင်ဆည်သို့ရောက်ရှိပြီး ဆည်အတွင်း ကန်ရေပြည့် သိုလှောင်နိုင်မှုအခြေအနေကိုကြည့်ရှု၍ စိုက်ပျိုးရေး သိပ္ပံကျောင်းနှင့် သင်ကြားရေး စိုက်ကွင်းများအတွင်း ရေပို့လွှတ်နိုင်ရေး၊ လျှင်မြန်စွာအကောင်အထည်ဖော်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ငွေတောင်ဆည်သည် အမြင့် ၃၅ပေရှိမြေသားတမံဖြစ်ပြီး အလျားပေ ၆၀၀၀ ရှိကာ ကန်ရေပြည့်ပမာဏ ဧကပေ ၈၉၂၀ သိုလှောင်နိုင်၍ ကန်ရေပြင်ကျယ် ဧက ၆၂၀ ရှိပြီး ဆည်ရေသောက် ၆၂၉၁ ဧကကို စိုက်ပျိုးရေပေးဝေနေသည့်ဒေသ သောက်သုံးရေအတွက် အလွန်အရေးပါသော ဆည်တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေစပါးစိုက်ပျိုးနိုင်ရန် စက်ယန္တရားများဖြင့် ဆောင်ရွက်

နတ်တလင်း ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တောင်ညိုရေလှောင် တမံမှ ၂၀၁၄/၂၀၁၅ ခုနှစ် မြို့နယ် နွေစပါး ၅၁၉၇ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ပြီး ဇီးကုန်းမြို့နယ်တွင် ၅၈၂ ဧက စုစုပေါင်း ၅၇၇၉ ဧကကို လျာထား သတ်မှတ်ချက်အတိုင်း အောင်မြင်ဖြစ်ထွန်းရေးအတွက် အချိန်မီရေပေးဝေနိုင်ရန် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နွေစပါးစိုက်ပျိုးရန် တောင်ညိုတူးမြောင်းမကြီးအား စက်ယန္တရားများဖြင့်လည်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက် ပေးလျက်ရှိသည်။ ယခုနှစ်နွေစပါးစိုက်ပျိုးမှုအတွက် အောင်ရေရရှိရေးကို အခက်အခဲမရှိပေးဝေနိုင်ရန် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူများ၏ ညွှန်ကြားမှုကို ခံယူကာ ဦးစပ်ခွန်ဦး(မြို့ပြ)က ဦးဆောင်ပြီး မြို့နယ်ဆည်မြောင်းဦးစီးဌာနရှိ ဝန်ထမ်းများစုပေါင်း၍ လုပ်ကိုင်ပေးရာ တောင်ညိုတမံမှ နတ်တလင်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်အတွင်းရှိ နွေစပါးချောင်းပိတ်တမံများဖြစ်သည့် ချောင်းဖောက်(ကြိုးဝိုင်း)တမံ၊ ချောင်းဖောက်တမံ၊ ဦးညက်လှတမံ၊ ဝက်စားပိုးတမံ၊ ဘုန်းကြီးတမံ၊ ငွေးပင်ခုံတမံ၊ ရွှေကြို့ပင်(မောရ)တမံ စသည့် တမံများသို့ လိုအပ်သောရေများကို ဖြည့်တင်းပေးလျက်ရှိပြီး ယခုအခါတွင် နွေစပါး ၁၆၉၆ ဧကကို ပျိုးထောင်ပြီး ဆက်လက်၍လျာထားသတ်မှတ်ချက်ဧကများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရေပေးဝေလျက်ရှိကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)

ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၏ ငါးထပ်ဆောင်သစ် ယခုနှစ်တွင် ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၏ ငါးထပ်ဆောင်သစ်ကို ယခု ၂၀၁၃ ခုနှစ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၏ ဒုတိယဆေးရုံအုပ် ဒေါ်မြင့်မြင့်အေးက ပြောသည်။

အထက်ပါပြောကြားချက်ကို ဂျပန်နိုင်ငံအခြေစိုက် (TAU) Corporation ၏ Ultrasound စက်ပေးအပ်လှူဒါန်းသည့်အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးသည် မြန်မာနိုင်ငံ၏ အကြီးဆုံးဆေးရုံကြီးဖြစ်ပြီး အစိုးရသစ်လက်ထက်တွင် ကျန်းမာရေးဘတ်ဂျက်ကို တိုးမြှင့်ချထားပေးလျက်ရှိရာ လိုအပ်လျက်ရှိနေသည့် စက်ကိရိယာများ ဝယ်ယူခြင်း၊ အခြေခံဆေးခုနစ်မျိုးဖြစ်သည့် သွေးသွင်းခြင်း၊ ဓာတ်မှန်ရိုက်ခြင်းများကို အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိသည်။

"ရန်ကုန်ဆေးရုံကြီးရဲ့ ငါးထပ်ဆောင်အသစ်ကို ယခုနှစ် ၂၀၁၅ ခုနှစ်မှာ နိုင်ငံတော်အကြီးအကဲတွေက လာရောက်ဖွင့်လှစ်သွားဖို့ရှိပါတယ်"ဟု ဒေါက်တာ ဒေါ်မြင့်မြင့်အေးက ပြောသည်။

ရန်ကုန်ဆေးရုံကြီး၏ ပင်မဆောင်ဖြစ်သော ဗိုလ်ချုပ်လမ်းပေါ်ရှိ မျက်နှာစာအဆောင်သည် သက်တမ်းနှစ် ၁၀၀ကျော်ရှိသည့်အတွက် ရှေးမူမပျက်မွမ်းမံပြင်ဆင်လျက်ရှိသည်။ ထို့အပြင် အတွင်းလူနာအဖြစ်တက်ရောက်ကုသနေသည့် လူနာများကိုနေ့စဉ်အလှူရှင်များ၏ လှူဒါန်းမှုများဖြစ်သော ရေသန့်ဘူးများ၊ ဆန်ပြုတ်များကိုလည်း အလှူခံလျက်ရှိပါသည်။

ရန်ကုန်ဆေးရုံကြီးသည် ၂၀၀၈ခုနှစ် တစ်နှစ်တည်းတွင် တက်ရောက်ကုသသော လူနာပေါင်းမှာ နှစ်သိန်းရှစ်သောင်းဝန်းကျင်ခန့်ရှိပြီး ပြီးခဲ့သည့်နှစ် ၂၀၁၄ ခုနှစ်တွင် တက်ရောက်ကုသသည့် လူနာမှာ ခြောက်သိန်းအထိ တိုးတက်လာခဲ့ကြောင်း ရန်ကုန်အထွေထွေဆေးရုံကြီး၏စာရင်းဇယားများအရ သိရသည်။

ကြည်(ရန်ကင်း)

ပြည်တွင်းသတင်း

ကရင်ပြည်နယ်ဒေသခံလူငယ်များအတွက် စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)

ဘားအံမြို့မှအထွက် ဒုံရင်းဘက်သွားသောလမ်းက သာသာယာယာရှိသည်။ ကတ္တရာလမ်းက ဖြောင့်တန်းနေရာ လမ်းဘေးတစ်ဖက်တစ်ချက်၌ စိုက်ခင်းများကိုတွေ့ရသည်။ ဘားအံ-ဒုံရင်းသွားကားလမ်း မိုင်တိုင် (၂/၃)အရောက်၌ ကားလမ်းဘေးတွင် မကြာမီကဖွင့်လှစ်ခဲ့သော စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်)ကို မြင်တွေ့ရသည်။ ကရင်ပြည်နယ်မှ လူငယ်များအတွက် စိုက်ပျိုးရေးပညာရှင်များထွက်ပေါ်ရန် အခြေခံလေ့ကျင့်သင်ကြားပေးနေသည့် စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)။

"အရင်ကတော့ ဒီနေရာက စိုက်ပျိုးရေးသုတေသန ဥယျာဉ်ခြံပါ။ ကရင်ပြည်နယ်အတွင်းက ဒေသခံလူငယ်တွေအတွက် ရည်ရွယ်ပြီး စိုက်ပျိုးရေးနဲ့ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းပြုတဲ့အခါ၊ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်တဲ့အခါ သိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်နိုင်အောင်လို့ အခုလို စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်)ကို ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်"ဟု တာဝန်ခံကျောင်းအုပ် ဒေါ်ကြည်ကြည်ချိုက ပြောပြသည်။

စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်)ကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်က လာရောက် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ လောလောဆယ်တွင် ကရင်ပြည်နယ်အတွင်းမှ ပထမနှစ်အဖြစ် ကျောင်းသား ၃၆ ဦးနှင့် ကျောင်းသူ ၂၄ ဦးတို့ တက်ရောက်ပညာသင်ကြားလျက်ရှိနေပြီဖြစ်သည်။

တည်ငြိမ်အေးချမ်းနေသော ကရင်ပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ကရင်ပြည်နယ်အစိုးရတို့က ဘဏ္ဍာငွေများ ထောက်ပံ့ဖြည့်ဆည်းမှုများအနက် ဒေသခံလူငယ်များကို သိပ္ပံနည်းကျစိုက်ပျိုးခြင်းဖြင့် အရည်အသွေးရှိပြီး ထွက်နှုန်းကောင်းသော စိုက်ပျိုးထုတ်ကုန်များ ထွက်ရှိစေရန် အပြင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်စေရန် စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)ကို ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

စာသင်ဆောင်၊ အိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာများကို တဖြည်းဖြည်း ဖြည့်ဆည်းလျက်ရှိပြီး ယခုအခါ စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)မှာ တည်ငြိမ်ခံ့ညားစွာ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ လက်ရှိပထမနှစ် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများမှာ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်သော ကြာအင်းဆိပ်ကြီး၊ ဖာပွန်၊ ကမမောင်း၊ ဘုရားသုံးဆူ၊ လိပ်သို၊ မြဝတီစသည်တို့မှ ဒေသခံလူငယ်များဖြစ်သည်။

သုံးနှစ်တက်ရောက်ရမည့် စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)တွင် စာတွေ့ ၄၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၆၀ ရာခိုင်နှုန်း သင်ကြားပေးလျက်ရှိသည်။ ၁၀ တန်းအောင်နှင့် စိုက်ပျိုးရေးအထက်တန်းအောင်ပြီးသူ ကရင်ပြည်နယ်မှလူငယ်များ အမှတ်မီပါက တက်ရောက်နိုင်ပြီး စိုက်ပျိုးရေးသိပ္ပံ၌ နောက်ဆုံးနှစ်သင်ကြားပြီး အမှတ်မီပါက စိုက်ပျိုးရေးတက္ကသိုလ်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခင်က တစ်နိုင်ငံလုံးတွင် စိုက်ပျိုးရေးသိပ္ပံစုစုပေါင်း ခုနစ်ကျောင်းသာ ရှိခဲ့ရာ တဖြည်းဖြည်း တိုးချဲ့ဖွင့်လှစ်မှုကြောင့် ယခုစိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်)ဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း စိုက်ပျိုးရေးသိပ္ပံ ၁၂ ကျောင်းအထိ ရှိလာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ တိုင်းဒေသကြီး နှင့်ပြည်နယ် ၁၄ ခုတို့တွင် စိုက်ပျိုးရေးသိပ္ပံ စုစုပေါင်း ၁၄ ခုအထိ ဖွင့်လှစ်သွားရန်စီစဉ်ထားရာ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

သတင်းဆောင်းပါး- မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ခင်ဇွန်ဇာလင်း

မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

မိတ္ထီလာ ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကြောင့် ကျေးရွာ ၂၆ ရွာမှ အိမ်ထောင်စု ၂၄၀၀ ကျော် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တစ်ပိုင်တစ်နိုင် ဆောင်ရွက်ရာမှ စီးပွားဖြစ်လုပ်ကိုင်လာကြကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေး၊ ခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းမင်းလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရာတွင် ဒေသခံပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကျေးရွာများကို ရွေးချယ်ကာ ခရိုင်/မြို့နယ်အဆင့် ကော်မတီများဖွဲ့စည်း၍ ကျေးရွာများတွင် မြစိမ်းရောင်ကြီးကြပ်မှုနှင့် ကျေးရွာဘဏ္ဍာရေး ဆပ်ကော်မတီများ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အရင်းမပျောက်လည်ပတ်ရန် ရန်ပုံငွေအဖြစ် မတည်ပေး၍ သက်သာသောအတိုးနှုန်း ရယူခြင်းဖြင့် ရန်ပုံငွေတိုးပွားစေပြီး ရေရှည်တည်တံ့လည်ပတ်စေမည့် နည်းလမ်းဖြင့် မိတ္ထီလာမြို့နယ်တွင် အိုးမတွေ့၊ ဆပ်ပြာကျင်း၊ သဘွတ်ကုန်း၊ အောင်းကန်၊ ဆည်ကုန်းကျေးရွာ၊ ဝမ်းတွင်းမြို့နယ်တွင် နွားနန်း၊ ကုလားရွာ၊ အောင်သာ(မြောက်)၊ ဒါးဟတ်၊ ရွာဟောင်း၊ လိတ်တက်၊ သံဘို၊ ကင်းရွာ၊ ညောင်ပင်၊ ဆူးဖြူကန်၊ ဗဒင်း(န)ကျေးရွာများ၊ သာစည်မြို့နယ်တွင် နတ်မြောင်းကပ်ကျေးအင်း၊ လူးကုန်း၊ ကျောက်ပုံကုန်း၊ ရွာပုလဲလေးနှင့် မလှိုင်မြို့နယ်တွင် ဆည်ရွာ၊ ညောင်ပင်သာ၊ ကံသစ်ကြီး၊ မြင်းသေ၊ ခေါင်းဆေးကန်ကျေးရွာ ၂၆ ရွာများမှ အိမ်ထောင်စု ၂၄၃၉ စုတို့က စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်ရာမှ စီးပွားဖြစ်လုပ်ကိုင်လာနိုင်ကြကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

သတင်းတိုများ

တက္ကသိုလ်ပညာသင် ထောက်ပံ့ငွေပေးအပ်

စလင်း ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် တက္ကသိုလ်ပညာသင်ထောက်ပံ့ရေးကော်မတီမှ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားနေသော ပညာရည်ထူးချွန်သော်လည်း တက္ကသိုလ်ပညာသင်ကြားရန် အခက်အခဲရှိသူများအား ထောက်ပံ့လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာရည်ထူးချွန်သော ရွှေတွင်းတူးကျေးရွာမှ မောင်ဇော်ဝင်းလှိုင် (ပညာရေးကောလိပ်)နှင့် မြေနီကုန်းကျေးရွာနေ မကေဇင်ဦး (သူနာပြုကောလိပ်) ပထမနှစ်တို့အား ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ တစ်လလျှင် ငွေကျပ် ၃၅၀၀၀ နှုန်းဖြင့် ထောက်ပံ့သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကော်မတီမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ကိုးဦးအား လည်းနှစ်စဉ် ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ဘုတ်ပြင်းမြို့နယ်၌ အသိပညာပေးဟောပြော

ဘုတ်ပြင်း ဖေဖော်ဝါရီ ၃

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ပိုစတာပြပွဲနှင့် အသိပညာပေးဟောပြောပွဲ တစ်ရပ်ကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုန်ပြင်းမြို့နယ် အတွင်းဘုတ်ပြင်းကျေးရွာအုပ်စု ခဲမိုင်ကျေးရွာအလက (ခွဲ) ကျောင်းခန်းမ၌ ဇန်နဝါရီ ၂၈ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူသိန်းက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ပိုစတာပြပွဲနှင့် စာအုပ်ပြပွဲကို ခင်းကျင်းပြသပေးရာ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၇/၇၂၅၃ Golden Lion Light Truck(GL.01)P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးညီညီလှိုင် ၈/ပဖန(နိုင်)၀၇၂၄၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊

ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့

ပြည်တွင်းသတင်း

ဗိုလ်ချုပ် နှစ်(၁၀၀)ပြည့် ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

မိုးညှင်း ဖေဖော်ဝါရီ ၃

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲကို ကချင်ပြည်နယ် မိုးညှင်းမြို့တွင် မြို့နယ်အဖွဲ့အစည်း ပေါင်းစုံပါဝင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ဖေဖော်ဝါရီ ၁ ရက်က လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးသည်။

ပဓာနနာယက ကံဦးကျောင်းတိုက်ဆရာတော် ဦးပညောဘာသနှင့် ပညာရောင်ခြည်စာသင်တိုက် ပဓာနနာယကဆရာတော် ဦးပညောဘာသတို့က ပြည်သူအားလုံးနှင့် သက်ဆိုင်သောကြောင့် အားလုံးက သဘောထားတူညီစွာ ပူးပေါင်းဆွေးနွေးဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ဩဝါဒမြွက်ကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများက လုပ်ငန်းအလိုက် အကြံပြုညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၁၃ ရက်မတိုင်မီ အားကစားပြိုင်ပွဲများ ကျင်းပရန် ဖေဖော်ဝါရီ ၁၃ ရက်တွင် သံဃာများကို ဆွမ်းဝတ္ထုအလှူ ဆက်ကပ်ရန်၊ ရွှေသာလျောင်းဘုရားကြီးဇာတ်ရုံ၌ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်များ မှတ်တမ်းဓာတ်ပုံများပြခန်း၊ ပန်းချီပြခန်း စသည့်ပြခန်းများပြသရန် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် ဂုဏ်ပြု ဟောပြောခြင်းနှင့် မြန်မာအက၊ တိုင်းရင်းသားပေါင်းစုံ ယဉ်ကျေးမှုအကများဖြင့် ကျင်းပရန်ဆုံးဖြတ်ကြကြောင်း သိရသည်။

(ဗဇ၃)

ရေကြောင်းပညာတက္ကသိုလ် ပညာသင်ဆုချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ နှစ်အလိုက် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂျပန်နိုင်ငံ MJ Technology Co., Ltd မှ ပညာသင်ဆု (Scholarship Award) ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံ ရေကြောင်းတက္ကသိုလ် ပါမောက္ခချုပ်ရုံး၌ ကျင်းပသည်။

ဂျပန်နိုင်ငံ MJ Technology Co., Ltd. မှ တက္ကသိုလ်တွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများထဲမှ ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦးကို တစ်နှစ်လျှင် တစ်ဦးချင်းအလိုက် အမေရိကန်ဒေါ်လာ ၆၀၀ (USD 600) အား ပေးအပ်ချီးမြှင့်ခဲ့သည်။

ဂျပန်နိုင်ငံ MJ Technology Co., Ltd. သည် ယခင် MJB Co., Ltd. အမည်ဖြင့် မြန်မာနိုင်ငံ ရေကြောင်းတက္ကသိုလ်ဆိပ်ကမ်း အင်ဂျင်နီယာဘာသာရပ် အထူးပြု (PH) ဘွဲ့ရ ကျောင်းသား ကျောင်းသူ ၄၀ ကို ဂျပန်နိုင်ငံတွင် အလုပ်အကိုင်ရရှိရေးခေါ်ယူထားပြီးဖြစ်သည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အနေဖြင့် အလုပ်အကိုင်ပိုမိုရရှိစေရေးနှင့် ပညာရပ်များကို ပိုမိုကျယ်ပြန့်စွာ လေ့လာနိုင်ရေးအတွက် သင်္ဘောကုမ္ပဏီ ၂၅ ခုနှင့် ပြည်ပကုမ္ပဏီသုံးခုတွင် ကျောင်းသား ၉၁၄ ဦးကို လည်းကောင်း၊ ရေကြောင်းဘက်ဆိုင်ရာ ပြည်ပကုမ္ပဏီများတွင် ၆၀ ကိုလည်းကောင်း၊ အလုပ်အကိုင်ရရှိရေး ဆက်သွယ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

နိုင်ငံ့ဝန်ထမ်းများ အခမဲ့ဆေးကုသခွင့်များရရှိလာတော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

နိုင်ငံ့ဝန်ထမ်းများအား လာမည့်ဘဏ္ဍာနှစ်မှစတင်ကာ အခမဲ့ဆေးကုသခွင့်ရရှိရန် စီစဉ်နေပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အခမဲ့ဆေးကုသခွင့်အဖြစ် ဓာတ်မှန်စမ်းသပ်ခြင်း၊ ခွဲစိတ်ကုသရသည့် ရောဂါများ၊ ပုံမှန်ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများ၊ သွေးတိုး၊ နှလုံးစသော နာတာရှည်ရောဂါများ၊ သွားနုတ်၊ သွားဖာခြင်းကဲ့သို့သော သွားနှင့်ခံတွင်းရောဂါများ၊ မျက်စိအတွင်းတိမ်ကဲ့သို့သောမျက်စိနှင့် ပတ်သက်သော ရောဂါအမျိုးမျိုး၊ ကိုယ်ဝန်ဆောင်မီးဖွားခြင်း၊ စောင့်ရှောက်ခြင်းလုပ်ငန်းများ စသည်ဖြင့် အခမဲ့ဆေးကုသခွင့်များ ရရှိကြမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မျက်မှန်ပြုလုပ်ခြင်း၊ ခန္ဓာကိုယ် အလှအပပြုလုပ်ခြင်း၊ လူနာစောင့် အသုံးစရိတ်အသုံးပြုခြင်း၊ သွားစိုက်ခြင်းတို့ကိုမူ အခမဲ့အစီအစဉ်တွင် ထည့်သွင်းထားခြင်းမရှိကြောင်း သိရသည်။

ကျန်းမာရေး ဝန်ကြီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေများ လွှတ်တော်သို့တင်ပြတောင်းခံရာတွင် အထူးအစီအစဉ်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအား

သတင်း-ကြိုတိုင်းအောင်၊ ဓာတ်ပုံ-သဏ္ဍ

အခမဲ့ဆေးကုသပေးနိုင်ရန် ဆေးကုသစရိတ်အဖြစ် ဝန်ထမ်းတစ်ဦးပျမ်းမျှငွေကျပ်လေးသောင်းနှုန်းဖြင့် ဝန်ထမ်းဦးရေ ကိုးသိန်းကျော်အတွက် ငွေကျပ် ၃၇ ဘီလီယံ လျာထားတောင်းခံထားသည်။

ထိုသို့ အခမဲ့ဆေးကုသပေးရာတွင် ပြည်သူများကိုအခမဲ့ဆောင်ရွက်ပေးသည့် Basic Package အပြင် ထပ်ဆောင်းအစီအစဉ် Benefit Package များထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဗဟိုအဆင့်ဆေးရုံကြီး ၃၀၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ဆေးရုံ ၃၇ ရုံ၊ ခရိုင်အဆင့် ၂၉ ခု၊ မြို့နယ်အဆင့် ၃၅၂ ခုနှင့် တိုက်နယ်အဆင့် ၅၂၂ ခုရှိရာ အဆိုပါဆေးရုံများ၌ ဝန်ထမ်းများအနေဖြင့် အခမဲ့ဆေးကုသခွင့်များ ရရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

ဂိုဏ်းပေါင်းစုံ သံဃနာယက အဖွဲ့မှကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ သာသနာနုဂ္ဂဟ ပရိယတ္တိစာမေးပွဲကြီးပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အောင်မြေသာယာစေတီတော်အနီးရှိ ဇိမာန်တော်ကြီးတွင် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ကျင်းပခဲ့သော ဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြို့နယ်လုံးဆိုင်ရာသာသနာနုဂ္ဂဟ ပရိယတ္တိစာမေးပွဲကြီးကို ဖေဖော်ဝါရီ ၂ ရက်တွင် နောက်ဆုံးရက်အဖြစ် ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

(၁၅)ကြိမ်မြောက် ကျင်းပခြင်းဖြစ်သော ဂိုဏ်းပေါင်းစုံ မြို့နယ်လုံးဆိုင်ရာ သာသနာနုဂ္ဂဟ ပရိယတ္တိစာမေးပွဲတွင် သုံးရက်ဆက်တိုက်ဖြေဆိုသော ပထမကြီးတန်းမှအပါး ၆၀၊ ပထမလတ်တန်းမှ ၇၉ ပါး၊ ပထမငယ်တန်းမှ ၁၆၁ ပါး မူလတန်းမှ ၁၃၂ ပါးနှင့် တစ်ရက်တည်းဖြေဆိုသော ဥပစာတန်းမှ ၂၃၄ ပါးဖြင့် စုစုပေါင်း ၆၆၆ ပါးဖြေဆိုခဲ့ရာ စာဖြေသံဃာများ အရည်အချင်းပြည့်ဝစွာဖြေဆိုနိုင်ရန် ကြပ်မတ်ခဲ့ကြောင်း မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်တစ်ပါးမှ မိန့်ကြားသည်။

ဧပြီ ၁ ရက်တွင် အစိုးရပထမပြန်စာမေးပွဲကို သံဃာအပါး ၆၆၆ ပါးဖြင့် ယခု ကျင်းပသော ဇိမာန်တော်ကြီး၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်း ၁၂၀၊ သီလရှင်ကျောင်း ခုနစ်ကျောင်းနှင့်သံဃာအပါးပေါင်း ၄၃၃၀၊ သီလရှင် အပါး ၅၀၀ ကျော်ရှိရာ သုံးရက်တာဖြေဆိုသော ပရိယတ္တိစာမေးပွဲကြီးတွင်လည်း ပထမကြီးတန်း၌ သီလရှင် ငါးပါး၊ အလတ်တန်းတွင် ၁၀ ပါး၊ အငယ်တန်းတွင် ခြောက်ပါး ဖြေဆိုခဲ့ကြောင်းနှင့် အဖြေလွှာများအား ရေဥက္ကံကျေးရွာ မဟာသီဟနာဒ ကျောင်းတိုက်၌ စစ်ဆေးကာ တစ်ပတ်အတွင်း ဖြေဆိုအောင်မြင်သော သံဃာ၊ သီလရှင်အမည်စာရင်းတို့အား ရပ်ကွက်၊ ကျေးရွာသံဃနာယကကျောင်းတိုက်များသို့ ပေးပို့သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးကော်မတီ ဆရာတော်တစ်ပါးက မိန့်ကြားသည်။

(ဗဇ၄)

GUSTO Institute of Information Technology

Database Design & Development Course

No. 289 (A) , Pyay Road ,Sanchaung Tsp; Yangon. Tel: 09 - 73031302, 09 - 8628806, 01 - 503715.

ရန်ကုန်သမဝါယမဒီဂရီကောလိပ်(သန်လျင်)

အငြိမ်းစားဆရာ/ဆရာမကြီးများမြတ်ဆရာပူဇော်ပွဲ

CB Bank Account No; 0132052852

RUBY
519100
09-51-77212, 535100

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/9596 AR MAHN THIT L/T,P/U ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဌေး ၁၂/ဥကတ(နိုင်)၀၅၂၆၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

နိုင်ငံတကာအားကစား

ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်မှာ အင်တာမီလန်တို့ ခက်ခဲမယ့်ပွဲ

မိုးမြင့်လင်းလက်

ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပွဲစဉ်ကို ဖေဖော်ဝါရီ ၅ ရက် နံနက်မှာ လက်ကျန်ပွဲစဉ်အဖြစ် နာပိုလီနဲ့အင်တာမီလန်တို့ ယှဉ်ပြိုင်ကြမှာဖြစ်လို့ ရင်ခုန်စရာပွဲအဖြစ် ရသမျိုးစုံခံစားအားပေးရဦးမှာ ဖြစ်ပါတယ်။ လတ်တလော ခြေရည်တူနေတဲ့ နှစ်သင်းဖြစ်တာမို့ ပရိသတ်တွေအတွက်တော့ ပွဲကောင်းတစ်ပွဲအဖြစ် အသုံးတော်ခံဦးမှာဖြစ်သလို နှစ်သင်းစလုံးအတွက်တော့ ကိုပါအီတာလီယာဖလားကို မျှော်လင့်ချက် ကြီးကြီးမားမားထားနေတာမို့ ကြည့်ကောင်းမယ့်ပွဲလည်း ဖြစ်ပါတယ်။

ဒီနှစ်သင်းရဲ့ဆုံတွေ့မှု မှတ်တမ်းကိုကြည့်ရင် စုစုပေါင်း ၁၄၃ ပွဲတွေ့ဆုံခဲ့ရာမှာ နာပိုလီက ၄၃ ပွဲနိုင်ပြီး အင်တာမီလန်က ၆၆ ပွဲနိုင်ကာ ၃၄ ပွဲသရေဖြစ်ထားတာ တွေ့ရပါတယ်။ စီးရီးအေမှာ နောက်ဆုံးတွေ့ခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် နှစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲဟာ ပိုပြီး အကြိတ်အနယ်ရှိလာမှာပါ။

နာပိုလီရဲ့ ဒီနှစ်ခြေစွမ်းပိုင်းကိုကြည့်ရင် စီးရီးအေမှာပွဲပေါင်း ၂၀ ကစားထားပြီး ၁၀ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ လေးပွဲရှုံးမှတ်တမ်းရှိထားပါတယ်။ အဲဒီပွဲ ၂၀ မှာ နာပိုလီ တိုက်စစ်မှူးတွေက နှစ်ဂိုးသွင်းယူခဲ့ပေမယ့် ပေးဂိုး ၂၅ ဂိုးအထိခွင့်ပြုခဲ့လို့ နာပိုလီရဲ့ ခံစစ်ပိုင်းက အားနည်းမှုတွေရှိနေတာတော့အမှန်ပါပဲ။ နာပိုလီရဲ့ထူးခြားမှုက အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ပုံမှန်ခြေစွမ်းပြသနိုင်နေတာဖြစ်ပြီး အိမ်ကွင်းမှာဆိုရင်တော့ တိုက်စစ်အားကောင်းနေတတ်ပါတယ်။ ကွင်းလယ်ကစားအား ဟန်ချက်ညီတဲ့အတွက် တိုက်စစ်ကိုလည်း ပံ့ပိုးပေးနိုင်တဲ့အပြင် ဂိုးသွင်းယူမှုလည်း ထက်မြက်တာမို့ စီးရီးအေ တန်းစီဇယားမှာ တတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

နာပိုလီတို့က အိမ်ကွင်းမှာ တိုက်စစ်ကို ရဲရဲဖွင့်ပြီး ကစားတတ်ပေမယ့် အဝေးကွင်းမှာ ခံစစ်ကို အကျစ်လျစ်ဆုံးတည်ဆောက်ကာ ဂိုးမပေးရရေးနဲ့ နိုင်ပွဲရရေး ဗျူဟာကို နည်းပြဘင်နီတက်စ်က အကောင်အထည်ဖော်နေတာမို့ အခုလည်း အိမ်ကွင်းမှာ တိုက်စစ်ကို ဖွင့်ပြီး အရှိန်ဟုန်ပြင်းပြင်းနဲ့ ကစားမှာသေချာပါတယ်။

အင်တာမီလန်တို့ကတော့ ခြေစွမ်းတည်ငြိမ်မှု ကင်းမဲ့နေပြီး ပုံစံကောင်းရဖို့ အားထုတ်နေရဆဲဖြစ်လို့ ဒီပွဲဟာ တကယ့်ကို အသက်ရှူမှားအောင် ကစားရမယ့်ပွဲ ဖြစ်နေပါတယ်။ အင်တာမီလန်ဟာ ဒီနှစ်စီးရီးအေမှာလည်း ခြေစွမ်းပိုင်း အားရစရာမရှိတာမို့ အခုချိန်ထိ ပွဲပေါင်း ၂၀ ကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးဆိုတဲ့ရလဒ်တွေကို ပွေ့ပိုက်ထားနေရတဲ့ အနေအထားမှာ ရှိနေပါတယ်။

အင်တာမီလန်တိုက်စစ်က ဂိုးသွင်းအားကောင်းပေမယ့် ခံစစ်ပိုင်းက ဂိုးအလျှုပေးသလို ဖြစ်နေတာက ရင်ပူစရာပါပဲ။ အထူးသဖြင့် အဝေးကွင်းတွေမှာ သရေပွဲများပြီး နိုင်ပွဲပျောက်ဆုံးနေတာမို့ ကစားသမားတွေလည်း ယုံကြည်ချက်ကင်းမဲ့နေတာတော့ အမှန်ပါပဲ။ အင်တာမီလန်ရဲ့ အားသာချက်ကလည်း အဝေးကွင်းမှာ ခံစစ်ကို လုံအောင်တည်ဆောက်ပြင်ဆင်တာဖြစ်လို့ နာပိုလီအတွက် ပြင်းထန်တဲ့ စိန်ခေါ်မှုတွေ ကြုံရနိုင်ပါတယ်။

ဒီနှစ်စီးရီးအေမှာ ဖလားရရှိရေး မျှော်လင့်ချက်နဲ့အတူ ကိုပါအီတာလီယာဖလားရယူရေးအတွက် ပိုပြီးနီးစပ်နေတာမို့ နာပိုလီတို့ အိတ်သွန်ဖာမှောက် ကြိုးစားတော့မှာဖြစ်ပါတယ်။ အင်တာမီလန်တို့ကလည်း မျှော်လင့်စရာဆိုလို့ ကိုပါအီတာလီယာဖလားကိုပဲ အာရုံစိုက်ရမှာမို့ ရွေးချယ်စရာတစ်လမ်းတည်းရှိတဲ့ အနေအထားပါပဲ။ ဒီနှစ်သင်းရဲ့ ဖြတ်သန်းမှုခြေစွမ်းအရကတော့ နာပိုလီတို့က ပိုပြီးပီပြင်အောင် စွမ်းဆောင်ပါလိမ့်မယ်လို့ ယူဆပါတယ်။

ဘိုနီရဲ့အိုင်ဗရီကို့စ်လည်း ဆီမီးတက်လာပြီ

မန်စီးတီးတိုက်စစ်မှူးသစ် ဖြစ်လာတဲ့ ဝဲလ်ဖရက်ဘိုနီရဲ့ အိုင်ဗရီကို့စ်အသင်းကတော့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာ အယ်လ်ဂျီးရီးယားကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး ဆီမီးတက်သွားပါပြီ။ အာဖရိကဆင်များလို့ လူသိများတဲ့ အိုင်ဗရီကို့စ်အသင်းရဲ့ ဂိုးများကိုတော့ မန်စီးတီးတိုက်စစ်မှူးသစ် ဘိုနီက နှစ်ဂိုး၊ အာဆင်နယ် တိုက်စစ်မှူးဟောင်း ဂါဗင်ညိုက တစ်ဂိုးသွင်းယူပေးခဲ့တာပါ။ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်း ပထမဆုံးအကြိမ် ကွာတားတက်လာတဲ့ အယ်လ်ဂျီးရီးယားအသင်းဟာ ပွဲအစမှာအကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ယာယာတိုရေး ပါဝင်တဲ့ အိုင်ဗရီကို့စ်အသင်းရဲ့ တိုက်စစ်ကို တောင့်မခံနိုင်ဘဲ ဖြစ်ခဲ့ရပါတယ်။

အခြားကွာတားပွဲအဖြစ် ဂါနာနဲ့ဂီနီတို့ပွဲမှာတော့ ဂါနာကသုံးဂိုးပြတ်နဲ့နိုင်ပြီး ဆီမီးတက်နိုင်ခဲ့ပါတယ်။ ဂါနာအသင်းဟာ အာဖရိကဖလား ဆီမီးကို ငါးကြိမ်ဆက်တိုက် တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲတက်လာတဲ့ ဂါနာအသင်းဟာလာမယ့် ဖေဖော်ဝါရီ ၅ ရက်မှာ အိမ်ရှင် အီကွေတိုရီရယ်ဂီနီအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ အိမ်ရှင်ကိုယှဉ်ပြိုင်ရမယ့် ဂါနာအသင်းဟာ လွယ်လွယ်ကူကူနဲ့ အနိုင်ရဖို့လွယ်မှာမဟုတ်ပါဘူး။ အိမ်ရှင်အားရှိတဲ့ အီကွေတိုရီရယ်ဂီရီကို အကြိတ်အနယ် ကစားရပါလိမ့်မယ်။

ဘိုနီရဲ့အိုင်ဗရီကို့စ် အသင်းကတော့ဖေဖော်ဝါရီ ၄ ရက်မှာ ဒီအာကွန်ဂိုအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရတော့ အိုင်ဗရီကို့စ်နဲ့ ဂါနာတို့ ဗိုလ်လုပွဲတက်လာနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။

ပဲလေ့စ်နောက်တန်းကို ရောက်လာတဲ့ လိုင်လီခံစစ်မှူး ဆိုရေး

ပရီမီယာလိဂ်မှာ ရုန်းကန်ကြိုးစားနေရတဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းဟာ နောက်တန်းခံစစ်အတွက် ပြင်သစ်ကလပ်လိုင်လီမှ ဆိုရေးအား ပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ သုံးနှစ်ခွဲစာချုပ်နဲ့ ခေါ်ယူလိုက်ပါပြီ။ အသက် ၂၄ နှစ်အရွယ်ရှိ လိုင်လီဘောလုံးအကယ်ဒမီထွက် ဆိုရေးဟာ ဆီနီဂေါ်အတွက် ငါးပွဲကစားခဲ့ပြီး လွန်ခဲ့တဲ့လက အာဖရိကနိုင်ငံများ ဖလားပွဲသွားရောက်ကစားခဲ့ပါတယ်။ ဆိုရေးဟာ နည်းပြအလန်ပါဒူးလက်ထက် တတိယမြောက်စာချုပ်တဲ့ ကစားသမားဖြစ်လာပါတယ်။ ဂျော်ဒန်မူတက်နှင့် ရှိုလာအာမီဘိုးတို့ကို ပါဒူးကခေါ်ယူအပြီး ဆိုရေးကိုခေါ်ယူခဲ့တာပါ။

ရိုးမားတိုက်စစ်အတွက် စီအက်စ်ကေအေ တိုက်စစ်မှူးကို ခေါ်ယူ

စီးရီးအေဖလားရဖို့မျှော်မှန်းထားတဲ့ စိန်ခေါ်သူ ရိုးမားအသင်းဟာ စီအက်စ်ကေအေတိုက်စစ်မှူး ဆေးဒိုးဒွန်ဘီယာကို ပေါင် ၁၀ ဒသမ ၈ သန်းပေးပြီး ခေါ်ယူလိုက်ပါတယ်။ ရိုးမားအသင်းက ဒွန်ဘီယာကို လေးနှစ်ခွဲစာချုပ်နဲ့ ခေါ်ယူလိုက်တာဖြစ်ပါတယ်။ ဒွန်ဘီယာဟာ ၂၀၁၀ ပြည့်နှစ်က စီအက်စ်ကေအေသို့မပြောင်းမီ ဂျပန်နဲ့ ဆွစ်ဇာလန်တို့မှာလည်း ကစားခဲ့ပါတယ်။ သူဟာ ရုရှားကလပ်အတွက် ပွဲပေါင်း ၁၃၀ ကစားရာမှာ ၈၄ ဂိုးအထိ သွင်းယူထားသူဖြစ်ပါတယ်။ သူဟာ လက်ရှိအာဖရိကဖလားပွဲမှာ အိုင်ဗရီကို့စ်အသင်းနဲ့အတူ ကစားနေပါတယ်။ သူဟာ ယခုနှစ်ရာသီမှာ ချန်ပီယံလိဂ်အုပ်စုပွဲများပါဝင်ကစားခဲ့ပြီး မန်စီးတီးနဲ့ပွဲမှာ သုံးဂိုးသွင်းယူခဲ့တယ်လို့ ဆိုပါတယ်။

ပွဲတိုင်းဂိုးသွင်းတဲ့ မက်ဆီ

ကောင်းမြတ်သူ-စုစည်းသည်။

ဘာစီလိုနာမှာ ခြေစွမ်းပြနေတဲ့ ကမ္ဘာကျော် ဘောလုံးသမား မက်ဆီဟာ ဘောလုံးနဲ့ပတ်သက်တဲ့ စံချိန်သစ်တွေ အများအပြား တင်ထားတဲ့သူပါ။ သူဟာပြီးခဲ့တဲ့ လာလီဂါပွဲစဉ် ၂၁ အဖြစ် ဗီလာရီးရဲကို အိမ်ကွင်းမှာ သုံးဂိုး-နှစ်ဂိုး အနိုင်ရလိုက်တဲ့ ပွဲမှာလည်း စံချိန်သစ်တစ်ခု တင်နိုင်ခဲ့ပါတယ်။ မက်ဆီရဲ့ ဒီတစ်ခါတင်တဲ့ စံချိန်သစ်ကတော့ ရှစ်ပွဲဆက်တိုက် ဂိုးသွင်းနိုင်တဲ့ စံချိန်လို့ဆိုပါတယ်။ ဘောလုံးသမားတစ်ဦးဟာ ပွဲတိုင်းဂိုးသွင်းဖို့ဆိုတာ မလွယ်ပါဘူး။ ဒါပေမယ့် လာလီဂါမှာ မက်ဆီက ရှစ်ပွဲဆက်တိုက် ဂိုးသွင်းနိုင်တဲ့ ကစားသမားဖြစ်လာပါတယ်။ ဒီပွဲမှာ ဗီလာရီးရဲအသင်းရဲ့ သွင်းဂိုးတွေကို ဘာစီလိုနာက နောက်ကလိုက်ပြီး ချေပရာမှာ နောက်ဆုံးအနိုင်ဂိုးကို မက်ဆီက သွင်းယူပေးခဲ့တာပါ။

တိုက်စစ်မှူး မက်ဆီဟာ ဒီနှစ်ထဲမှာ ၃၂ ဂိုး အထိ သွင်းယူနိုင်ခဲ့ပါပြီ။ ဘာစီလိုနာက ဒီပွဲအနိုင်ရလိုက်တဲ့အတွက် ထိပ်ဆုံးရောက်နေတဲ့ ရီးရဲမက်ဒရစ်နဲ့ တစ်မှတ်ပဲကွာပါတော့တယ်။ ရီးရဲမက်ဒရစ်ကိုအနီးကပ် ခြိမ်းခြောက်နေပါပြီ။ စပိန်လာလီဂါချန်ပီယံဆုကို ဘာစီလိုနာပြန်ယူဖို့ နီးကပ်လာပါပြီ။ ပြီးခဲ့တဲ့နှစ်က ဖလားလက်လွတ်ခဲ့ရပေမယ့် ကိုပါဒယ်ရေးဖလားနဲ့ လာလီဂါဖလားတွေဟာ ဘာစီလိုနာအတွက် ဖြစ်လာမယ့်အနေအထားရှိနေပါတယ်။

စောစောတောင်ရှင်း သာယာလှပပြီး၊ ဂရန်မြေပိုင်ဆိုင်ရရှိလိုသူများအတွက်
မြင်ဦးလွင်မြို့ မှ မြေကွက်များ ရောင်းမည်။

Phase (A) မြေ အလျား(၃၄၄-၃၅')×အနံ(၁၆၈') = (၁.၃၂၈)ဧက။
ပိုင်ရှင်နေ အဆောက်အဦ အလျား (၇၀')×အနံ(၅၂') RC (၁)ထပ် (၁)လုံး။
အလုပ်သမားနေအဆောက်အဦ အလျား (၂၄')×အနံ(၁၂')အုတ်နံကပ် (၁)လုံး။
ဝင်ငွေရ ယိုးဒယားပိန္နဲပင်၊ နဂါးမောက်ပင်၊ ငှက်ပျောပင်များပါ။

Phase (B) မြေ အလျား(၃၁၇-၅၅')×အနံ(၁၃၈') = (၁.၀၀၆)ဧက။
ဝင်ငွေရ ယိုးဒယားပိန္နဲပင်၊ ဒညင်းပင်၊ ထောပတ်ပင်၊ ငှက်ပျောပင်များပါ။

Phase (C) မြေ အလျား(၃၀၂-၀၅')×အနံ(၁၆၀') = (၁.၁၀၉)ဧက။
လူ(၅၀)ဆံ့ (၂)ယောက်ခန်း၊ (ရေချိုးခန်း၊သန့်စင်ခန်း)တွဲလျက် အဆောက်အဦ(၃)လုံး။
လူ(၅၀)ဆံ့ နားနေဆောင် အလျား(၄၂')×အနံ(၂၄')အုတ်နံကပ်(၁)လုံး၊ဝင်ငွေရ ဒညင်းပင်ပါ။

❖ ဝယ်ယူသူအား (၁)ကွက်ချင်းစီ အမည်ပေါက် ဂရန်ခွဲထုတ်ပေးမည်။

■ မြေကွက်တည်နေရာနှင့် ဆက်သွယ်ရန် လိပ်စာ — အမှတ်(၉၄)၊ ရွှေပြည်ပိုက်စံအိမ်၊ နီးဘုရားရှေ့၊ ဓမ္မရာဇ်ရွှေစင်လမ်း၊ အနီးစခန်း၊ မြင်ဦးလွင်မြို့။ ☎085-50280 09-49902400 09-798952382

❖ အဆောက်အဦနှင့် အုတ်တံတိုင်းတန်ဖိုး မယူပါ။ (၁)စတုရန်းပေ (1Sq ft)အား ကျပ် ၁၅,၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ)နှုန်းဖြင့် ရောင်းချပေးနေပါသည်။
❖ တစ်ခြံလုံးဝယ်ယူလိုပါက ဝယ်ယူနိုင်ပါသည်။ (ရေ၊ မီး၊ ပါဝါမီတာ၊ အဝီစိရေတွင်း)
❖ တစ်ဦးတည်းအမည်ပေါက်ဂရန်၊ ပိုင်ရှင်ကိုယ်တိုင် နေထိုင်ရောင်းချပေးနေပါသည်။



ကြော်ငြာ

68 Residence
We Define Lifestyle
ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
Developed By:
UNITED
GP
Development by GOLDEN PALACE
ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးတွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
More than
84%
Sold Out
Lucky Draw Program
&
Special Promotion Package
(5 % Discount+Interior Decoration Package)
(5th February - 10th March, 2015)
*Terms & Conditions
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ခေတ်မီ DUAL KEY SYSTEM UNIT များ
• အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ LOW E-GLASS SYSTEM
• တစ်ခုတည်းတွင် နှစ်ထပ်ပါရှိမည့် DUPLEX SYSTEM
• အဆင့်မြင့် SMART HOME SYSTEM နှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
• အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်
PARTNERS
KBZ BANK
ZONE
SOMERSET SERVICED RESIDENCE
SOILBUILD GROUP HOLDINGS LTD
OrangeTee
777Lux GROUP CO., LTD.
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၅) ရက်နေ့
1st Prize
2nd Prize
3rd Prize
(၂၅)ထပ်ရှိအိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
GIA(3) ကာရက်ဒိုင်းမွန်လက်စွပ်တစ်ကွင်း
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့် အခွင့်အရေးရှိပါသည်
SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY
ROOM TYPES SQFT
1 BEDROOM 750 Sqft
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1200 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft

ကြော်ငြာ

မင်းဘူးအသင်း(ရန်ကုန်)

မင်းဘူးအသင်း(ရန်ကုန်)၏ (၆၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း(ပြည်လမ်းထောင့်)ရှိ တက္ကသိုလ်များ ဓမ္မာရုံတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ ကျင်းပမည်ဖြစ်ပါသည်။ အသင်းဝင်များ၊ အသင်းမဝင်ရသေးသော မင်းဘူးခရိုင်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများစာရင်းကို ၁၀-၂-၂၀၁၅ ရက် နောက်ဆုံးထားပြီး အောက်ပါဖုန်းနံပါတ်များသို့ စာရင်းပေးပို့ကြပါရန်။ ဦးသိန်းနိုင် ဖုန်း-၀၉-၇၃၀၀၇၀၇၁၊ ဦးကျော်သီဟ ဖုန်း-၀၉-၂၁၃၅၇၁၇၄၊ တက္ကသိုလ်စိန်တင် ဖုန်း-၀၉- ၅၀၀၈၈၆၄၊ ဒေါ်ခင်စိန်ဝင်း ဖုန်း-၀၁-၅၆၀၆၁၁

တက်ရောက်သူများအား အခမဲ့ဆေးစစ် ဆေးကုသပေးခြင်း

နေ့လယ်စာ ရွှေတောင်ခေါက်ဆွဲ၊ ရေခဲမုန့်တို့ဖြင့် ဧည့်ခံပါမည်။

မင်းဘူးအသင်း(ရန်ကုန်)
အလုပ်အမှုဆောင်အဖွဲ့

မြေကွက်များဝယ်လိုသည်

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၄၈၀၊ ၀၉-၂၆၀၆၆၄၉၀

လေလံတင်ရောင်းချရန်အိတ်ဖွင့်ကြေညာစာ

၁။ ရခိုင်ပြည်နယ်၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ စစ်တွေ ဆားကြိတ်စက်ရုံရှိ အောက်ဖော်ပြပါ ဆားကြမ်းနှင့် အိုင်အိုဒင်းဆားချောများအား လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
(၁)	ဆားကြမ်း	၂၄၂.၂၆ မက်ထရစ်တန်
(၂)	လိုင်စင်ဆားကြမ်း	၄၄.၄၂ မက်ထရစ်တန်
(၃)	အိုင်အိုဒင်းဆားချော	၃၁၄.၀၈ မက်ထရစ်တန်
(၄)	အိုင်အိုဒင်း ၅ဝိ/သားထုပ်	၁၂၃၀၀ ထုပ်

၂။ လေလံတင်ရောင်းချခွင့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၄-၂-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း မြန်မာ့ဆားလုပ်ငန်း၊ ရခိုင်ပြည်နယ်ရုံး၊ ကျောက်ဖြူမြို့နှင့် မြန်မာ့ဆားလုပ်ငန်း၊ စစ်တွေ-ဆားကြိတ်စက်ရုံ(စက်ရုံလမ်း-စစ်တွေမြို့)သို့ လာရောက်စုံစမ်းဝယ်ယူနိုင်သည်။

၃။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာပိတ်ရက်မှာ ၁၉-၂-၂၀၁၅ ရက် ၁၅း၀၀နာရီဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၄၃-၄၆၀၁၉၊ ၀၄၃-၄၆၂၁၀နှင့် ၀၄၃-၂၃၈၆၉ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ဆားလုပ်ငန်း၊ ရခိုင်ပြည်နယ်ရုံး၊ ကျောက်ဖြူမြို့

PGDMA-16 ဝင်ခွင့်
(Feb-7 မှစ၍)
09 500 1599, 09 8632973, 09 4500 17415

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ်(၈၃၄)၊ ခြောက်လွှာ(ဝဲ)၊ လယ်ယာရွှေမြေလမ်းနေ ကျွန်မ၏သမီး မသီတာဦး ၁၂/ ဗဟန(နိုင်)၀၅၀၁၆၄သည် မိဘဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်မယူပါ။

(မေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်ခင်မြင့်ဦး ၁၂/ဗဟန(နိုင်)၀၂၀၅၄၃

SKYSUITES
SHOW FLAT LAUNCH
QUALITY HOME FOR FAMILY & INVESTMENT
Drive Home BMW 5 series
BEST PAYMENT PLAN
BMW 5 Series
FREEHOLD LAND
Q HOME
No.23, Yanshin Road,
Yankin Township, Yangon Myanmar
Hotline +959 - 252 80 8200, 252 80 8300

ကြော်ငြာ

ABS
ASIA BUSINESS SYNERGY

Asia Business Synergy Public Co.,Ltd.
ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး (Annual General Meeting)
ဖိတ်ကြားလွှာ

ပြည်တွင်း/ပြည်ပ MBA Society Member များဖြင့်ဖွဲ့စည်းတည်ထောင်ထားသော Asia Business Synergy Public Co.,Ltd. ၏ ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး (Annual General Meeting) ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များမှ တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၂-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ညနေ ၃း၃၀နာရီမှ ညနေ ၅း၃၀နာရီအထိ
ကျင်းပမည့်နေရာ - Conference Hall၊ Main Building၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အစည်းအဝေးသို့တက်ရောက်သော အစုရှယ်ယာရှင်များအား မှတ်ပုံတင်စာရင်းသွင်းရန်အလို့ငှာ အသိအမှတ်ပြုလက်မှတ်နှင့်တကွ ကြွရောက်ပါရန်၊ အစည်းအဝေးသို့ မတက်ရောက်နိုင်သော အစုရှယ်ယာရှင်များသည် ပူးတွဲပေးပို့ထားပြီးဖြစ်သော ကိုယ်စားလှယ်လွှဲစာတွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ ထိုကိုယ်စားလှယ်အား လွှဲစာနှင့်အတူ အစည်းအဝေးသို့ စေလွှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပူးတွဲပေးပို့ထားပြီးဖြစ်သော ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့တင်ပြသော ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် စာရင်းစစ်အဖွဲ့မှ အတည်ပြုထားသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၏ ငွေစာရင်းရှင်းတမ်းတို့နှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးအကြံပြုလိုပါက အစုရှယ်ယာများအနေဖြင့် ဆွေးနွေးလိုသည့်အချက်များအား ကုမ္ပဏီရုံးခန်းသို့ ၁၈-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပေးပို့ပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

အသစ်ရွေးချယ်တင်မြှောက်ရန်ရှိသော ၂၀၁၅-၂၀၁၆ ခုနှစ်သက်တမ်း ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် (၄)နေရာအတွက် ပူးတွဲပေးပို့ထားပြီးဖြစ်သော ဒါရိုက်တာအဆိုပြုလွှာတွင် အစုရှယ်ယာရှင်များမှ ကိုယ်တိုင်ပြည့်စုံစွာ ဖြည့်စွက်လက်မှတ်ရေးထိုး၍ ကုမ္ပဏီရုံးခန်းသို့ ၁၃-၂-၂၀၁၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့ပေးပါရန် ပန်ကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Asia Business Synergy Public Co., Ltd.

ABS
ASIA BUSINESS SYNERGY

Asia Business Synergy Public Co.,Ltd.
ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း/သင်းဖွဲ့စည်းမျဉ်းများအား ပြင်ဆင်/ဖြည့်စွက်ရန် အစုရှယ်ယာရှင်များ အထူးအစည်းအဝေး
(Shareholders Special Meeting)
ဖိတ်ကြားလွှာ

ပြည်တွင်း/ပြည်ပ MBA Society Member များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော Asia Business Synergy Public Co.,Ltd. ၏ လက်ရှိပြဋ္ဌာန်းထားသည့် ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း/သင်းဖွဲ့စည်းမျဉ်း (Memorandum of Association/ Articles of Association)အား ပြင်ဆင်/ဖြည့်စွက်ရန် အစုရှယ်ယာရှင်များ အထူးအစည်းအဝေး (Shareholders Special Meeting)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များမှ တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၂-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၂း၃၀ နာရီမှ ညနေ ၃း၀၀ နာရီ
ကျင်းပမည့်နေရာ - Conference Hall၊ Main Building၊ MICT Park လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း/သင်းဖွဲ့စည်းမျဉ်းအား ပြင်ဆင်/ဖြည့်စွက်ရန် အချက်များအား အစုရှယ်ယာရှင်များသို့ ပူးတွဲပေးပို့ထားပြီးဖြစ်ပါကြောင်းနှင့် အစည်းအဝေးသို့ အစုရှယ်ယာရှင်ကိုယ်တိုင်၏ အစုရှယ်ယာရှင်အသိအမှတ်ပြုလက်မှတ်နှင့်တကွ ကြွရောက်ပါရန်နှင့် အစည်းအဝေးမတက်ရောက်နိုင်သော အစုရှယ်ယာရှင်များသည် ပူးတွဲပေးပို့ထားပြီးဖြစ်သော ကိုယ်စားလှယ်လွှဲစာတွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ ကိုယ်စားလှယ်အား လွှဲစာနှင့်အတူ အစည်းအဝေးသို့ စေလွှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Asia Business Synergy Public Co., Ltd.

ဆရာခန့် ၏

ပျောက်ဆုံးကြောင်း
U T Family Co.,Ltd ... ILV 14_15 3483 ...

ပိုင်ရှင်ကိုယ်တိုင် ငှားရမ်း ပေးလိုပါသည်။

အထူးကျေးဇူးတင်ရှိခြင်း
မိုးညှင်းဝိပဿနာတိုက်သစ် သီလရှင်ဆရာကြီး ဒေါ်ဒေသဝတီ(ခ)ဒေါ်ညွှန့်ညွှန့်
အသက် (၈၇)နှစ်

၁၄-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီးအား မကွယ်လွန်မီ နာရီပိုင်းက ဂရုတစိုက်ပြုမူဆောင်ရွက်ပေးခဲ့သော ဒေါက်တာကိုကိုလင်း၊ နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော မိုးညှင်းဝိပဿနာတိုက်သစ်မှ ဆရာတော်ကြီးများ၊ ဆရာကြီးများ၊ ယောဂီသူတော်စင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကညနမ ဝန်ထမ်းများ၊ စီးပွားရေးတက္ကသိုလ်(၁၉၇၅)မှ သူငယ်ချင်းများ၊ စိန့်ဂျွန်းကျောင်းသားဟောင်းများ၊ ကသာခရိုင်(ရန်ကုန်)အသင်း၊ Eon Engineering & General Trading Co.,Lt.d၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သုခကုသိုလ်ဖြစ်ဆေးခန်း၊ နာရေးကူညီမှုအသင်းမှ ဆရာဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရပ်ဆွေရပ်မျိုးမိတ်ဆွေသင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ လွမ်းသူ့ပန်းခြင်း ပေးပို့ခဲ့ကြသော မိတ်ဆွေများ၊ မေတ္တာစေတနာစိတ်ဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲကြောင်း၊ ကိုယ်တိုင်နှင့် ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သော မိတ်ဆွေ၊ သူငယ်ချင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် အသုံးပြုရန်လိုအပ်သော နှလုံးဆေးကုသမှုဌာနသုံး စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၄-၂-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး အုပ်ချုပ်မှုဌာနတွင် ရယူနိုင်ပြီး ၁၁-၂-၂၀၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လျှောက်ထားရမည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၃၃၀၇၄၃၂၊ ၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဇမ္ဗူသီရိအထူးကုဆေးရုံကြီး

ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းဝယ်ယူထားသူများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၂၉၀)၊ အကျယ်အဝန်း(ပေ၂၀×ပေ ၆၀)ရှိ အမှတ်(၂၉၀)၊ အာသာဝတီလမ်းတွင် မြေပိုင်ရှင် ဦးသန်းစိုး ၁၂/ဥကမ(နိုင်)၀၉၉၆၀၈ နှင့် ကန်ထရိုက်တာ ဦးအောင်ကျော်စိုး ၁၂/စခန(နိုင်)၀၂၃၀၂၃ နှင့် ဦးမြင့်စိုး ၁၂/အလန(နိုင်)၀၂၇၅၃၁ တို့နှစ်ဦးမှ ၁၂-၁၀-၂၀၁၃ ရက်တွင် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူစနစ်ဖြင့် (၁)ခန်းတွဲ (၅)ထပ်တိုက်တစ်လုံးဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခဲ့ပါသည်။

စာချုပ်ချုပ်ဆိုပြီး ကန်ထရိုက်တာ ရယူပိုင်ဆိုင်ခွင့်ရှိသော တတိယထပ်အခန်းအား ကန်ထရိုက်တာ ဦးအောင်ကျော်စိုးမှ ကြိုပွိုင့်စနစ်ဖြင့် ရောင်းချခဲ့ပြီး အဆိုပါအခန်းဝယ်ယူထားသူသည် ယနေ့ထက်တိုင် တိုက်ခန်းဖိုးငွေများ လာရောက်ပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသည်။

အဆိုပါ(၁)ခန်းတွဲ (၅)ထပ်တိုက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုချက်ပုံစံအတိုင်း ကန်ထရိုက်တာ ဦးမြင့်စိုးမှ ဆက်လက်လုပ်ကိုင်ခဲ့ရာ ယခုအခါ မြေကြီးတူးခြင်း(Foundation)လုပ်ငန်းများပြီးစီးပြီဖြစ်ပါ၍ ကြိုပွိုင့်စနစ်ဖြင့် တတိယထပ်အခန်းဝယ်ယူထားသူသည် ဤကြော်ငြာပါသည့်ရက်မှ ရက်သတ္တ(၁)ပတ် (၇)ရက်အတွင်း တိုက်ခန်းတန်ဖိုးငွေများ လာရောက်ပေးသွင်းရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ တိုက်ခန်းဖိုးငွေများ လာရောက်မသွင်းပါက မိမိစရန်အဖြစ် ပေးသွင်းထားသောငွေများ ဆုံးရှုံးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်စိုး(ကန်ထရိုက်တာ) ၁၂/အလန(နိုင်)၀၂၇၅၃၁
အမှတ်(၈)၊ လေးလွှာ၊ ကြံခင်းလမ်း၊ လင်းလွန်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၆၄၁၀၆

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
(အုပ်ထိန်းသူ လူကြီးတို့နှင့် အုပ်ထိန်းခံရသူ လူငယ်တို့ အက်ဥပဒေပုဒ်မ-၁၁)
လပွတ္တာခရိုင်တရားမရုံးတော်၌
၂၀၁၅ ခုနှစ်၊ အလွှာအမှတ်-၁

(၁) မမေသက်ပိုင်၊ (၂) ကိုအာကာလင်း **လျှောက်သူ**

ပဒဲကောကျေးရွာ၊ စလူဆိပ်အုပ်စု၊ လပွတ္တာမြို့နယ်ရပ်နေ အရွယ်မရောက်သေးသော လူငယ် (သို့မဟုတ်) ၎င်းပိုင်သောပစ္စည်းအကြောင်း မောင်ဖွဲ့ပြည့်စုံလင်း နှစ်လနှင့် ၁၀ရက် အထက်ပါအရပ်နေ (၁) မမေသက်ပိုင်၊ (၂) ကိုအာကာလင်းတို့က အုပ်ထိန်းသူအဖြစ် အထက်ပါအရွယ်မရောက်သေးသောသူငယ် မောင်ဖွဲ့ပြည့်စုံလင်း၏ ထိုသူငယ်ကို အုပ်ထိန်းခွင့် လျှောက်ထားချက်ရှိသဖြင့် ထိုသို့လာလျှောက်ထားခြင်းကို လူအများသိစေခြင်းငှာ ဤကြော်ငြာကို ထုတ်ဆင့်တော်မူသည်။

ထိုလျှောက်ချက်ကိုလည်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပိုင်ဆိုင်ရန် ချိန်းချက်မှုသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးမူ)
ခရိုင်တရားသူကြီး
လပွတ္တာခရိုင်တရားရုံး

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
မုံရွာခရိုင်တရားရုံး
၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၄၃

ဦးချစ်ရွှေ နှင့် ၁။ ဦးဂွမ်းပုံ
၂။ ဒေါ်ငွေးကြွယ်
၃။ ဦးချစ်ဝင်း
၄။ ဦးဝင်းကျော်
၅။ ဦးဝင်းမော်
၆။ ဦးကျော်နိုင်
၇။ ဦးမျိုးဝေ

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

ဦးချစ်ဝင်း (ဘ) ဦးသာဆောင်၊ တောင်သူ၊ သစ်ရာမြိုင်ရပ်ကွက် (ရှမ်းစု၊ တပ်ကုန်း) ကျွန်းလှမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးချစ်ရွှေက ဤရုံးသို့ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၂ ရက်စွဲပါ အရာတော်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၈/၂၀၁၃ ၏ ပဏာမဒီကရီအပေါ် မူလရုံးတရားလို ဦးချစ်ရွှေက ကျေနပ်မှုမရှိသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောမျိုးမျိုး)
ဒုတိယခရိုင်တရားသူကြီး (၂)
မုံရွာခရိုင်တရားရုံး

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ (ငြိမ်း)

လေ/၁၆၇၉

စစ်တက္ကသိုလ်အပတ်စဉ်(၁၇)

ရဟတ်ယာဉ်မှူး (M.H.I)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံ့ကော်မြိုင်လမ်းသွယ် ၁၊ အမှတ် ၄ နေ ဒေါ်ဝေဝေသောင်း၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ (ငြိမ်း) ရဟတ်ယာဉ်မှူး(M.H.I)သည် ၃၀-၁-၂၀၁၅ရက် နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် မိသားစု

အားကစားဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အင်း (တောင်ငူ)

အသက်(၉၅)နှစ်

ပါမောက္ခ ဒေါက်တာဦးအောင်စိုး [ပါမောက္ခ/ဌာနမှူး၊ ဥပဒေရေးရာ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်]၏မိခင်ကြီး ဒေါ်အင်းသည် ၃၀-၁-၂၀၁၅ရက် (သောကြာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်

ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ

ဆေးတက္ကသိုလ်(၂)ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းကြည်

အသက်(၈၂)နှစ်

ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)-ဒေါ်ခင်သီတာတို့၏မိခင်ကြီး ဒေါ်အုန်းကြည်သည် ၂၇-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၇)မှ သူငယ်ချင်းများနှင့် မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းကြည်

အသက်(၈၂)နှစ်

ဗိုလ်မှူးချုပ် ဦးကျော်-ဒေါ်ခင်စန်းကြည်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်အုန်းကြည်သည် ၂၇-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အပတ်စဉ်(၂၀)မှ

သူငယ်ချင်းများနှင့် မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သက်သက်ဇင်

(ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်)

အသက်(၃၃)နှစ်

ထူးကုမ္ပဏီများအုပ်စု ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်မှ Opera System Manager ဒေါ်သက်သက်ဇင်သည် ၂-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကန်တော်ကြီး ပဲလေ့စ်ဟိုတယ် ဝန်ထမ်းမိသားစု၊

Aureum & Treasure Hotel Resort

ဝန်ထမ်းမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ဝင်းကြည်

အသင်းဝင်အမှတ်-၄၅၂

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ စစ်တောင်းရိပ်မွန်၊ ယုဇနလမ်း၊ တိုက် ၁၀၊ အခန်း ၁၀၁နေ ဦးစိုးအောင်၏ဇနီးသည် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁း၄၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

သတိပေး

နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်

စည်းကမ်းထိန်းသိမ်းရေး

ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

ဒါယကာကြီး

ဦးဘလှ

(စက်ဆရာကြီး) ထီးတန်း

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း ၅လမ်း၊ အမှတ် ၁၀၊ အခန်း ၂ (က)နေ (ဦးသာနု-ဒေါ်နွားမ)တို့၏ သားကြီး၊ (ဦးစိန်-ဒေါ်သွင်)တို့၏ သားသမက်၊ ဒေါ်ခင်ကြွေ၏ခင်ပွန်း၊ ဦးစန်းနိုင်၊ ဒေါ်သီတာခိုင်၊ ဦးဇော်နိုင်-ဒေါ်ခိုင်ခိုင်မော်၊ မသူဇာနွယ် (WHK COMPANY LIMITED)၊ ဦးကျော်ကျော်နိုင် - ဒေါ်ခိုင်ခိုင်မာတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဦးကျော်လှ-ဒေါ်စိန်မြိုင်၊ (ဦးတင်သန်း)-ဒေါ်မြင့်မြင့်ခင်၊ မမြင့်မြင့်သန်း၊ စက်ဆရာကြီး ဦးသန်းဝင်း၊ ဒေါ်အေးအေးထွန်း၊ ဦးကျော်စိန်-ဒေါ်သန်းသန်းမြင့်၊ ဦးမောင်ငြိမ်း - ဒေါ်ခင်စန်းကြည်၊ ဦးအေးချို - ဒေါ်မြင့်မြင့်ကြည်တို့၏ အစ်ကိုကြီးသည် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့်

အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှမြင့်ဝင်း (စစ်ကွင်း)

B.A. BL. BJS (Retd)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ တရားရုံးချုပ်

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၃လမ်း၊ အမှတ် ၁၀၀နေ (ဦးမောင်ကို-ဒေါ်တင်မေ)တို့၏သားသမက်၊ (ဦးဘိုးလှဝင်း-ဒေါ်ခင်ညွန့်)တို့၏ သားကြီး၊ ဒေါ်မြမြ၏ခင်ပွန်း၊ (ဦးအေးချို) (ဆေး-၂)-ဒေါ်ခင်ဆွေဝင်း၊ (ဦးနန်းအောင်ဝင်း)-ဒေါ်အေးသန်း၊ ဒေါ်ဝင်းသန်း(ပြည်သူ့အင်အားဦးစီးဌာန)၊ (ဦးနန်းဝင်း)-ဒေါ်စိုးစိုးလွင်တို့၏အစ်ကိုကြီး၊ ဦးကျော်ကျော်တင့်-ဒေါ်ခင်စိမ်းဝင်း၊ (ဦးအောင်ဆန်းဝင်း)-ဒေါ်ဝင်းဝင်းမြင့်၊ ဦးစည်သူသိန်း-ဒေါ်စန္ဒာဝင်း၊ ဦးအောင်ဆန်းကြည်-ဒေါ်အေးအေးပြုံး၊ ဦးလှမျိုးမင်း-ဒေါ်သက်ထားတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏အဘေးသည် ၂-၂-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ညွန့် (ကျိုက္ခမီ)

အသက်(၈၂)နှစ်

ကျိုက္ခမီမြို့၊ ရွှေပိတောက်ရပ်နေ (ဦးခြောက်မူး-ဒေါ်ကွန်ပု)တို့၏သမီး၊ (ဦးစန်)၏ဇနီး၊ ဦးရွှေငြိမ်း (စံပြကုန်စည်ပို့ဆောင်ရေး) - (ဒေါ်မြင့်မြင့်သန်း)၊ ဦးမြင့်သိန်း(ညွှန်မှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန)-ဒေါက်တာဝင်းဝင်းနု(ကထိက၊ ပြည်တက္ကသိုလ်)၊ ဦးကျော်မြင့်-ဒေါ်စန်းစန်းအေး၊ ဦးဆန်းဦး၊ ဒေါ်မြင့်မြင့်အေး၊ ဦးဇော်ဇော်-ဒေါ်အေးအေးသင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၃း၀၅နာရီတွင် သင်္ဃန်းကျွန်း၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ ပထမထပ်(A)၊ အမှတ် ၂၆၀ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဆွေဆွေတင် B.Econ (M.S) 1971-72

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ဟင်္သာလမ်း၊ အမှတ် ၈၈/၂နေ (ဦးစိုးတင်-ဒေါ်အေးမြင့်)တို့၏သမီး၊ (ဦးမြင့်ကျော်-ဒေါ်လှရွှေ)တို့၏သမီးချွေးမ၊ [ဦးဝင်းစိုး(ခ)ဦးကိုကို]၊ ဦးဟန်စိုး (အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်နွယ်အေး(သမဝါယမဦးစီးဌာန)၊ (ဦးစောသိန်း)-ဒေါ်ယုယုတင်တို့၏ညီမ၊ ဦးကြီးစိုး(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ရေအားလျှပ်စစ် စီမံကိန်းရေးဦးစီးဌာန)-ဒေါ်မြသွေးရှိန်တို့၏အစ်မ၊ ဦးဇင်အောင်(ဦးစီးအရာရှိ၊ ငြိမ်း)၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၏ဇနီး၊ ဦးမင်းအောင်မျိုးသန့်(အမှုဆောင်အင်ဂျင်နီယာ၊ သာကေတမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး)-ဒေါ်အေးဆွေဇင်၊ ဦးသန့်ထက်ဇင်(3/O Uniteam)-ဒေါ်သင်းမြသဇင်ဟန်(လက်ထောက်ညွှန်ကြားရေးမှူး၊ သမဝါယမဦးစီးဌာန၊နေပြည်တော်)တို့၏မိခင်၊ မသက်နှင်းစု (G-VI, ရန်ကင်း၊ TTC)၊ မောင်ဘုန်းဝေယံမင်းတို့၏အဘွား၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်သည် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၆း၂၅နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းထိုက်စိုး (B.Sc)

အသက်(၄၅)နှစ်

ရန်ကုန်မြို့နေ (ဦးဘသန်း-ဒေါ်ကြင်)၊ မန္တလေးမြို့နေ သစ်ဘရားသား (ဦးသစ်-ဒေါ်တင်မေ)တို့၏မြေး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ငွေသီရိ ၁လမ်း၊ အမှတ် ၇၃၅နေ ဦးစိုးတင့်[(မြန်မာ့ထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်း ဘတ်ဂျက်ဦးစီးနှင့် ဖက်စပ်ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ အမှတ်(၁၁)အထွေထွေမန်နေဂျာ)]-(ဒေါ်အမာတင်)တို့၏သားကြီး၊ ဦးဝင်းထိုက်စိုး၊ ဦးသက်ပိုင်စိုး-ဒေါ်မြတ်မြတ်စိုးတို့၏အစ်ကိုကြီးသည် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

ဒါယကာကြီး

ဦးဉာဏ်မြင့်

အသက်(၇၀)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ ပတ္တမြားရတနာ ၁လမ်း၊ အမှတ် ၅၅၁နေ (ဦးတင်အောင်-ဒေါ်အေးကြည်)တို့၏သားကြီး၊ (ဦးတင်ဆောင် - ဒေါ်တင်ကြည်)တို့၏ သားသမက်၊ ဒေါ်အုန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ဝင်း-ဒေါ်တင်တင်ဇော်တို့၏အစ်ကိုကြီး၊ ကိုဝင်းဇော်ဦး-မခင်ဝင်းမြင့်၊ (ကိုကျော်ဦး)-မဆွေဇင်မြင့်၊ ကိုသန့်ဇော်မြင့်-မအိမွန်ဇော်၊ ကိုကျော်စွာငြိမ်း-မလေးလေးမြင့်တို့၏ ဖခင်ကြီး၊ မရွှန်းလဲ့သီရိဦး၊ မောင်ကျော်လကျာ်၊ မဝင်းလဲ့ရွှေရည်၊မောင်ကောင်းပြည့်သော်၊ မဝင်းပြည့်စန္ဒီ၊ မရွှေရည်ရှင်းသန့်၊ မသွန်းလဲ့သဒ္ဒါနွယ်တို့၏ အဘိုးသည် ၂-၂-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

ဒါယိကာမကြီး

ဒေါ်သန်းရီ (ဒေးဒရဲ-သဲကုန်း)

အသက်(၇၉)နှစ်

ဒေးဒရဲမြို့နယ်၊သဲကုန်းနေ ဦးဘိုရီ-ဒေါ်အေးချိုတို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရိပ်သာ ၁လမ်း၊အမှတ် ၁၄နေ ဦးသိန်းတင်(ရုံပိုင်ကြီး၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်စန္ဒာသိန်း (ညွှန်ကြားရေးမှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)၊ဒေါ်မာလာသိန်း(အထပ၊ အထက-၃၊ မြောက်ဒဂုံ)၊ ဒေါ်ခင်မာသိန်း(အလပ၊ အထက-၃၊ မြောက်ဒဂုံ)၊ ဦးအောင်မျိုးသိန်း(ခရိုင်အုပ်ချုပ်ရေးမှူး၊ မိုးမိတ်ခရိုင်)-ဒေါ်သွဲ့ဝေလွင်တို့၏ချစ်လှစွာသောမိခင်၊ မဖြူမြင့်မြတ်(တတိယနှစ်၊ သန်လျင်နည်းပညာတက္ကသိုလ်)၊ မောင်ကျော်ဇင်သန့် (ဒုတိယနှစ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ဒဂုံတက္ကသိုလ်)တို့၏အဘွားသည် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၅ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း

ဒါယိကာမကြီး

ဒေါ်တင်ကြည် (ပုသိမ်)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊(၂)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၅၄၊ မြေညီထပ်နေ (ဦးခိုင်ဗိုး)၏ ချစ်လှစွာသောဇနီး၊ (ဦးကွင်းရှင်း)-ဒေါ်မိရင်၊ (ဦးစိုးမင်းနိုင်)-ဒေါ်အေးသိန်း၊ ဦးဇော်-ဒေါ်ရီရီအေး၊ ဦးတင်စိန်-ဒေါ်ရွှေတင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၂၃ယောက်၊ မြစ် ၁၂ယောက်တို့၏ အဘွားသည် ၃-၂-၂၀၁၅ရက် နံနက် ၇း၃၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန်းရီ

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)

အသက်(၇၉)နှစ်

ဒေးဒရဲမြို့နယ်၊ သဲကုန်းနေ ဦးဘိုရီ-ဒေါ်အေးချိုတို့၏သမီး၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၈)ရပ်ကွက်၊ အောင်ရိပ်သာ(၁)လမ်း၊ အမှတ် ၁၄နေ ဦးသိန်းတင်(ရုံပိုင်ကြီး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်စန္ဒာသိန်း၊ ဒေါ်မာလာသိန်း၊ဒေါ်ခင်မာသိန်း၊ ဦးအောင်မျိုးသိန်း - ဒေါ်သွဲ့ဝေလွင်တို့၏ မိခင်သည် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၅ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဒေးဒရဲ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ဒေးဒရဲအသင်းအမှုဆောင်အဖွဲ့

ဘုရား၊ သိမ်၊ ကျောင်း၊ တံတား

ဒါယကာကြီး

ဦးမြင့်တင်

အထက(၄)ပဲခူး

အထက၊အင်းတကော်ကျောင်းအုပ်ကြီး

အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊(၄၃)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၅၇၅နေ ဒေါ်ထွေးတင် (အလက-၆၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာဖြိုးသူအောင်-မအေးအေးဦး(အောင်သစ္စာဆေးခန်း)၊ မယဉ်ယဉ်လတ်(ကထိက၊ ဘူမိဗေဒ၊ လှိုင်ကော်)၊ မောင်ကျော်သူရ၊ ဒေါက်တာမအိသန္တာထွေး(ဆေးရုံအုပ်၊ သန်လျင်)တို့၏ဖခင်သည် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ်

ဒါယိကာမကြီး

ဒေါ်ဝင်းကြည်

(ကျိုက်လတ်/ရုံးဒေါင့်)

အသက်(၆၆)နှစ်

ကျိုက်လတ်မြို့နယ်၊ ရုံးဒေါင့်ကျေးရွာနေ(ဦးအောင်လွင်-ဒေါ်ခင်အိ)တို့၏ သမီး၊ ပုလောမြို့၊ သစ်လှတောကျေးရွာနေ (ဦးဘလင်း - ဒေါ်ရင်ရွှေ)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ယုဇနလမ်း၊ တိုက် ၁၀၊ အခန်း ၁၀၁နေ ဦးစိုးအောင်၏ချစ်လှစွာသောဇနီး၊ကိုမျိုးသိန်းထွန်း-မချယ်ရီအောင်၊ ကိုမျိုးဝင်းထွန်း-မဖြူဖြူခိုင်၊ ကိုစိုးဝင်းထွန်း - မအိသွယ်ထွေး၊ ကိုအောင်ဝင်းထွန်း၊ မနန်းခင်နန္ဒာသီတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁း၄၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးညို (သုဝဏ္ဏ)

အသက်(၈၄)နှစ်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးခရိုင်၊ ဝါးခြမ်းကာရွာနေ (ဦးစောမောင်-ဒေါ်အေးစိန်)တို့၏သား၊ (ဦးဘဂျမ်း-ဒေါ်သန်း)တို့၏ သားသမက်၊ သုဝဏ္ဏ၊ ရေနံ့သာ (၂၄)ရပ်ကွက်၊ နီလာလမ်း၊ ၁၁၆/၃နေ ဒေါ်ကြွေ၏ခင်ပွန်း၊ ဒေါ်ခင်စန်းဝင်း(လဝကမှူး၊ ငြိမ်း)၏ဖခင်၊ ကိုနေဇင်ဝင်း(Uniteam)-မချစ်သည်းညာ(Myanmar Online Co.,Ltd.)၊ မောင်မင်းချစ်ဦး၊ မောင်မင်းချစ်သူဦး၊ မမေချစ်သည်းဖူးညာ၊ မရှင်းသန့်သဒ္ဒါကိုတို့၏အဘိုးသည် ၃-၂-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၈း၁၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြင် (ဗန်းမော်)

အသက်(၈၃)နှစ်

ဗန်းမော်မြို့၊ အနောက်သာစည်ရပ်နေ(ဦးဆင်ဟင်း-ဒေါ်စောနု)တို့၏သား၊ နောင်ခိုရပ်နေ (ဦးကျော်သိန်း-ဒေါ်နှင်းလှိုင်)တို့၏သားသမက်၊ ဒေါ်တင်မြ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးချစ်ယဉ်)-ဒေါ်ချိုချိုမာ၊ ဦးတင်အောင်ဆန်း-ဒေါ်ချိုချိုသိန်း၊ ဦးတူး-ဒေါ်ပွဲစိန်၊ ဦးဝင်းမြင့်-ဒေါ်နုနုတင်၊ (ဦးကိုကိုနိုင်)၊ ဦးချစ်ခိုင်-ဒေါ်ခင်ပြုံးကြည်၊ ဦးချမ်းအေး၊ ဦးခင်မောင်လှ-ဒေါ်နုနုရီ၊ ဦးစိန်ဝင်း-ဒေါ်မြင့်မြင့်စိန်၊ ဦးမင်းအောင်အေး-ဒေါ်သွယ်သွယ်စန်း၊ ဦးအောင်ထွန်းဝင်း-ဒေါ်အေးညိုတို့၏ဖခင်၊ မြေး ၂၀၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၃၀-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ဗန်းမော်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ဗန်းမော်မြို့ သိမ်မဟာမိုးကုတ်ရိပ်သာ၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသိန်းအောင် (သာသနာရေး)

တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဘီအေ(၁၉၅၇)

အသက်(၈၁)နှစ်

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) စတင်တည်ထောင်သူ တစ်ဦး (နာယက)၊ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့၊ တနင်္ဂနွေသန့်ရှင်းရေးအသင်း စတင်တည်ထောင်သူတစ်ဦး၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာကျောင်းသား/ကျောင်းသူများအသင်း(၁၉၅၆)၊ အမှတ် ၂၁၊ ကမ္ဘာအေးဘုရားလမ်း၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး၊ ရန်ကုန်(ဒုတိယဥက္ကဋ္ဌ)၊ ဗဟန်းဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ရန်ကုန်(အဖွဲ့ဝင်)၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာဝိနည်းစာတော်ပြန်ဌာန၊ ဥပဏ္ဍမွကအဖွဲ့(သင်တန်းပြဆရာ) ယခင် သံဃာ့တက္ကသိုလ်၊ ကမ္ဘာအေးကုန်းပြင်(သင်တန်းပြဆရာ) ယခင် လူငယ့်တက္ကသိုလ်(ဗလစ) ရွှေဂုံတိုင်(သင်တန်းပြဆရာ)ယခင် ဦးပြည်သိမ်းတက္ကသိုလ်၊ တောင်ဥက္ကလာပ၊ ကြို့ပင်ကောက်မြို့၊ အရှေ့ပဲခူးရိုးမ၊ ရန်အောင်မြင်ကျစွာ စေတီတော်ကြီး၏ ဒါယကာ (ဦးစိန်-ဒေါ်မမကြီး)တို့၏သား၊ ငါးသိုင်းချောင်းမြို့၊ (အတွင်းဝန်သီရိပုံချီ ဦးဘညွန့်-ဒေါ်သောင်းခင်)တို့၏သားသမက်၊(ဦးသက်တင်)၊ (ဦးစန်းလွင်)တို့၏ညီ/အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၂၈)ရပ်ကွက်၊ ဗိုလ်ဖိုးစောလမ်း၊ အမှတ် ၁၀၃၄နေ ဒေါ်နုနုခင်(သာသနာရေးဦးစီးဌာန၊ ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်ကြည်၊ ဦးမောင်မောင်သန့်-ဒေါ်စိုးနုအောင်တို့၏ဖခင်၊ မောင်သန့်အောင်မြလွင်၊ (မတင်တင်ဦး)၊ မောင်ဉာဏ်လှိုင်မျိုး၊ မောင်ဖြိုးမင်းချို-မသီန္တာကို၊ မမေန္တတို့၏ဘိုးဘိုးကြီး၊ ဝေဘူဆရာတော်ကြီးနှင့် ဆရာကြီးဦးဘခင်၊ ဆရာမကြီးဒေါ်မြသွင်၊ ဆရာကြီး ဦးဂိုအင်ကာတို့၏တပည့်၊ အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ တရားပြဆရာသည် ၃-၂-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးရဲကျော်သူ

အသက်(၅၀)

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ လုံးသွယ်လမ်း၊ အမှတ် ၂၅၇နေ ဦးလှုတုတ်(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ အကောက်ခွန်)-ဒေါ်ခင်မူ(အထက်တန်းပြ၊ ငြိမ်း၊ အထက-၃၊ ဗဟန်း)တို့၏ချစ်လှစွာသောသားကြီး၊ ကပ္ပတိန်ကျော်စွာမြင့်(MV STELLA ORCHID)-ဒေါ်မေရီလွင်၊ ဦးဇင်မျိုးကျော်လွင်-ဒေါ်ခိုင်ခိုင်စိန်တို့၏အစ်ကိုကြီး၊ DANIEL ကျော်စွာမြင့်၊ အိမ့်မှူးမျိုးမာန်မောင်၊ ဂျူးဂျူးကျော်စွာမြင့်တို့၏ဘကြီးသည် ၂-၂-၂၀၁၅ရက် နံနက် ဝဝး၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

ဒါယကာကြီး

(သာယာဝတီမြို့နယ်အသင်း၊

နယ်ခံနာယက)

ဦးတင်အေး

(စိန်ပေါလ်ကျောင်းသားဟောင်း)

အသက်(၇၀)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ ကွက်သစ်ရပ်ကွက်၊ လမ်းမတော်နေ ဦးစံမြင့်-ဒေါ်စောတို့၏သား၊ သင်တောရိုးကျေးရွာနေ ဦးတင်ငွေ-ဒေါ်လှိုင်ကြည်တို့၏ သားသမက်၊ ဆရာမကြီး ဒေါ်ခင်ညွန့်၏မောင်၊ ကိုပြည့်ဖြိုးမောင်-မစုမြတ်မွန်၊ ကိုအောင်သူ - မဇာဇာယဉ်မွန်၊ မနှင်းဖူးဝေဝေတို့၏ဖခင်၊ မခင်ဆုဟန်၊ မခေတ်မွန်ဖြိုးတို့၏ဘိုးဘိုးကြီး၊ ဒေါ်မြင့်ရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂နာရီတွင် သာယာဝတီမြို့၊ ဗိုလ်မြဒင်လမ်း နေအိမ်မှ ထောင်ကြီးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစုနှင့် သာယာဝတီမြို့နယ်အသင်း

ဒေါ်ကြည်ကြည်ဝင်း(ခ)

ဒေါ်ကြည်

အသက်(၅၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်ကျူစမ်းရွာနေ ဦးမြသောင်း - (ဒေါ်စစ်)တို့၏ သမီးကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်း ဌေးကြွယ် (က)ရပ်ကွက်၊ ကျိုက္ကဆံလမ်းနေ (ဦးထန်းစိန်-ဒေါ်မြကြည်)တို့၏သမီးချွေးမ၊ ဒေါ်မြင့်သိန်း၊ ဦးသောင်းတင်-ဒေါ်နန်းခင်၊ ဦးမျိုးမင်းထိုက် - ဒေါ်သိန်းသိန်းရီတို့၏ အစ်မ၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် ၁၇လမ်း၊ အမှတ် ၁၃၅/ကနေ ဦးရဲဝင်းအောင်၏ ချစ်လှစွာသောဇနီး၊ မခင်သူဇာဝင်း၊ မောင်ဝင်းထွဋ်-မခင်သန္တာဝင်းတို့၏မိခင်ကြီးသည် ၃-၂-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၆း၃၀နာရီတွင် O.S.C ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကုန်သစ် ဘုရင့်နောင် ၁၇လမ်း၊ အမှတ် ၁၃၅/က နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆွေးနွေး

နေပြည်တော်　ဖေဖော်ဝါရီ　၃

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံဝန်ကြီးချုပ်၏ စွမ်းအင်ဆိုင်ရာအကြံပေး ဒေါက်တာ တောဖစ်၊ အီ အီလာဟီချော်ဒရီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ ဦးအောင်ထွေးတို့တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံဝန်ကြီးချုပ်၏ စွမ်းအင်ဆိုင်ရာ အကြံပေးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး မိုဟာမက်ဆူဖီရာရာမာလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံဝန်ကြီးချုပ်၏ စွမ်းအင်ဆိုင်ရာအကြံပေး ဒေါက်တာ တောဖစ်၊ အီ အီလာဟီချော်ဒရီအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံဖြစ်တည်လာသော ပြည်ထောင်စုနေ့

ဆောင်းပါး စာမျက်နှာ » ၆

အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ရတနာပုံနှင့်ဝါရီယာအသင်းတို့ ယနေ့ကစားမည်

ဖိုးသော်ဇင်

ရန်ကုန်　ဖေဖော်ဝါရီ　၃

အာရှချန်ပီယံလိဂ်ပြိုင်ပွဲ Play-off ပထမအဆင့်ပွဲစဉ်ကို ဖေဖော်ဝါရီ ၄ ရက် ယနေ့ညနေ ၄ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိဘောလုံးကွင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် စင်ကာပူကလပ် ဝါရီယာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရတနာပုံအသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ယခုအကြိမ်မှ စတင်ယှဉ်ပြိုင်ခွင့် ရရှိခြင်းဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။ ဝါရီယာအသင်းသည် စင်ကာပူလိဂ်၏ ထိပ်တန်းအသင်းဖြစ်ပြီး စင်ကာပူ လက်ရွေးစင်ဟောင်းများ ဖြစ်သည့် ဘန်းနက်၊ ရှီကျားယီတို့ပါဝင်ကစားလျက်ရှိသည်။ ဝါရီယာအသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို တတိယအကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

ရတနာပုံအသင်း နည်းပြချုပ် ဦးခင်မောင်တင့်က ယခုပြိုင်ပွဲမှာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်သောကြောင့် ကစားသမားများကို ပိုမိုကြိုးစားရန်မှာကြားထားကြောင်း၊ ထို့အပြင် အိမ်ကွင်း၌ကစားရမည်ဖြစ်သောကြောင့် ပရိသတ်များအတွက် နိုင်ပွဲရယူပေးနိုင်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ပရိသတ်များအနေဖြင့်လည်း အသင်းအနိုင်ရရှိရေး တစ်ခဲနက်အားပေးစေလိုသော်လည်း စည်းကမ်းတကျအားပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ဝါရီယာအသင်းသည် တောင့်တင်းသည့်အသင်းဖြစ်၍ ခက်ခဲမည်ဖြစ်သော်လည်း ဒုတိယအဆင့် တက်ရောက်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဝါရီယာအသင်း နည်းပြဝီမာက ရတနာပုံအသင်းသည်

စာမျက်နှာ ၃ ကော်လံ ၅ ◆

ရတနာပုံအသင်းနှင့် ယှဉ်ပြိုင်မည့်စင်ကာပူကလပ်ဝါရီယာအသင်း။

မြို့နယ်ချင်းဆက် မှူးမြစ်ကူးတံတားအမှတ်(၂) တည်ဆောက်

ရွှေဘို　ဖေဖော်ဝါရီ　၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်နှင့် ကောလင်းမြို့နယ်တို့ ဆက်သွယ်ထားသော အိမ်ခြေ-ယင်းတိုက် မှူးမြစ်ကူးတံတား အမှတ်(၂)ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မှူးမြစ်ကူးတံတားအမှတ်(၂)ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့က တာဝန်ယူဆောက်လုပ်ပြီး အရှည်ပေ ၆၅၀၊ အကျယ်ပေ ၃၀ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ကျေးရွာတွေမှာ အရင်ကတစ်ရွာနဲ့တစ်ရွာ ကူးသန်းရာမှာ လှေနဲ့သွားရပါတယ်။ အခုမှူးမြစ်ကူးတံတားဆောက်လုပ်ပြီးရင် ကျွန်းလှမြို့နယ်၊ ကောလင်းမြို့နယ်နဲ့ ကန့်ဘလူမြို့နယ်ချင်းဆက်ကျေးရွာတွေကို အချိန်မကုန်ဘဲ သွားလာရေးလွယ်ကူပြီး ကျေးရွာတွေဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

မျိုးဝင်းညို(ကျွန်းလှ)

ကျောင်းသင်ခန်းစာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ အချပ်ပို (က) နှင့် (ခ) တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာ သမိုင်းဘာသာ သင်ခန်းစာ ပါရှိပါသည်။

CLAIMS DAY NOTICE
M.V SPRING WIND VOY:NO(29)

Consignees of cargo carried by M.V SPRING WIND VOY: NO. (29) are here by notified that the vessel will arrive on about 6-2-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၇၈၊ ၂၃၀၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
R/488

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ

သိမှတ်ဖွယ်ရာ သမိုင်းဘာသာ

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေ ညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့ နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီးတစ်သင်းထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀ မှာ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများရဲ့ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အားပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်အစိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာအစည်းအရုံး"ရဲ့ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေး၊ တွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေး၊ တွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် (ခရစ်နှစ် ၁၉၃၈) ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန် ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေး ဆင်နွှဲတဲ့အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး(၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့အခြေအနေများ၊ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီးလေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေး အရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်း အက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ်ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကိုလေ့လာရာမှာ ကိုလိုနီခေတ် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ်ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေးပေါ်လာတယ်။ ဒီ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်းအုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေး အတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့ အမျိုးသားယာယီအစိုးရဆိုပြီး တွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှု ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နဲ့ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

ဒ့ါအပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင်စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက-

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီအင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာမှ ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့်အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေး လုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒ့ါအပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေးဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက်လေ့လာသင့်တယ်။

အိန္ဒိယမှာလည်း စစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်ရဲ့ ဆွာရက်ဂျ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်းဂန္ဒီနဲ့ ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁ နောက်ပိုင်း ဂန္ဒီရဲ့ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင်တယ်။

အရှေ့တောင်အာရှ အမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက်သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေ့ရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေးမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကိုတွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ -

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း

အချပ်ပို (ခ) သို့

ကျောင်းသင်ခန်းစာ

အချပ်ပို (က)မှ

- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ ဩစတြီးယားကို သိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ဖြစ်တယ်။ ဒါတွေကိုတစ်ခုချင်း လေ့လာရမှာဖြစ်တယ်။ အဆိုပါကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများ ဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအားစုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေးအကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ စတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေးခံယူချက် တူညီမှုမရှိသကဲ့သို့ အမြင်ချင်း တူညီမှုလည်း မရှိတာကိုတွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂။ အန်ဇတ် (ANZUS)
၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)

များ ဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ်အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော(Warsaw)စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂။ ကိုရီးယားစစ်
၃။ စူးအက်အရေးအခင်း
၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ ဖြစ်တယ်၊ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်းခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော် တည်ဆောက်ရေးကြိုးပမ်းမှုများကို လေ့လာသိရှိရမှာ ဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ်၊ စုစုပေါင်း (၁၀) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို 'မှား' သို့မဟုတ် 'မှန်' ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင်ရေးပါ' ဟူ၍ဖြစ်ပြီး 'မှား' သို့မဟုတ် 'မှန်' ကိုရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) ၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂) ပုဒ်နဲ့ ကမ္ဘာ့ သမိုင်း (၃) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ခ)မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄)ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို (၄)ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတိုတစ်ပုဒ်ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ) မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅)ပုဒ်ပါရှိမှာ ဖြစ်တယ်။ ယင်း (၅)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂)ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ)မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ်ပါရှိမှာဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀) မှတ်ဖြစ်တယ်။

ကျောင်းသား ကျောင်းသူများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ်ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကို အလေးပေးလေ့လာရန်
၄။ မေးခွန်းကို သေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာ ဖြေဆိုရန်

ဖြစ်ကြောင်း တင်ပြရင်း ပို့ချချက်ကိုရပ်နားလိုက်ပါတယ်။

ဒေါက်တာမာဂရက်ဝေါင်း
ပါမောက္ခ၊ (ဌာနမှူး)
သမိုင်းဌာန
ရန်ကုန်တက္ကသိုလ်

PMP
Practice Makes Perfect

စတုတ္ထတန်းနှင့် အဋ္ဌမတန်း နမူနာနှင့် ခန့်မှန်းမေးခွန်း ၅ စုံကို တစ်ခဲနက် ဝယ်ယူအားပေးကြသော အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများအား PMP မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။
စာအုပ်အချိန်မီ ဝယ်ယူမရရှိလိုက်သော မိဘပြည်သူများအတွက်
PMP မိသားစုမှ ကျေးဇူးတုံ့ပြန်သောအားဖြင့်
www.mmcloudschooling.com website တွင်
ဝင်ရောက်ကြည့်ရှုပြီး မေးခွန်း ၅ စုံနှင့် အဖြေများကို အခမဲ့ Download
ဆွဲ၍ ရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။
အထက်ဖော်ပြပါ website တွင် ဂျူပီတာစာပေမှ ထုတ်ဝေသော (၂၀၁၅) ခုနှစ်
တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ လေ့ကျင့်ရန်
မေးခွန်းကောင်းများကိုလည်း ထည့်သွင်းထားပါသည်။
ဖြန့်ချိရေး ။ PMP ဂျာနယ် ဖုန်း - ၀၉ ၄၂၅၃၂၇၄၁၃၊ တာပေလောက ၆၊ ဖုန်း - ၀၉ ၇၃၀၁၃၉၆၅

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ဃ/၃၅၇၀၅ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီအေး ၉/တတဥ(နိုင်)၀၀၈၄၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊
မြေတိုင်းရပ်ကွက် အမှတ် ၁၉သမိုင်း၊ မြေကွက်အမှတ် ၂၀/ခ၂-B၊
မြေပိုင်မြေ၊ အကျယ်အဝန်း ၁ဒသမ၉၈၇ ဧကမြေကွက်အတွင်း၌
ကန်ထရိုက်တိုက်အဆောက်အအုံများဆောက်လုပ်နေခြင်းနှင့်ပတ်သက်၍
အများသိရှိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ ပစ္စည်းစာရင်းရှိမြေကွက်မှာ မိခင်ဒေါ်သန်းထံမှ သားသမီးများက အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်ဖြင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်လွှဲပြောင်းခြင်းမှတ်တမ်းအရ လွှဲပြောင်းအမည်ပေါက်ရရှိ ပိုင်ဆိုင်ခွင့်ရရှိထားသော မြေကွက်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၉သမိုင်း၊ မြေကွက်အမှတ် ၂၀/ခ၂-B၊ မြေပိုင်မြေ၊ ဧရိယာ ၁ဒသမ၉၈၇ဧကရှိမြေကွက်အတွင်းရှိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၃ရပ်ကွက်၊ ရွှေမဥ္ဇူ ၁လမ်း၊ ၂လမ်း၊ ၃လမ်း၊ ဗိုလ်ချုပ်လမ်း၊ ခိုင်ရွှေဝါလမ်းဟုခေါ်တွင်သောလမ်းများ၌ မြေပိုင်ရှင်မသိရှိဘဲ စည်ပင်ခွင့်ပြုချက်မဲ့၊ ကန်ထရိုက်အဆောက်အအုံ များဆောက်လုပ်နေသူများအပေါ်၌ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်း ခရိုင်တရားရုံးတော်တွင် တရားမကြီးမှုများ စွဲဆိုထားပြီးဖြစ်ကြောင်းနှင့်၎င်းတိုက်အဆောက်အအုံ များရှိ တိုက်ခန်းများဝယ်ယူသူများအနေဖြင့် ရောင်းမှား၊ ဝယ်မှား၊ လွှဲပြောင်းခြင်းများ မဖြစ်ကြစေရန်အတွက် အများသိရှိစေရန် အသိပေးဖော်ပြကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှချို(တရားလွှတ်တော်ရှေ့နေ)(စဉ်-၅၅၅၄/၉၁)
(B.Sc,H.G.P,R.L,D.B.L,D.M.L)

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ည)၊ မြေကွက်အမှတ် ၅၆၁၁/၂၊ မြေကွက်တည်နေရာအမှတ် ၅၆၁၁/၂၊ ခေမာကျောင်းလမ်း၊ (ဒေါ်သန်းသန်း ဘီအက်ဖ် ၀၁၃၃၁၄) အမည်ပေါက်နှစ်၆၀ဂရန် မြေအား အမည်ပေါက် မိခင်ဒေါ်သန်းသန်း၊ ဖခင်ဦးတိုးလှိုင် ကွယ်လွန်သဖြင့် ဒေါ်အေးအေးဝင်း ၃/လဘန(နိုင်) ၀၀၃၇၄၆၊ ဒေါ်လဲ့လဲ့ဝင်း ၁၂/ ဥကမ(နိုင်)၀၅၅၆၇၅၊ ဦးသန်းလှိုင် ၁၂/ဥကတ(နိုင်) ၁၂၄၁၉၃၊ ဦးသိန်းလှိုင် ၁၂/ဥကမ(နိုင်)၁၆၀၃၄၇၊ ဒေါ်နီလာလှိုင် (ခ) ထွေးထွေးမာ ၁၂/ဥကမ (နိုင်)၀၅၅၆၇၄ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

Tender No. 32/DHPI/Transmission Line/2014-2015.

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ၁၁ ကေဗွီဓာတ်အားလိုင်းပစ္စည်းများအား D.D.P (Paung Laung)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၉-၂-၂၀၁၅ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) အား ယင်းနေ့ ၁၃း၀၀နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြည့်၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။ ပစ္စည်းလက်ဝယ်ရှိသူအား ဦးစားပေးဝယ်ယူမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၆၇-၄၁၃၈၇၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
ချင်းပြည်နယ်ကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ချင်းပြည်နယ်၊ ကျန်းမာရေးဦးစီးဌာနအောက်ရှိ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ၊ မိခင်ကလေးကျန်းမာရေးဌာနများ၊ ကျောင်းကျန်းမာရေးဌာနများအတွက် ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါကို ၁၆-၂-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထားပြီး သတ်မှတ်ချက်အတိုင်း ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ လူကိုယ်တိုင်လာရောက် တင်သွင်းနိုင်ပါသည်။အသေးစိတ်သိရှိလိုပါက အချက်အလက်များအား ချင်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ဟားခါးမြို့ ဖုန်း-၀၇၀-၂၁၀၂၀၊ ၀၇၀-၂၁၄၅၅၊ ၀၉-၄၀၀၃၀၃၃၉၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သက်ဆိုင်ရာကျန်းမာရေးဌာနများသို့ ၉-၃-၂၀၁၅ ရက်အရောက် ဆေးနှင့်ဆေးပစ္စည်းများ နောက်ဆုံးထားပေးပို့နိုင်သူများသာ လျှောက်ထားရန်ဖြစ်ပါသည်။

ချင်းပြည်နယ်ကျန်းမာရေးဦးစီးဌာန
ချင်းဦးစီးရပ်၊ ဟားခါးမြို့

IGCSE မေးခွန်းလွှာသင်ကြားလေ့ကျင့်မှု

2015 - May IGCSE (Physics, Maths-B, Pure-Maths)
တို့ကို မေးခွန်းဟောင်းများဖြင့် သင်ကြားလေ့ကျင့်ပေးမည်။

Home tuition available

SAYA PHILLIP

Ph:09 430 43349

ရောင်းမည်

သံလျင်မြို့နယ်၊ ပြည်တော်အေးလမ်း ... (၃)လမ်းရှိ တိုက်ခန်းများကို အမြန်ရောင်းမည်။ ...

ဖုန်း- 09-250018413, 09-73095677

ဦးကျော်ဇေယျ

စာအုပ်ဆိုင်များတွင်မေးဝယ်ပါ။

ကျောက်ကပ်ပျက်စီး၍ဆေးနေရသည့်လူနာများအတွက်
ရောဂါပျောက်ဆေးနည်း အခမဲ့ပေးမည်
မြက်ကြွပ်ပင်အိုးလည်းလှူပါမည်-

ရေနှင့် ဖရဲသီးအပါအဝင် သဘာဝပစ္စည်း(၅)မျိုးကို စနစ်တကျ ခြောက်ပတ်စားပြီးနောက် မြက်ကြွပ်ပင်များကို စနစ်တကျပြုတ်၍ သောက်ခြင်းဖြင့် ကျောက်ကပ်ပျက်စီး၍ ဆေးနေရသူများ သိသာစွာရောဂါကို သက်သာပျောက်ကင်းစေပါသည်။ ကျောက်ကပ်ထဲ၌ ကျောက်တည်နေလျှင်လည်း အရည်ပျော်ပြီး ဆီးနှင့်အတူ ထွက်ကျလာပါမည်။ မြက်ကြွပ်ပင်အိုးကိုလည်း လှူနေပါသည်။

ဆေးနည်းအပြည့်အစုံသိရှိလိုပါက **ဦးသန်းဝင်း၊ အာဆီယံအင်ဂျင်နီယာ၊ အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊ ဖုန်း-၀၉-၅၀၇၀၁၅၇** ကို ကာယကံရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ကွန်ပျူတာပုရောဟိတ်

... A.G.T.I(Mech.Engg) ... 095179128
0931079394/09972228316/0931300995(Viber)နှင့် 09972122177

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့်
ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက် (၁/၂၀၁၅)
နေပြည်တော်၊ ၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၂ရက်
(၂၀၁၅ခုနှစ် ဇန်နဝါရီ ၆ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့်မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၅ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များ၊ မိုးမိတ်ဒေသ၊ မိုးဟောက်ကွက်ရပ်ရှိ (သရက်စု) သတ်မှတ်(အသစ်)လုပ်ကွက်များ၊ လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများရှိ လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများနှင့် နန့်ယားဆိပ်ဒေသတို့တွင် လုပ်ကိုင်ခွင့်ပြုခဲ့သည့် ၂၀၁၃ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများတွင် သက်တမ်းကုန်သည့် လုပ်ကွက်များကို ကြေညာချက် ၃/၂၀၁၃ဖြင့် ဈေးပြိုင်အဆိုပြုလွှာခေါ်ယူခဲ့သော်လည်း ၃၁-၅-၂၀၁၂ရက်မှစ၍ တူးဖော်မှုရပ်နားထားခဲ့ရသည့်အတွက် ၎င်းအဆိုပြုလွှာများကို ဖွင့်ဖောက်ခြင်းမပြုခဲ့ပါ။ ၎င်းလုပ်ကွက်များကို ရပ်နားကာလအလိုက် သက်တမ်းတိုးပေးပါက ၂၀၁၅ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်လများတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ကြေညာချက် ၃/၂၀၁၃တွင် တင်သွင်းခဲ့သော အဆိုပြုလွှာများကို ပယ်ဖျက်၍ ၎င်းကြေညာချက်ဖြင့် ဈေးပြိုင်ခေါ်ယူခဲ့သည့် လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများနှင့် နန့်ယားဆိပ်ဒေသတို့ရှိ သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ- ၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ထပ်မံကြေညာခေါ်ယူ၍ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်ကအသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၂ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက် ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၂ရက်မှ ဖေဖော်ဝါရီ ၁၁ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၅။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၆။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၇။ ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများအားလုံးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ သက်ဆိုင်ရာရတနာနယ်မြေများအလိုက် ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများကို မိုးကုတ်မြို့နှင့် မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများတွင်လည်းကောင်း၊ ဖားကန့်မြို့၊ မိုးညှင်းမြို့နှင့် ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးစခန်းများတွင်လည်းကောင်း ကြေညာသင်ပုန်းများတွင် ကြော်ငြာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၎င်းဌာနများသို့သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

"သတိပေးတားမြစ်ခြင်း"

[illegible]

... ဦးအောင်နိုင်ထွန်း (LL.B) ...

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိပ်ကုန်းရပ်ကွက်၊ မြေကွက်အမှတ် (၅၃၅-စီ)၊ ဦးပိုင်အမှတ် ၄၉၊ မြေဧရိယာအကျယ်အဝန်း ၃ဒသမ၁၉ရှိမြေကို ပိုင်ဆိုင်အကျိုးခံစားသူ ဦးသန်းထွန်း ၁၂/ကတတ(နိုင်)၀၂၁၄၈၃ ထံမှ အရောင်းအဝယ်ပြုလုပ်ကာ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော (စရန်ငွေ)ကို ကျွန်ုပ်၏မိတ်ဆွေက ပေးချေခဲ့ပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်(မန္တလေး)LL.B**(အထက်တန်းရှေ့နေ)**
အမှတ် ၉/၁၁၊ ၃ဘီ၊ မြေညီ၊ ၃၆လမ်း(လမ်းတို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၆၂၉၉၀

ရောင်းရန်ရှိသည်။

အသုံးပြုနေဆဲ ပလတ်စတစ် PET ဘူးမှုတ်စက် (Blowing Machines) ကျူထုတ်စက်၊အဖုံးထုတ်စက် (Injection Machines -260 PET ,380 PETများရောင်း ရန်ရှိသည်။ဆက်သွယ်ရန် -၀၁၊ ၆၁၈၂၉၀ ၊ ၆၁၈၂၉၁ (Ext : 102) သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပါရန်။

HamsaHub Consulting is looking to recruit for the following positions;

Monitoring and Evaluation Advisor - 3 positions

Skills and Experience Requirements

- University degree or experience in a relevant subject such as Management / Development Studies / Business Administration / Economics or in a relevant technical subject
- Strong working knowledge of English (spoken and written)
- 1-2 years work experience on the monitoring and evaluation of development programmes.
- Demonstrated experience with data collection and analysis (quantitative and qualitative).
- Strong analysis and reporting skills.
- Team-player with good inter-personal skills.
- Proficient in computer packages – Microsoft Word, Powerpoint, Excel and email.

Workplace: Based at HamsaHub office in Yangon, Myanmar. Some travel to other regions of Myanmar and occasional overseas travel may be required.

Application Process: Interested persons are requested to send a professional CV,and expected salary by email addressed to yinmyoe.thu@hamsahub.com.Recruitment is on-going and applications will be reviewed soon after they are received and suitable candidates invited for interview. Early application is advised.

HamsaHub Consulting is an equal opportunities employer.

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

မောင်ပြည့်ဖြိုးအောင် (အရောင်းမန်နေဂျာဟောင်း) မှတ်ပုံတင်အမှတ် ၇/ညကလ(နိုင်) ၁၃၈၂၂၃ နှင့် ဖောက်သည်လုပ်ငန်းရှင်များ သိသာပါရန်။

Buddy Boy နှင့် 1st Generation ရှပ်အင်္ကျီများ ဖြန့်ဖြူးရောင်းချလျက်ရှိသော Diamond Aces Services Co., Ltd မှ ယခင်အရောင်းမန်နေဂျာ မောင်ပြည့်ဖြိုးအောင်သည် ကုမ္ပဏီသို့ ပေးဆပ်ရန် ကြွေးကျန်များနှင့် စာရင်းရှင်းလင်းရန် ၊ ကုမ္ပဏီပိုင် ပစ္စည်းများအား ပြန်လည်အပ်နှံရန် ကုမ္ပဏီသို့ လာရောက်ရန် ဆက်သွယ်ခေါ်ယူခဲ့သော်လည်း အကြောင်းအမျိုးမျိုးဖြင့် ရှောင်တိမ်းနေပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစ၍(၇) ရက်အတွင်း ကုမ္ပဏီသို့ ပေးဆပ်ရန်ငွေကြေးများကို ပြန်လည်ပေးဆပ်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများအား ပြန်လည်အပ်နှံရန် မောင်ပြည့်ဖြိုးအောင်အား အကြောင်းကြားအပ်ပါသည်။

အထက်ပါ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကုမ္ပဏီသို့လာရောက်ဆက်သွယ်ခြင်း၊ ကြွေးကျန် ပေးဆပ်ခြင်းမရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကုမ္ပဏီနှင့်သက်ဆိုင်သည့် လုပ်ငန်းကိစ္စများကို မောင်ပြည့်ဖြိုးအောင်နှင့် လုံးဝဆက်သွယ် ဆောင်ရွက်ခြင်း မပြုလုပ်ကြပါရန်နှင့် ဖုန်းနံပါတ် [illegible] သို့သာ တိုက်ရိုက် ဆက်သွယ်ဆောင်ရွက်ကြပါရန် ဖောက်သည်လုပ်ငန်းရှင်များအား မေတ္တာရပ်ခံ အကြောင်းကြားအပ်ပါသည်။

Diamond Aces Services Co., Ltd

ကြော်ငြာ

မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

Myanmar Construction And Development Public Co.,Ltd. (MCD)

Logo Design ပြိုင်ပွဲဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်အသင်းဝင်များစုပေါင်း၍ **မြန်မာဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MCD)ကို ၃၁-၁၂-၂၀၁၄ရက်တွင် ကုမ္ပဏီမှတ်ပုံတင်ဖွဲ့စည်းခွင့်ရရှိပြီး ဖြစ်ပါသည်။**

အဆိုပါ (MCD)ကုမ္ပဏီအတွက် ခေတ်မီဆန်းသစ်သော မြန်မာ့ဆောက်လုပ်ရေးလောက၏ ပြယုဂ်အဖြစ်ပေါ်လွင်စေရန် ဖန်တီးထားသော Logo အား အဆိုပြုရေးဆွဲပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကျွန်တော်များ ရွေးချယ်ရေးကော်မတီမှ ရွေးချယ်ခံရသော Logo Design အား ချီးမြှင့်ငွေအဖြစ် **ကျပ် ၂၀၀၀၀၀၀/-(သိန်းနှစ်ဆယ်တိတိ)ဖြင့် ဂုဏ်ပြုမည်ဖြစ်ပါသည်။**

လူကြီးမင်းများ၏ Logo Design တစ်မျိုး သို့မဟုတ် နှစ်မျိုးကို ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စည်းကမ်းချက်များ

၁။ Logo Design အကြီးဆုံး (A4)Size အတွင်းနှင့် အသေးဆုံး (4"x4") အတွင်း ရေးဆွဲရမည်။

၂။ ပြိုင်ပွဲဝင်ပုံကို Soft Copy & Hard Copy ဖြင့် ပေးပို့ရမည်ဖြစ်သည်။

၃။ မိမိကိုယ်တိုင်ဖန်တီးရေးဆွဲထားသော Logo Design ဖြစ်ကြောင်း လက်မှတ်ရေးထိုးဖော်ပြရမည်။

၄။ နှစ်သက်ရာရေးနည်းဖြင့် ရေးဆွဲနိုင်ပါသည်။

၅။ ဆက်သွယ်ရန် အမည်၊ မှတ်ပုံတင်နံပါတ်၊ လိပ်စာ၊ ဖုန်းနံပါတ်တို့ကို ပြည့်စုံစွာဖော်ပြရမည်။

ပေးပို့ရမည့်လိပ်စာ

မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီ

အမှတ်(၃)၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၅၇၈၅၄၇၊ ၅၆၀၇၂၅ **Email:mcdyangon2015@gmail.com**

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

မူဆယ်ခရိုင်တရားရုံးတော်၌

၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၁

ကွယ်လွန်သူ မူဆယ်မြို့၊ တောင်ရပ်ကွက်၊ အမှတ်(တ/၄၄)နေ ဦးစိုင်းအိုက်၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

ဒေါ်နန်းခင်ဌေးကြည် **လျှောက်ထားသူ**

မူဆယ်မြို့၊ တောင်ရပ်ကွက်၊ အမှတ်(တ/၄၄)နေ ဒေါ်နန်းခင်ဌေးကြည်က ကွယ်လွန်သူ ဦးစိုင်းအိုက်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ မူဆယ်မြို့၊ တောင်ရပ်ကွက်၊ အမှတ်(တ/၄၄)ရပ်နေ ၄င်းကွယ်လွန်သူ ဦးစိုင်းအိုက်ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးစိုင်းအိုက်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၀ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဒေါ်နန်းခင်ဌေးကြည်၏ လျှောက်ချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ကျော်)
ဒုတိယခရိုင်တရားသူကြီး(၂)
မူဆယ်ခရိုင်တရားရုံး

သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ခြင်း

မွန်ပြည်နယ် မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်(၄၆)ဝင်း၊ ဒိုဘီချောင် (၂/A)နေ ဦးရာမား(ခ)ဦးတင်အေးနှင့် ဒေါ်ရာသား(ခ)ဒေါ်စောသီတို့၏ သမီး အမိုးလေး(ခ)မဇင်မာအေးသည် ကွယ်လွန်သူဖခင်၏မျက်နှာနှင့် ဂုဏ်သိက္ခာကိုမထောက်၊ မိခင်ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်နှင့် ညီအစ်ကို မောင်နှမများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအတိုင်း ပြုမူသွားကာ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ရာသား(ခ)ဒေါ်စောသီ

TTN-၁၉၃၃၁၇

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်အောင်မိုး ၁၀/ခဆန(နိုင်)၀၆၅၉၆၃ ၏ Psno (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၃၇၀၈၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၀၅

ဦးနိုင်ဝင်း	**နှင့်**	၁။ ဦးပါမောက်
(၄င်း၏အခွင့်ရကိုယ်စားလှယ်		၂။ ဒေါ်မို့မို့
ဒေါ်နှင်းဝတ်ရည်)		၃။ ဦးစိုးမြင့်
တရားလို		**တရားပြိုင်များ**

- ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ ၆လမ်း၊ အမှတ်(၁၃၁၄/၁၄၁၆)နေ ဦးပါမောက်
- ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၃၀၈)နေ ဒေါ်မို့မို့
- ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးမင်းလမ်း၊ အမှတ်(၁၁၂/၁)နေ ဦးစိုးမြင့် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလို ဦးနိုင်ဝင်း (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နှင်းဝတ်ရည်)က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်သန်းဝင်း)
မြို့နယ်တရားသူကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

အမှတ် စီ ၂/၂၇၊ ဦးဝိစာရလမ်း၊ စီးပွားရေးဖွံ့ဖြိုးမှုဇုန်၊ ၃၄/တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/တိုးချဲ့၊ မြေကွက်အမှတ် စီ ၂/၂၇၊ ဧရိယာ ၀ဒသမ ၀၅၅ဧကအကျယ်ရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေကွက်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ထွဋ်အောင်(ခ)ဦးနေအောင် ၁၂/ဒဂန(နိုင်)၀၁၈၇၂၆ထံမှ ကျွန်ုပ်မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂

အမှတ် ၅၆၁၊ M.A.C Tower၊ အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မီးသေ ဆုံးဖြတ်ချက်ဆိုင်ရာ ဥပဒေ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅/သမိုင်း၊ မြေကွက်အမှတ် ၂/င၊ မြေကွက်တည်နေရာအမှတ်(၃၃/စီ)၊ ရတနာလမ်းသွယ်၊ ပြည်လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ် ဦးအေးလှိုင်အမည်ပေါက် (B)မြေအား အမည်ပေါက်ဦးအေးလှိုင်မှာ ၁၄-၂-၁၉၉၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄င်း၏ဇနီး ဒေါ်ရီမ်းကြည် ၁၂/မရက(နိုင်)၀၆၉၉၄၀၏ G/P-၂၈၆၂၀/၂၀၁၄ (၂၂-၁၀-၂၀၁၄) ရရှိသူ ဦးတင်နိုင် ၁၂/ဗဟန(နိုင်)၀၉၀၃၇၈ မှ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အရောင်းအဝယ်စာချုပ်၊ ၁၈၁/က/၁၉၆၃ (၁၁-၃-၁၉၆၃)တို့တင်ပြ၍ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ-၃(က) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

(IADCS)

(Final P II UM II)

---

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဒေါက်တာမြင့်နိုင် (ခွဲစိတ်အထူးကုဆရာဝန်ကြီး)

ခုတင်(၂၀၀)ဆံ့ဆေးရုံ ပျဉ်းမနားမြို့

သဘောကောင်း၊ မနောဖြူ၊ စေတနာပြည့်ဝလွန်းတဲ့မိတ်ဆွေကြီး ကွယ်လွန်သွားသည်မှာ ၄-၂-၂၀၁၅ရက်တွင် (၁)လပြည့်သော်လည်း နေ့တိုင်းလွမ်းနေမိပါတယ်။ မိတ်ဆွေကြီးနှင့် အတူရှိနေစဉ်က အမှတ်တရများအားလုံးကိုလည်း အောက်မေ့သတိရနေလျက်ပါ။ ကျွန်တော်တို့ ပြုသမျှကောင်းမှုကုသိုလ်အစုစုကို အမျှပေးဝေပါတယ်။ မိတ်ဆွေကြီး ကောင်းရာဘုံဘဝမှ သာခုခေါ်နိုင်ပါစေ။

သူငယ်ချင်းများ- ဦးလှမော်(ဆရာမော်-တိုင်းရင်းဆေး)
ဦးခင်မောင်ဌေး(လ.ဝ.က)၊ ကိုသိန်း